
www.burmeseclassic.com



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ
ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍
စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည်
နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ်၊ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊
အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး



www.burmeseclassic.com

www.burmeseclassic.com





| | |
|---|---|
| စာမူခွင့်ပြုအမှတ် | ၅၀၁၆ရ၃၁၁၀၉ |
| မျက်နှာဖုံးခွင့်ပြုအမှတ် | ၅၀၁၆၄၂၁၂၀၉ |
| ထုတ်ဝေသူ | ဦးသစ်လွင်၊ ဂန္ဓါမြိုင်စာပေ |
| ပုံနှိပ်သူ | ဦးကျော်ရှင်(ရွှေမြသော်)၊ ဦးမြင့်ဇေ(ကံသာ)ပုံနှိပ်တိုက် |
| အတွင်းဖလင် | ကိုနေလင်း(ထက်အာကာကျော်) |
| မျက်နှာဖုံးပြုလုပ်သူ | လူဇော်သစ် |
| လိုဂိုနှင့်အတွင်းသရုပ်ဖော် | မောင်နိုး |
| မွမ်းမံပြင်ဆင် | အိမ်မက်ကုန်သည် |
| စာအုပ်စီစဉ် | အေအမ်ကေ |
| ဖြန့်ချိရေး | စိုးမိုးစာပေ |
| စာအုပ်ချုပ် | ပပဖိုး |
| ပုံနှိပ်ခြင်း | ၂၀၁၀ဇန်နဝါရီ ပထမအကြိမ် |
| အုပ်ရေ | ၅၀၀၊ |
| တန်ဖိုး | ၁၃၀၀ ကျပ် |

'ရန်သူတွေလို
တို့...တွေ့ဆုံပြီး
မိတ်ဆွေတွေလို
တို့ လမ်းခွဲကြမယ်၊
တော့ဒီ...
'နားလည်မှု' ဆိုတဲ့
အရိပ်ရဲ့အောက်မှာ...။ ။'



www.burmeseclassic.com

www.burmeseclassic.com

# FIRST HALF

BURMESE CLASSIC .com

၁

ဒိုက်ပူဘတ်(စ်)ကားအိုကြီး
ပြည်ထောင်စုကုန်းကျော် တံတားအပေါ် တရွေ့ရွေ့
အော်မြည်ရင်း ရုန်းကန်တက် နေတုန်းမှာပဲ. . . .

ပေစုတ်စုတ်ကျင်းဘောင်းဘီဝတ်ပြီးဦးထုပ်ပိုက်ပိုက်
ဆောင်းထားတဲ့ပြဿနာဟာကျွန်တော့်မြင်ကွင်းထဲ
တိုးဝင်လာတယ်။

ပြဿနာငနဲဟာစံပြဈေးမတိုင်ခင်ကတည်းက
ကားပေါ်ပါလာတာ ဖြစ်နိုင်ပေမယ့် ကျွန်တော်ကတော့ခု
သတိထားလိုက်မိတာပါ။

သူဟာဘေးနားကစက်ရုံပြန်အလုပ်သမလေးအပေါ်
လိုအပ်တာထက်ပိုပြီး အခွင့်အရေးယူနေတာကို ကျွန်တော်တ
မကြည့်ချင်ဘဲ တွေ့မြင်နေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘတ်(စ်)ကားအိုကြီး ယိမ်းထိုးလှုပ်ရမ်းသွားတိုင်း၊ ကောင်မလေးကို ဖုခုန်းချင်းတိုက်လိုက် လက်ချင်းထိလိုက်အသားယူနေတဲ့ငနဲဟာ မြန်မာစစ်စစ် တုတ်ခိုင်ရေသလို၊ ဥညာတတ်လူယဉ်ကျေးတစ်ယောက်လည်းဖြစ်ပုံ မရဘူး။

အရင်ကခုလိုကိစ္စမျိုးတွေ မကြာခဏရှိခဲ့ပေမယ့်၊ နောက်ပိုင်းတော့ တိဝိတောဝပျောက်လုနီးပါးနည်းပါးသွားခဲ့တာကြာပါပြီ။

ကျွန်တော်ဟာ ကိုယ်နဲ့မဆိုင်ဘူးလို့ ကိုယ့်ကိုယ်ကို ဆုံးမပြီး အကြည့်တွေကို တခြားလွှဲထားပေမယ့် ရင်ထဲမှာတော့ တနုံ့နုံ့ဖြစ်နေမိတယ်။

'ကားကွေ့မယ်နော်။ ကိုင်ထားကြ၊ ဆင်းမယ့်လူများပါရင် ကိုယ်လေးတွေ ယိမ်းနွဲ့ပြီး ငါးဖယ်တိုးလေးတိုးထား'

ကားဟာ တောင်အုံတက်ကို လုံးလုံးလျားလျားချိုးကွေ့ပြီး မကြာခင် မှာတော့ ကျွန်တော်ဟာစိတ်မထိန်းနိုင်တော့ဘဲ ပြဿနာငနဲဆီ တိုးကပ်သွားပြီး ကျောပုတ်လိုက်တယ်။

'သူငယ်ချင်း... ရှေ့မှတ်တိုင်ရောက်ရင် အောက်ခန ဆင်းစမ်းပါ'

ငနဲက ရန်လိုတဲ့အကြည့်နဲ့ ဖြတ်ခနဲ လှည့်ကြည့်ပြီး။ ကောင်မလေးကတော့ အားကိုးတကြီးလှမ်းကြည့်ပါတယ်။

'ဘာကိစ္စလဲကိုယ့်လူ၊ ငါမင်းကို မသိဘူး'

'မင်းနဲ့ဆွေးနွေးစရာရှိလို့ပါ။ ကဲ... ကားရပ်ပြီ ဆင်းကြရအောင်'

တွန်းတွန်းတိုက်တိုက်နဲ့ အတင်းဆင်းခိုင်းနေတာမို့ ငနဲက မကျေမနပ်နဲ့ 'ကောင်းပြီလေ'လို့ ရေရွတ်ရင်း အပေါက်ဝဆီကို ဦးတည်လိုက်တယ်။

ကားပေါ်က မဆင်းမီ နုတ်ခမ်းကိုစုပြီး ကြွက်စုတ်မြည်သံနှစ်ချက် လုပ်လိုက်တာမို့ ကျွန်တော်ထင့်ခနဲဖြစ်သွားရတယ်။

(ကားပေါ်မှာ သူ့အပေါင်းအသင်းတွေပါလာသေးလား။)

ဒါပေမယ့် ... ကျွန်တော်ကြာကြာစဉ်းစားချိန်မရဘဲ၊ ဆင်းမယ့်ခရီးသည် တွေနဲ့အတူ ပြောပါပြီး ဘတ်(စ်)ကားအောက်ကို ရောက်သွားတယ်။

တဝူးဝူးအော်မြည်ရင်း ဗိုက်ပူတတ်(စ်)ကားပြန်လည်ထွက်ခွာသွားချိန် မှာတော့၊





ပြဿနာငနဲရဲ့ ဘေးတစ်ဖက်တစ်ချက်မှာ ကိုယ်ရံတော်လိုလို သတ်တော် ဆောင့်ကိုဖို့ သူ့ဘော်ဒီနှစ်ယောက်ကိုပါတွေ့လိုက်ရတယ်။

အခြေအနေဟာ ကျွန်တော် မျှော်လင့်မထားတဲ့အနေအထားပါ။

အဖော်နှစ်ယောက်ဟာ ဗလတောင့်တောင့်တွေဖြစ်ပေမယ့် လက်သီး တွေ့ဆုံ မေးကြောတွေတင်းပြီး၊ ရန်ဖြစ်ဖို့ အသင့်တာဆူထားတာကြောင့် ပွဲကြီးကြီး မတိုးပွားသေးဘူးလို့ ယူဆရတယ်။

'ဘာကိစ္စလဲ ဟေ့ကောင်။ မင်းနဲ့ ဘာဆိုင်လို့ ဝင်ရှုတ်တာလဲ'

'ကြည့်မကောင်းဘူးထင်လို့'

'မင်းညီမလား'

'ငါ့ညီမဆို မင်းသေပြီပေါ့'

အဲ့ဒီအချိန်မှာပဲ ကိုယ်ရံတော်ငနဲနှစ်ကောင်က ဖြတ်ခနဲ ပြေးဝင်လာတယ်။

ရုတ်ရုတ်သဲသဲ ရှုတ်ထွေးသွားပေမယ့် အခြေအနေက ထင်သလောက် မဆိုးဘဲ ပွဲကို နိုင်နိုင်နင်းနင်းကျွန်တော်ထိန်းထားနိုင်ခဲ့တယ်။ ဒါပေမယ့် ပြဿနာ ငနဲတာ ပွဲကို ကြာကြာကစားချင်ပုံမရဘူး။

'ရိုက်...ရိုက်...အဲဒီကောင် ခါးပိုက်နှိုက်'

ဘေးကနေ အသံအကျယ်ကြီးနဲ့ ကျူးအော်တယ်။

သွားပြီပေါ့။

ခါးပိုက်နှိုက်ဆိုရင် ဆွမ်းကြီးလောင်းချင်သူတွေက ပွထနေတဲ့ဥစ္စာ။ ကျွန်တော် သူရဲကောင်း မလုပ်ရဲတော့ဘဲ လစ်ခနဲထွက်ပြေးရတော့တယ်။

ဒါတောင် ရန်လိုတဲ့ မျက်ဝန်းတွေက လိုက်ပါလာကြတဲ့ အပြင် ငနဲသုံးယောက်ကလည်း ထပ်ခြပ်မကွာလိုက်ပါလာတယ်။

'ခါးပိုက်နှိုက်ကွ။ မလွှတ်စေနဲ့'

ကြာရင် ကျွန်တော်အမိခံရနိုင်တဲ့အပြင် ဆွမ်းကြီးလောင်းပွဲနဲ့လည်း ကြုံတွေ့ရနိုင်ပါတယ်။ ကားလမ်းကို ဖြတ်ကူးရင်း ဘာလုပ်ရင်ကောင်းမလဲ စဉ်းစားနေတုန်းမှာပဲ....



www.burmeseclassic.com

www.burmeseclassic.com



အမိုးတန်ပစ်တပ်ကားတစ်စီး ကျွန်တော့်နားက ဖြတ်မောင်းတာကြောင့် ကားနောက်ခန်းကို ခုန်တက်လိုက်တယ်။

ဆယ်တန်းအောင်ပြီးစ ယာဉ်နောက်လိုက်လုပ်ခဲ့ဖူးတဲ့ အကျိုးကျေးဇူးက ဒီနေရာမှာ ကျွန်တော့်ကို အကျိုးပြုပါတယ်။

အမိုးဖွင့်ပစ်ကပ်ကားရဲ့ နောက်ခန်းထဲကို ခွေခနဲရောက်ရှိပြီး ကားနဲ့အတူ လိုက်ပါသွားနိုင်ခဲ့တယ်။

ကံကြီးပေလို့ပဲ။

ကျွန်တော်ဟာ ကိုယ့်အဖြစ်ကိုယ်တွေးပြီး ကျောချမ်းသွားသလို နောက်နောင် သူ့ရဲ့ကောင်းမလုပ်မိဖို့လည်း ကိုယ့်ကိုယ်ကို ဆုံးမလိုက်ရတယ်။

ကားဟာ အတော်ဝေးဝေးအထိ ကျွန်တော်ပါလာမှန်းမသိဘဲ မောင်းနေခဲ့ပြီး လူရှင်းတဲ့တစ်နေရာရောက်မှ နောက်ကြည့်မှန်ကတဆင့် တွေ့မြင်သွားပြီး ကားထိုးရပ်သွားတယ်။

ပထမဆင်းလာတာက အမျိုးသားဖြစ်ပြီး ဒုတိယဆင်းလာတာကတော့ အမျိုးသမီးပါ။

'ဟေ့… မင်းဘယ်သူလဲ။ ဘာကြောင့် တို့ကားပေါ်ပါလာတာလဲ'

'ဆောရီးအစ်ကိုရယ်။ အခြေအနေတွေက တွန်းပို့လိုက်လို့ အစ်ကိုတို့ ကားပေါ်ရောက်လာရတာပါ။ အသိမပေးဘဲ လိုက်လာမိတဲ့အတွက် တောင်းပန်ပါတယ်'

ကျွန်တော်ပြေပြေလည်လည် တောင်းပန်လိုက်ပြီး ကားပေါ်က အမြန်ဆင်း လိုက်ချိန်မှာပဲ အမျိုးသမီးဆီက အသံထွက်လာတယ်။

'စောစောက ခါးပိုက်နှိုက်ဆိုပြီး ရုတ်ရုတ်သဲသဲဖြစ်တဲ့နေရာက လိုက်လာတာဖြစ်မယ်။ ဟုတ်ပြီ။ မှတ်မိပြီ။ အဲ့ဒီတုန်းက ရှေ့ကပြေးနေတာ သူပဲ'

'ဪဆို…. ဒီကောင်…. ခါးပိုက်နှိုက်ပေါ့'

စိတ်ကို ဒုံးဒုံးချပြီးကာမှ အမျိုးသမီးရဲ့စကားကြောင့် အခြေအနေဟာ ပြန်ရှုပ်ထွေးလာတယ်။ ကျွန်တော် အမျိုးသားကိုရိုရိုကျိုးကျိုးကြည့်ပြီး ရှင်းပြလိုက်တယ်။





'ကျွန်တော် ခါးပိုက်နှိုက်မဟုတ်ပါဘူး အစ်ကို။ မိကောင်းဖခင် သားသမီးပါ။ ဆိုကောင်တွေက မိန်းမဥာဏ်နဲ့တမင်လုပ်ကြံပြီး အော်တာပါ။ ကျွန်တော့်ကို ခွင့်ပြုပါဦး'

'ဒီလိုဘယ်ရမလဲကွ။ ခါးပိုက်နှိုက်ဆိုရင် ရဲစခန်းပို့ရမှာပေါ့'

ချစ်သူလား၊ ဇနီးသည်လား မသိတဲ့ အမျိုးသမီးအပေါ်မျက်နှာလို မျက်နှာရလုပ်ချင်ဇောနဲ့ အမျိုးသားဟာ ကျွန်တော့်နားပြေးကပ်လာပြီး ဇက်ပိုးကိုလှမ်း ဆွဲတယ်။

ဪ… သူ့အမှားပဲ။

ကျွန်တော်ဟာ သတိထားနေတဲ့ကြားက အကျင့်ပါနေတဲ့ လက်ဟာ သူ့လက်ကို ဖြတ်ခနဲဆွဲချပြီး လှန်ချိုးလိုက်တယ်။

**'အား'**

အမျိုးသား မျက်နှာရှုံ့မဲ့သွားပြီး နောက်ကိုခြေတစ်လှမ်းပြန်ဆုတ် သွားတယ်။ အမျိုးသမီးကတော့ ရှေ့ကို ခြေတစ်လှမ်းမက တိုးလာတယ်။

'ဟင်… နင်ရိုင်းလှချည်လား။ ခါးပိုက်နှိုက်ကများ ရာရာစစ…'

'ကျွန်တော် ခါးပိုက်နှိုက် မဟုတ်ဘူးလို့ ရှင်းပြပြီးမဟုတ်လား။ အဒေါ်ကြီးရဲ့ နောက်ပြီး ဪ… ကျွန်တော့်အလွန်မဟုတ်ဘူး။ ခင်ဗျားလူ့ရဲ့အလွန်။ ကျွန်တော် ခင်ဗျားတို့ ကားပေါ် ခွင့်မတောင်းဘဲ ပါလာမိတာကလွဲလို့ ကိုယ်ထိလက်ရောက် ဘာမှမစော်ကားသေးဘူး။ ခင်ဗျားလူကသာ ဂုတ်ပိုးကိုင်ပြီး လာစော်ကားတာ…'

ကျွန်တော်ခြာခနဲ လှည့်ထွက်လာတော့ ဆံပင်ရှည်ရှည် မျက်လုံး ကောက်တောက်နဲ့ အမျိုးသမီးဆီက ကျိန်ဆဲသံထွက်လာတယ်။

**'အရိုင်းအစိုင်းကောင်… ခါးပိုက်နှိုက်…သူခိုး'**…..တဲ့။

ယောက်ျားချင်းဆိုရင်တော့ ပြေးထိုးပါရဲ့။

■



www.burmeseclassic.com

www.burmeseclassic.com

# 2

မိန်းမဖြစ်နေတာကြောင့် ကျွန်တော် အံ့ကိုပဲ ကြိတ်လိုက်တယ်။

'မုတ်သုန်မိုး'

ကျွန်တော်အိပ်ပေါ်လှမ်းတက်နေတုန်းမှာပဲ အမေ့အသံက စည်စည်ဝေဝေ ထွက်ပေါ်လာတယ်။

'ညနေက လမ်းထိပ်လွှက်ရည်ဆိုင်မှာ ရန်ဖြစ်ကြတယ် ကြားတယ် ခင်း...ပါသေးလားမုတ်သုန်'

'မပါပါဘူး အမေရဲ့'

'သေချာရဲ့လား'

'သေချာပါတယ် အမေရာ။ အဲ့ဒီအချိန် ကျွန်တော်က ဘတ်(စ်)ကားစီး ထိုးကောင်းတုန်း'



www.burmeseclassic.com

www.burmeseclassic.com



'တင်... ဘာပြောတယ်မှတ်သုန်။ ဘယ်သူတွေနဲ့ထိုးကြိတ်ရန်ဖြစ်ခဲ့ပြန်ပြီလဲ'

အမေပြောပြောသလဲ မေးလာလို့ ကျွန်တော်စကားမှားသွားမှန်းတွေးလိုက်မိတယ်။

'ဟိုလေ .... ကားဂိတ်မှာ ကျားထိုးတာကိုပြောတာပါ အမေရဲ့။ ရန်ဖြစ်တာ မဟုတ်ပါဘူး'

အဖုံးအဖိမြန်သွားလို့ ဘာမှဆက်မမေးတော့ပေမယ့် အမေက မျက်စောင်းတော့ လှမ်းထိုးလိုက်ပါသေးတယ်။

အမေက ဒီလိုပဲ၊ အရပ်ထဲမှာ' ရန်ဖြစ်တယ်ကြားတိုင်း ကျွန်တော် ပါတယ်ချည်း ထင်နေတတ်တယ်။

ကျွန်တော်တို့ရပ်ကွက်လေးဟာ လက်လုပ်လက်စားတွေများပြီး၊ လူတွေက ရိုးသားပွင့်လင်းလွန်းတာကြောင့် ရန်ပွဲတွေမကြာခဏကျင်းပလေ့ ရှိတယ်။

ပြဿနာတစ်ခုကို ပရိယာယ်မသုံးဘဲ ပေါပေါနိုင်းနိုင်း ဖြေရှင်းတတ်တာဟာ ဒီရပ်ကွက်လေးရဲ့ ရိုးရာလိုဖြစ်နေပါပြီ။

အမေကတော့ တစ်နေရာရာမှာ စီခနဲရန်ဖြစ်သံကြားတာနဲ့ 'ဟဲ့... မှတ်သုန်မိုးတစ်ယောက် တွေ့မိကြလား'...လို့ လူတိုင်းကို လိုက်မေးတော့တာပဲ။

သူမရဲ့သားလိမ္မာလေးဟာ ဖြစ်သမျှရန်ပွဲတိုင်းမှာ ပါလိမ့်မယ်လို့ယူဆထားပုံပါ။

ကျွန်တော်ဟာ အမြဲတန်းရန်ဖြစ်တတ်တာမျိုးမဟုတ်ပေမယ့် စိတ်မထိန်းနိုင်တဲ့ ရံဖန်ရံခါမှာတော့ ရန်ပွဲတွေမှာ ပါဝင်လေ့ရှိတယ်။ ဆယ်တန်းတုံးက အတန်းပိုင်ဆရာမက 'မှတ်သုန်မိုးဟာ...စိတ်ထွက်ပေါက်အတွက် ရန်ဖြစ်နေတာ' လို့ တစ်ခါပြောဖူးတယ်။

အဖေနဲ့အမေ အိမ်ထောင်ရေးပြိုကွဲခဲ့တာဟာ ကျွန်တော်ရဲ့စိတ်ဓါတ်တွေ တင်းမာကျွတ်ဆတ်နေဖို့ လှုံ့ဆော်တဲ့အကြောင်းရင်းလို့ ဆရာမက ယူဆထားပုံရတယ်။

ဆရာမထင်တာဖြစ်ကောင်းဖြစ်နိုင်သလို ဖြစ်ချင်မှလည်းဖြစ်မှာပါ။





ကျွန်တော်ဟာ ငယ်ငယ်လေးကတည်းက စိတ်ဆတ်တဲ့အပြင် အ[illegible] ကြီးခဲ့တာပါ။

'မှတ်သုန်...မင်းသူငယ်ချင်း ရေဒီယိုတို့အုပ်စု လာသွားတယ်။ ညာ[illegible] ထွက်ခဲ့ပါတဲ့။ ဓါးဆိုသယ်န်းကပ်မယ့်ကိစ္စတိုင်ပင်ချင်လို့ဆိုလားပဲ'

အမေ စက်ချုပ်နေရင်းက ကျွန်တော့်ကို လှမ်းပြောတယ်။ ညနေ[illegible] တာတိုပြေးပွဲဝင်ခဲ့ရတဲ့အပြင် ဟိုစုံတွဲရဲ့ ပစ်ကပ်ကားပေါ် ခုန်တက်တုန်းကလည်း ခြေထောက်နာသွားတာမို့ ကျွန်တော် အပြင်ပြန်မထွက်ချင်တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်လည်း ရပ်ရေးရွာရေးဆိုတော့ မသွားမဖြစ်တာမို့ ကျွန်တော် ရေချိုးဖို့ ပြင်လိုက်တယ်။ အမျိုးသမီးဝတ်ဘော်လီအင်္ကျီတွေကို အခစားနဲ့ တကျုံးကျုံး ချုပ်နေရတဲ့ အမေကလှမ်းအော်တယ်။

‘အရပ်ထဲ အလှူငွေကောက်မယ်ဆိုရင် ချင့်ချင့်ချိန်ချိန် ကောက်နော်’…

ကျွန်တော့်သူငယ်ချင်းတွေထဲမှာ နာမယ်ဆန်းဆန်းနဲ့ ငနဲတွေ အတော်များတယ်။ ဒီထဲမှာ စိတ်ဝင်စားစရာကောင်းတာက ရေဒီယိုနဲ့ တအုပ်စုဝင်ပါ။

ထွန်းလှသိန်း(ခေါ်) ရေဒီယိုဟာ စီးတီးအက်ဖ်အမ်၊ မန္တလေးအက်ဖ်အမ် စတဲ့ ရေဒီယို လိုင်းပေါင်းစုံကို အလွတ်မပေးတမ်း နားထောင်လေ့ရှိတယ်။

စကားအွန်လိုင်းတို့ တွေ့ဆုံမေးမြန်းခန်းတို့နားထောင်လွန်းတဲ့အတွက် စကားပြောတဲ့အခါ ရေဒီယိုသံနဲ့စာဖတ်သလိုပြောတာအကျင့်ပါသွားပြီး ‘ရေဒီယို’လို့ နာမည်တွင် သွားတာပါ။မြန်မာစကားကို စကားပြန်နဲ့ပြောရတယ်ဆိုတာ ရေဒီယိုလိုလူမျိုးပေါ့။

သူ့ကို ‘ဒီနေ့မင်းတို့အိမ်မှာ ဘာဟင်းချက်သလဲ’ မေးပြီဆိုပါစို့…။ သူက အခုလို ပြန်ပြောလေ့ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



'နောက်က အထိတော့ ဝက်သားဟင်းချက်မယ်လို့ သိထားရတာဖြစ်တယ်။ သို့သော်— စာစာက ဇီးညီမတွေပြောသွားတဲ့ စကားအရ ဆိုရင်တော့..... ဝက်သားဟင်းဖြစ်နိုင်သလို ကြက်သားဟင်းလို့ ယူဆရင်လည်းရနိုင်မှာဖြစ်တယ်'

တော်တော့်ကို ထော်လော်ကန့်လန့်နိုင်တဲ့စကားပြောနည်းပါ။

သူသာ ရပ်ဝေးနဲ့ တယ်လီဖုန်းပြောရင် ဖုန်းဖိုးတော်တော်ကုန်မှာပဲ။

တစ်ခါက သူ့ကောင်မလေး အေးကြည်မကို ရည်းစားစကားချိန်းပြောတာ၊ စကားပလ္လင်ခံနေတာနဲ့ အချိန်စေ့သွားလို့ လိုရင်းမရောက်တဲ့ပြန်လာခဲ့ ရဘူးတယ်။

သူက ... ' အခု...ချိန်းဆိုမှုဟာ မေတ္တာရှိကြောင်းပြောလိုတဲ့အတွက် ချိန်းဆိုခြင်း ဖြစ်တယ်'....... ဆိုတာမျိုး။

' ငါပြောချင်တဲ့စကားတွေကို အေးကြည်မလည်း တင်ကြိုရိပ်မိထားပြီး ဖြစ်မှာပါ '...ဆိုတာမျိုးတွေ

လျှောက်ပြောနေခဲ့တယ်ထင်ပါရဲ့။

ချိန်းတွေ့တာအချိန်ပြည့်ပြီး အေးကြည်မပြန်သွားမှ ချစ်တယ်လို့တစ်ခွန်းမှ မပြောလိုက်ရတာ သူသတိရလိုက်မိတယ်လို့ဆိုတယ်။

ဒါပေမယ့်...ရေဒီယိုကံကောင်းပါတယ်။

နောက်နေ့ အေးကြည်မဆီက ပြန်စာရောက်လာတယ်။ သူ့လိုသိုင်းဝိုင်း မနေဘဲ အေးကြည်မက ဒဲ့ရေးပေးလိုက်တယ်။

> 'နင်ပြောသမျှ ငါလက်ခံတယ်။
>
> ပုံ
>
> အေးကြည်မ'

ဘာကိုပြောလို့ ဘာကိုလက်ခံလိုက်တယ်မသိဘူး။

နောက်တစ်နေ့ ရေဒီယိုနဲ့ အေးကြည်မ ချစ်သူတွေဖြစ်သွားကြတယ်။

■





အောင်ကျော်မြင့်ကတော့ တစ်မျိုး။

သူက ဘာအကြောင်းအရာပြောပြော ဖတ်ဖူးမှတ်ဖူးသမျှ စာအုပ်တွေထဲက ကောင်းနိုးရာရာစာသားတွေထထရွတ်ပြတတ်တယ်။

အမြီးအမောက်တည့်ပြီး ပြောလက်စအကြောင်းအရာနဲ့ လိုက်ဖက် ညီသွားတာမျိုးရှိသလို၊ ဘာမဆိုင်ညာမဆိုင်မအပ်မရာ ဖြစ်နေတတ်တာ မျိုးလည်း ရှိတယ်။

ရာသီဥတုပူတဲ့အကြောင်းပြောရင်း...

'ရေဘူးနဲ့ ဗိနပ်မပါ နွေခါမှသိဆိုတာ ဒါမျိုးပေါ့တွ'——



www.burmeseclassic.com

www.burmeseclassic.com



မဆီမဆိုင်ဆွဲထည့်တာမျိုး....

မိန်းကလေးတွေအကြောင်းပြောရင်း 'မာဃဒေဝ'လင်္ကာတွေ ထရွတ်တာမျိုး.....ကလွဲရင် ကျွန်တော်တို့အုပ်စုထဲမှာတော့ အောင်ကျော်မြင့်က တပေနဲ့ပတ်သက်ရင် အနှံ့အစပ်ဆုံးပါ။

ဒါပေမယ့် စကားပြောတိုင်း ကျမ်းကိုးကျမ်းကားတွေ ထည့်ထည့် ပြောတတ်လွန်းတာကြောင့် သူ့ကို 'စာအုပ်စင်'လို့ အားလုံးက နာမည်ပြောင် ပေးထားကြတယ်။

လမ်းထိပ်လ္ဘက်ရည်ဆိုင်လေးကို ကျွန်တော်ရောက်သွားတော့၊ ထွန်းလှသိန်း(ခေါ်) ရေဒီယို၊ စာအုပ်စင်၊ အောင်ကျော်မြင့်နဲ့ ဘာဘူတို့ သုံးယောက် အကြောင်းအရာတစ်ခုကို အပြင်းအထန်ငြင်းခုန်နေကြတယ်။

ကျွန်တော့်ကိုမြင်တော့ ဘာဘူကလှမ်းပြောတယ်။ 'အတော်ပဲ။ မုတ်သုန်လာပြီ။ သူ့ကို မေးကြည့်မယ်' 'မုတ်သုန်....ငါနဲ့ ရေဒီယို သွားတက် အကြောင်းပြောနေတုန်း စာအုပ်စင်က သွားတက်ဆိုတာ လူတွေရဲ့အစွယ်။ သွားစွယ်လို့ပြောတယ် အဲဒါ ဟုတ်သလား'

ဘာဘူက ကူပြီးငြင်းပေးစေချင်တဲ့သဘောမျိုး အားတက်သရော မေးလာတယ်။





သူတို့က ဒီလိုပဲ။ လူစုံတာနဲ့တစ်ခုမဟုတ် တစ်ခုငြင်းခုန်လေ့ရှိတယ်။ ကျွန်တော်ဘာဘူ့ဘေးနားမှာ ဝင်ထိုင်ရင်း ... 'ဆရာကြီးဆန်းထွန်းကို လင်းလျှောက် နေတဲ့ စွယ်စုံကျမ်းကြီးလို့ ခေါ်ကြတယ်။ အောင်ကျော်မြင့်ကတော့ ဖုန်တက်နေတဲ့ စာအုပ်စင်ပဲ။ သူပြောရင် ဟုတ်မှာပေါ့'

'မင်းအမြင်ကို သိလိုခြင်းဖြစ်တယ်'

ထွန်းလှသိန်းက ထုံးစံအတိုင်း ရေဒီယိုသံနဲ့ ဝင်ပြောတယ်

'ငါဖတ်ဖူး တာတော့ လူတွေရဲ့သွားကို ရှစ်ချောင်းစီလေးပိုင်း ပိုင်းတယ်။ အပေါ်ခြမ်းနှစ်ပိုင်း၊ အောက်ခြမ်းနှစ်ပိုင်း အပေါ်ခြမ်းသွားတွေရဲ့ အလယ်နှစ်ချောင်းကို (ဘယ်)တစ် (ညာ)တစ်...။ အစွန်ဆုံး အံသွားတွေကိုတော့ (ဘယ်)ရှစ် (ညာ)ရှစ်..။ ရှေ့တည့်တည့်က အလယ်သွားနံပါတ်တစ်နှစ်ချောင်းရယ်၊ ဘေးက နှစ် - နှစ်ချောင်းရယ်ဟာ ပေါက်ပြားလိုပုံမျိုး။ နံပါတ်သုံးနှစ်ချောင်းကတော့ သွားစွယ်။ လေးနဲ့ ငါး က အကြိတ်အံသွား။ ခြောက်၊ ခုနှစ်၊ ရှစ် ဟာ အံသွား'

'ဒါဆို ... သွားတက်က ဘယ်ဟာလဲ'

'မျက်လုံးရဲ့မျက်ဆန်နက် အောက်တည့်တည့်မှာရှိတဲ့ နံပါတ်သုံး သွားစွယ်ပဲ။ သူကပေါက်တာနောက်ကျတဲ့အတွက် နေရာမရှိတဲ့အခါ နံပါတ်နှစ်နဲ့ လေးကြားမှာ ထပ်ပြီးပေါက်လို့သွားတက်လို့ခေါ်တာ အမှန်တော့ သွားစွယ်ပဲ။ စာအုပ်စင်ပြောသလို... အစွယ်ပေါ့'

အနိုင်ရသူ စာအုပ်စင်က ကျေနပ်သွားပြီးရေဒီယိုနဲ့ ဘာဘူက အထင်ကြီး သလိုလှမ်းကြည့်တယ်။

'မုတ်သုန်တောင် စာအုပ်စင်နီးပါးတိုးတက်လာပြီပဲ'

ကျွန်တော် ဘဝင်မြင့်ချင်သလိုလို ဖြစ်နေတုန်းမှာပဲ စာအုပ်စင် အောင်ကျော်မြင့်က ဝင်ပြောတယ်။

'လုပ်မနေနဲ့...။ အဲ့ဒီသွားတက်အကြောင်းဆောင်းပါးကို ဒီကောင်နဲ့ငါ ဆိုတစ်နေ့ကပဲ အတူတူဖတ်ထားတာ'

စာအုပ်စင်ရဲ့စကားကြောင့် ကျွန်တော်ဘဝင်မြင့်ချိန်တော



www.burmeseclassic.com

www.burmeseclassic.com



ခံစားကြားရလိုက်ဘူး။

ဒီအချိန်မှာ သိစဉ်ချို နဲ့ သူ့မောင်လေး လက်ဖက်ရည်ဆိုင်ထဲ ဝင်လာပြီး လက်ဖက်ရည် ဖါးဆယ် လာဝယ်တယ်။ ဘာဘူကသိစဉ်ချိုကို လှမ်းခေါ်ရင်း...

'သိစဉ်ချို... ဒါတို့ကို ရယ်(ရီ) ပြစမ်းပါ'

'ဟီး ......... ဟီး'

'ဟာ... အဲ့လိုမဟုတ်ဘူးလေ။ သွားပေါ်အောင်ပြုံးခိုင်းတာ။ နင့်သွားကို ကြည့်ချင်လို့ဟ'

'ဘာလဲ ငါ့ရဲ့သွားလှမလှ သိချင်လို့လား'

'နင့်မှာ အစွယ်ရှိမရှိကြည့်မလို့'

'အောင်မာ ရာရာစစ ... ငါက နင်တို့လို ဘီလူးမျိုးနွယ်မဟုတ်ဘူး။ ဟဲ့ မုတ်သုန်.. နင်မနက်ဖြန် အားလား... ဟေ'

ရုတ်တရက် ကျွန်တော့်ကို လှမ်းမေးလာလို့ ဘာလုပ်မို့လဲ ပြန်မေး လိုက်တော့ ...

'နက်ဖြန်ငါ့မွေးနေ့။ အိမ်မှာ အုန်းနို့ခေါက်ဆွဲကျွေးမလို့။ နင်လာခဲ့ပါလား'

'ဟ..ဒါတို့တော့ မခေါ်ဘူးလား'

တအုပ်စင်က ဝင်မေးတော့...'မခေါ်လည်း နင်တို့က လာမှာပဲမဟုတ်လား' လို့ သိစဉ်ချိုက ပြောတယ်။

သိစဉ်ချိုနဲ့က ကိုးတန်းတုန်းကတည်းက သူငယ်ချင်းတွေမို့ အားလုံး မောင်နှမလို တရင်းတနှီးရှိနေကြတာပါ။

သူမနဲ့သာမက သူမအိမ်သားတွေနဲ့ပါ ကျွန်တော်ရင်းနှီးပေမယ့် ဆယ်တန်းအောင်ပြီးနောက်ပိုင်း သိစဉ့်အမေရဲ့ ဆက်ဆံရေးက တမျိုးဖြစ်လာတာမို့ ကျွန်တော်သူမတို့အိမ်ကိုအဝင်အထွက် ကျဲသွားခဲ့တယ်။

'ဘယ်လိုလဲ မုတ်သုန်...လာမယ်မဟုတ်လား'

'မလာတော့ပါဘူးဟာ။ နင့်အမေကြီးက ငါ့အပေါ် သိပ်အမြင်မကြည်လင် ဘူးဟာ။ ငါမလာချင်ဘူး'





'နင်ကလဲဟာ... လူကြီးဆိုတာကတော့ ဒီလိုပဲပေါ့။ နင်က ရန် ........ ဖြစ်တတ်လို့ အမေက စိုးရိမ်တာဖြစ်မှာပါဟာ။ လာခဲ့ပါ'

'ငါမလာတော့ဘူး သိစဉ်'

ကျွန်တော်ခေါင်းရမ်းလိုက်တော့ သိစဉ်သက်ပြင်းချတယ်။

'ကောင်းပြီလေ။ ဒါဆိုလည်း...နောက်မှနင့်တစ်ယောက်ထဲကို ဘာ်ခုလိုက်ကျွေးမယ်'

မှာထားတဲ့ လက်ဖက်ရည်ရတော့ သိစဉ်နဲ့သူမမောင်လေးဆိုင်ထဲက ပြန်ထွက်သွားကြတယ်။ သိစဉ်ထွက်သွားမှ တအုပ်စင်က လှမ်းပြောတယ်။

'သိစဉ်ချိုက မင်းကိုတော့ တော်တော်အရေးပေးတယ် မုတ်သုန်'

'မင်းထင်လို့ပါ။ ပိုမှန်ပါ့ပဲ'

'ထင်တာမဟုတ်ဘူး။ ငါတို့အားလုံးရိပ်မိတယ်။ မင်းသာ မသိတာ မုတ်သုန်။ ဘို့ သူငယ်ချင်းတွေထဲမှာရော...ဒီရပ်ကွက်ထဲမှာပါ၊ သိစဉ့်ကို သဘောကျတဲ့ သူအတော်များများရှိတယ်။ အားလုံးက မင်းကြောင့်နောက်ဆုတ် နေကြတာ'

ဘာဘူ့စကားကြောင့် ကျွန်တော်အံ့ဩသွားတယ်။

'ဘာလဲ...ငါ့ကို အားနာလို့လား'

'မဟုတ်ဘူး။ မင်းလက်သီးကိုကြောက်လို့'

ကျွန်တော် ဟက်ခနဲရယ်ချလိုက်တယ်။

ဘာဘူတို့ပါ အဲ့ဒီအုပ်စုထဲပါနေသလားလို့လည်း တွေးလိုက်မိတယ်။

'ငါလုံးလုံးမရိပ်မိတာတော့မဟုတ်ဘူး ဘာဘူ။ သိစဉ် ငါ့အပေါ်လိုတာထက် ပိုခင်တွယ်နေတာငါသိတယ်။ ငါလည်း တခြားမိန်းကလေး သူငယ်ချင်းတွေထက် သူ့ကိုပိုခင်တယ်။ ဒါပေမယ့်...ချစ်သူအဖြစ် အဆင့်တက်ဖို့စိတ်ကူးမျိုးတော့ ဆောလောဆယ်မရှိသေးဘူး'

'ဘာဖြစ်လို့လဲ မုတ်သုန်ရိုး'

■



www.burmeseclassic.com

www.burmeseclassic.com

# 3

'တစ်အချက်က သူ့မိဘတွေကြောင့်။ သူ့အမေကြီးက ငါ့အပေါ်အမြင် ကြည်လင်ဘူး။ နှစ်အချက်ကတော့ ငါကိုယ်တိုင်က ရည်းစားမထား ချင်သေးတာပဲ။ ငါ့ဘဝကိုတိုးတက်အောင်ကြိုးစားချင်သေးတယ်။ ငါ့မိသားစုကို စည်းစည်းလုံးလုံး သိုက်သိုက်ဝန်းဝန်းပြန်ဖြစ်စေချင်တယ်။ အဲ့ဒါကြောင့်ပါ'

ကျွန်တော့်ဘဝအကြောင်းသိထားပြီးဖြစ်တဲ့သူငယ်ချင်းတွေ ငြိမ်သက် သွားတယ်။ တာအုပ်စင်က တွေတွေငေးငေးနဲ့ ခေါင်းတညိတ်ညိတ် လုပ်တယ်။

'ကြိုးတော့ ကြိုးစားပေါ့ ကွာ။ ဒါပေမယ့် ...ဘဝဆိုတာ ကိုယ်ဖြစ်စေချင်တဲ့အတိုင်းဖြစ်တာမျိုးတော့မဟုတ်ဘူး မှတ်သုန်မိုး ။... အဲ့ဒါကိုတော့ မင်းမမေ့နဲ့'

ကျွန်တော်ခေါင်းညိတ်ပြလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆည်းဆာဟာလှသွေးကြွယ်တဲ့ ကြေးရည်တက်အပျိုကြီးတစ်ယောက်လို တည်ငြိမ်ရင့်ကျက်နေတယ်။

ကျွန်တော်ဟာ ညီလေးလက်ကိုဆွဲပြီး အအေးဆိုင်ထဲကထွက်လာ ခဲ့တယ်။ ကျွန်တော့်ညီလေးက အအေးသောက်ချင်တယ်ဆိုလို့ လိုက်တိုက်ရတာပါ။

လွန်ခဲ့တဲ့ငါးနှစ်၊ ကျွန်တော်ရှစ်တန်းဖြေပြီးစမှာ အဖေနဲ့အမေကွဲတော့ ညီလေးဟာ ငါးနှစ်ကျော်ခြောက်နှစ်သားလောက်ပဲရှိသေးတာပါ။

အဲ့ဒီတုန်းက အဖေဟာ အငယ်ကောင်ညီလေးကိုသူနဲ့အတူတစ်ပါတည်း ခေါ်ဆောင်သွားခဲ့တယ်။ အဖေ့ရဲ့ဒုတိယအိမ်ထောင်ဟာ ငွေကြေး အထိုက်အလျောက် ရှိတာမို့၊ အဖေဟာ...အချိန်တိုအတွင်းမှာ အသေးစားလုပ်ငန်းရှင်တစ်ယောက် ဖြစ်လာတယ်။

ဒါကြောင့်ညီလေးဟာ ကျောင်းကောင်းကောင်းမှာမုန့်ဖိုးကောင်းကောင်း ကိုင်ပြီးတက်နိုင်ခဲ့ပေမယ့် ညီအစ်ကိုမေတ္တာကိုတော့ ငတ်မွတ်ခဲ့ရတယ်။

‘ကိုကြီး...နောက်အပတ်လည်းလာအုံးမယ်မဟုတ်လား’

ငါးတန်းကျောင်းသားညီငယ်လေးက မျှော်လင့်တကြီးမေးလာတယ်။

‘လာမှာပေါ့ကွ’

‘ဒီတစ်ခါလာရင် ဂျင်ဝယ်လာခဲ့ပါလား။ ကျွန်တော်ပေါက်ချင်လို့’

‘ဝယ်ခဲ့မယ်၊ ဟိုတစ်ခါပေးခဲ့တဲ့ဂေါ်လီတွေကောပျောက်သွားပြီလား’

‘မပျောက်ပါဘူး၊ ကျွန်တော် သိမ်းထားပါတယ်’

လူလတ်တန်းစားမိသားစုတွေ နေထိုင်ရာ လမ်းကျဉ်းလေးထဲကို ချိုးကွေ့ဝင်လိုက်တော့၊ အဖေဟာ သူ့အိမ်ရှေ့မှာရပ်ရင်းကျွန်တော်တို့ကို စောင့်နေတာ တွေ့လိုက်ရတယ်။

ကျွန်တော်တို့နှစ်ယောက်ကို စိတ်ပူတာကြောင့်ဖြစ်နိုင်သလို၊ သူ့မိန်းမ မသိအောင် ကျွန်တော့်ကို မုန့်ဖိုးပေးချင်တာကြောင့်လည်းဖြစ်နိုင်ပါတယ်။





အနားရောက်တော့ ညီလေးကို ရေချိုးဖို့ အိမ်ထဲဝင်ခိုင်းလိုက်ပြီး အဖေက ကျွန်တော့်ကို လှမ်းမေးတယ်။

‘မင်းအမေနေကောင်းရဲ့လား’

‘ကောင်းပါတယ်၊ အညောင်းထိုင်ပြီး စက်ချုပ်လွန်းလို့ တစ်ခါ တစ်ခါ အကြောတက်တာလောက်တော့ဖြစ်တယ်’

‘ဂရုစိုက်လိုက်ပါကွာ။ လိုတာရှိလည်းပြောပေါ့။ ဒါနဲ့ မင်းတို့ ဒုတိယနှစ် အောင်စာရင်းထွက်ပြီလား’

‘မထွက်သေးဘူးအဖေ။ ဖြေထားတာမှ မကြာသေးပဲ။ ကျွန်တော်တောင် ဝပ်ရှော့တစ်ခုမှာ လုပ်အားပေးဝင်ကူနေတယ်။ သူငယ်ချင်းဝပ်ရှော့ပါ’ အဖေက ဝရုဏာသက်တာလား၊ အားငယ်တာလား ခန့်မှန်းမရတဲ့ အကြည့်နဲ့ တစ်ချက်လှမ်းကြည့်တယ်။

‘အေးလေ။ ကြိုးစားပေါ့။ ကိုယ်ကယောက်ျားပဲ။ ရော့ကွာ မုန့်ဖိုး ယူသွားအုံး’

ကျွန်တော်ထင်တဲ့အတိုင်း အိပ်ကပ်ထဲက ငွေစက္ကူတစ်ထပ် နှိုက်ပြီး ကျွန်တော့်ကို လှမ်းပေးတယ်။ အဖေ့လက်ထဲကငွေတွေကိုကြည့်ရင်း ကျွန်တော့် ကြေကွဲလာတယ်။

“ကျွန်တော်ဒီကိုလာတာမုန့်ဖိုးလိုချင်လို့မဟုတ်ပါဘူး အဖေနဲ့ညီလေးကို တွေ့ချင်လို့ပါ”

“အေးပါဒါသိပါတယ်။ မင်းအသုံးမလိုလည်း မင်းအမေအတွက် တစ်ခုခု ဝယ်သွားပေါ့ကွာ၊ သူကတော်ဇီတို့မုန့်အချိုတို့ကြိုက်တယ်မဟုတ်လား”

အဖေကျွန်တော့် အင်္ကျီအိတ်ထဲထိုးထည့်ပေးလာလို့ ပိုက်ဆံတွေကို ကျွန်တော်လက်ခံလိုက်တယ်။

ဒီတော့မှအဖေဟာစိတ်လက်ပေါ့ပါးသွားသလို တာဝန်ကျေသွားသလို ခံစားရပုံ နဲ့သက်တောင့်သက်သာ ဖြစ်လာတယ်။

တကယ်တော့ငွေစက္ကူတစ်ထပ်ဟာ တစ်ခုလပ်သားအမိနှစ်ယောက်အတွက်



www.burmeseclassic.com

www.burmeseclassic.com



လိုလောက်တဲ့အထောက်အပံ့မဟုတ်မှန်း ကျွန်တော် ကျွန်တော့်အဖေကို ရှင်းပြလိုက်ချင်ပါရဲ့။

ဒါပေမယ့်အဖေစိတ်ပြိုပြင်သွားမှာ စိုးတာကြောင့်စကားလုံးတွေကို ကျွန်တော်မြိုချလိုက်တယ်။

"မင်းပြန်ရင်မင်းအန်တီကိုနှုတ်ဆက်သွားအုံးနော်"

'ဟုတ်ကဲ့ပါ'

ခဏနေတော့ အိမ်ပေါ်တက်ပြီး ညီလေးနဲ့ အဖေ့ရဲ့ နောက်ဇနီး အန်တီကြည် ကိုနှုတ်ဆက်လိုက်တယ်။ အန်တီကြည်ဟာသားသမီးမရှိသူမို့ ညီလေးအပေါ် သားအရင်းလို ချစ်ရှာပါရဲ့။

ဒါပေမယ့် ကျွန်တော်မကြာခဏ ရောက်လာတတ်တာကိုတော့ သိပ်ပြီး နှစ်ထောင်းအားရရှိပုံမရဘူး။

သူ့အမြင်မှာကျွန်တော်ဟာ မိုက်တီမိုက်ကန်းမို့ ကျွန်တော့်စရိုက်တွေ ညီလေးကို ကူးစက်သွားမှာ စိတ်ပူတယ်ထင်ပါရဲ့။

"မင်းနောက်အပတ်လာအုံးမလားမုတ်သုန်မိုး"

"အခြေအနေအရပဲ အန်တီ"

"ဟာ... ကိုကြီးကလဲ... စောစောကကိုကြီးပဲလာမယ်ပြောပြီးတော့"

"အေးပါကွာ။ ကိုကြီးလာနိုင်အောင်ကြိုးစားပါ့မယ်"

ကျွန်တော်ညီလေးကို ကတိပေးပြီးအဖေတို့အိမ်ကနေပြန်လာခဲ့တယ်။ လမ်းမပေါ်ရောက်တော့ ဆည်းဆာဟာအရှယ်တော်တဆိတ်ပိုင်းနေခဲ့ပြီး ပုဇွန်ဆီရောင် ကောင်းကင်ကြီးကိုငေးရင်း ကျွန်တော်ကားဂိတ်ဆီ ခပ်သုတ်သုတ် လျှောက်လာခဲ့တယ်။

တစ်နေရာရောက်တော့ကျွန်တော့်လိုပဲငေးပြီးလျှောက်လာသူ တစ်ယောက် နဲ့မမျှော်လင့်ဘဲ အင့်ခနဲတိုက်မိတယ်။

"ဟာ... ဆောရီး"

"ရပါတယ်"





တိုက်မိသူကိုကြည့်လိုက်တော့ ကျွန်တော်သိပ်ပြီးတွေ့ချင်တဲ့သူ ဖြစ်နေတယ် ဘယ်သူများလဲမှတ်တယ်။ လက်စသတ်တော့ သူငယ်ချင်းကိုး။

"မင်းကိုတွေ့ချင်နေတာကွ။ ဒီနေ့မင်းအပေါ်ကောမပါဘူးလား"

ဘေးဘီဝဲယာကိုကြည့်လိုက်တော့ မလှမ်းမကမ်းကွမ်းယာဆိုင်ထဲက ထွက်လာတဲ့အပေါ်နဲ့ကိုပါမြင်လိုက်ရတာမို့ ကျွန်တော်ပျော်သွားပြီး လေတစ်ချက်ချွန် လိုက်တယ်။

■



www.burmeseclassic.com

www.burmeseclassic.com



"ဒါတို့မင်းကိုမသိပါလား။ မင်းဘယ်သူလဲ။"

"စဉ်းစားကြည့်ပါအုံးလေ။ မင်းတို့ကိုဒါအကြွေးပေးစရာရှိနေတယ်"

"ဘာအကြွေးလဲ"

အနားရောက်လာတဲ့ ဒုတိယနေ့ကမေးတယ်။

"တောင်ဒဂုံကားဂိတ်တစ်ခုက အကြွေးလေ။ ခါးပိုက်နှိုက်လို့အော်ခဲ့တဲ့အကြွေး"

"ဟင်"

နှစ်ယောက်စလုံး သတိအနေအထားပြောင်းသွားကြပြီး၊ ဒုတိယနေ့က စထိုးတယ်။ ဒါပေမယ့် ထိုးစီအတိုင်းသူတို့ရဲ့လက်သီးက အမြဲတမ်းစက္ကန့် ဝက်လောက်နောက်ကျလေ့ရှိတယ်။

ကိုယ့်အရပ်မဟုတ်တာမို့ပွဲတစ်ဝက်လောက်မှာပဲ၊ ကျွန်တော်အနိုင်ပိုင်းပြီးထွက်လာခဲ့တယ်။

နောက်ဆယ်မိနစ်လောက်ကြာတော့ ....

ဗိုက်ပူဘတ်စ်ကားတစ်စီးပေါ်မှာ ကျွန်တော်ဟာ လေချွန်ရင်းလိုက်ပါနေပါပြီ။ ခုဆို...ကျွန်တော်ကြွေးဆပ်ရမယ့်လူဟာပြဿနာငနဲတစ်ယောက်တည်း





ကျန်တော့တာပါ။

"နင့်ကိုဘယ်သူပြောလဲ"

'ငါ့အဖေါ်ပြောတာ။ တွေ့ခဲ့တာက အဖော်ယောကျ်ားဦးလေးဆိုနိုင်တာတွေ့ခဲ့တာတဲ့။'

သံစဉ်ချိုအသံကစိတ်ပျက်သံမျိုးဖြစ်သလို စိတ်ဓါတ်ကျနေတဲ့အသံမျိုးလည်းဖြစ်တယ်။ ကျွန်တော်ပုခုန်းတွန့်လိုက်ချိန်မှာပဲ သူမကသက်ပြင်းချတယ်။

"နင်ကလည်းဟယ်. . . ကိုယ်အရပ်မဟုတ်တာတောင် မရှောင်ဘဲရန်ဖြစ်ရလား။ ပြီးတော့. . . ကြည့်ပါအုံး နှစ်ယောက်နဲ့တစ်ယောက်တောင် ဖြစ်ရဲသတဲ့။ နင်တော့သိပ်မကြာခင် လူမိုက်လုံးလုံးဖြစ်တော့မှာပဲ မှတ်သုန်ရယ်"

"ငါကအကြောင်းမဲ့ရန်စပြီးဖြစ်တာမဟုတ်ပါဘူး သံစဉ်ရာ။ ရာဇဝင်ကြွေးရှိလို့ကြွေးဆပ်တာပါ။ ဒီလိုဟာ. . ."

ကျွန်တော်ပြဿနာငနဲနဲ့တွေ့ပြီ။ ပြဿနာဖြစ်ခဲ့ပုံ၊ ခါးပိုက်နှိုက်ဆိုပြီး အသံနဲ့လုပ်ကြံခံရပုံတွေရှင်းပြလိုက်တယ်။

ဒီတော့မှ ညိုနေတဲ့သံစဉ်ချိုရဲ့မျက်နှာလေး ပြန်ပြီးကြည်လင်လာတယ်။

"အေးလေ. . . ဒီလိုဆိုတော့လည်းနင်မမှားဘူးပဲမှတ်သုန်ရဲ့။ သူတို့က တမင်ယုတ်မာခဲ့တာပဲ။ ကံကောင်းလို့ပေါ့ဟာ၊ ခါးပိုက်နှိုက်ဆိုပြီး နင်ဝိုင်းအရိုက် မခံရတာ။ အဲ့...ပြဿနာကောင်ကိုပါတွေ့အောင်ရှာဟာ။တွေ့ရင်ငါ့ကိုအသိပေး။"

"နင်က ဘာလုပ်မှာလဲသံစဉ်ရဲ့"

"ငါ့ပါနင့်ဘက်က ကူပြီးရန်ဖြစ်ပေးမှာပေါ့"

ဒီလိုဆိုတော့လည်း နှုတ်သီးကောင်းသျှာပါး အိုက်တင်နဲ့သံစဉ်ချိုအမူအရာတချစ်စရာလေးပဲလို့ ကျွန်တော်တွေးလိုက်မိတယ်။

ကျွန်တော်တို့ဒဂုံတက္ကသိုလ်ရဲ့ ဓါတုဗေဒဌာနမှာတော့ သံစဉ်ချိုဟာ အလှဘုရင်မနီးပါးနာမည်ကြီးသူပါ သူမကိုပိုးပန်းသူတွေအတော်များများရှိပေမယ့်သူမကတော့ ဘယ်သူ့ကိုမှ စိတ်မဝင်စားခဲ့ဘူး လို့ဆိုတယ်။

"တဲ့...မှတ်သုန်။ ငါ့ကိုဘာဖြစ်လို့ ဒီလောက်တောင် စိုက်ကြည့်နေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ...နင်တာလှသားပဲလို့တွေးမိလို့"

ကျွန်တော့်စကားကြောင့်သံစဉ်ရှက်စနိုးနဲ့ခေါင်းငုံ့သွားတယ်။ ပြီးမှ မျက်တောင် တော့်ရှည်တွေကိုဝင့်ကြည့်ရင်း...

"နင် အခုမှသိတာလား"

'တင့်အင်း ကိုတန်းကတည်းက သိပါတယ်။ ဒါပေမယ့်"

"ဘာဖြစ်လဲ"

"လှတဲ့အရာတွေက အကြမ်းမခံဘူးသံစဉ်ရဲ့"

"ဟင်...နင့်တာကလည်း ဘာမှလည်းမဆိုင်ဘူး။ လူနဲ့သက်မဲ့အရာနဲ့ နှိုင်းစရာလားဟဲ့...။ ပြီးတော့ အကြမ်းမခံဘူးဆိုတာကဘာကို ပြောတာလဲ။ နင်နော်။ ပေါက်ကရတွေတော့..."

"ငါဆိုလိုတာက ငါ့ဘဝကကြမ်းတယ် သံစဉ်။ အဲ့ဒီတော့ ငါနဲ့ပတ်သက်တဲ့ သူငယ်ချင်းတွေလည်း ဘဝကြမ်းရဲ့ဒဏ်ကိုခံရမှာစိုးတယ်။"

ကျွန်တော့် စကားကြောင့်သံစဉ်သက်ပြင်းချတယ်။

ကျွန်တော်တို့နှစ်ယောက် ရပ်ကွက်အစွန်က အကြော်ဆိုင်လေးမှာထိုင်နေကြတာပါ။

ကျွန်တော်တို့ တစ်အုပ်စုလုံးမကြာခဏ လာထိုင်နေကျမို့ အကြော်မမှာလည်း ဆိုင်ရှင်ကရေနွေးအိုးချပေးလေ့ရှိတယ်။ ဈေးပေါပေါ လွှက်ခြောက်တွေ ပေါပေါသီသီခတ်ထားတဲ့ရေနွေးကြမ်းကို ကျွန်တော်တစ်ခွက်ငှဲ့လိုက်တယ်။

"နင့် ဘဝကကြမ်းတယ်ဆိုတော့ ငါတို့ဘဝတွေကရော ဘယ်လောက်နုပတ်နေလို့လဲမုတ်သုန်ရယ်"

"ဘာပဲဖြစ်ဖြစ်ငါတို့ထက် စာရင်တော့နင့်ဘဝက အများကြီးမြင့်ပါတယ် သံစဉ်ရယ်။ အနည်းဆုံးတော့ ကိုယ်ပိုင်ကားစီးနိုင်တယ်လေ။ ငါတို့အိမ်မှာတော့ ကားမပြောနဲ့ စက်နဲ့တူတာဆိုလို့အမေ့ရဲ့အပ်ချုပ်စက်ပဲရှိတယ်။"

"ဘာဆိုင်လို့လဲဟာ ဘဝချင်းမတူတော့ရောဘာဖြစ်လဲ။ သူငယ်ချင်းဟာ သူငယ်ချင်းပဲ။ ခင်မင်မှုဟာ ခင်မင်မှုပဲ။ နေပါဦး။ နင်အခုစကားတွေကို ဘာအဓိပ္ပါယ်နဲ့





လာပြောနေတာလဲ မုတ်သုန်"

သူမမေးလာတော့မှ ကျွန်တော်လည်းကြောင်အန်းအန်းဖြစ်သွားတယ်။ ဟုတ်သားပဲ။ ကျွန်တော်ဘာရည်ရွယ်ချက်နဲ့ ပြောနေမိပါလိမ့်။

"ငါမေးမယ်။ နင်အမှန်အတိုင်းဖြေနော် မုတ်သုန်"

"အင်း"

"နင်...ငါ့အပေါ်မှာလေ..."

"ဘာဖြစ်လဲ"

ကျွန်တော်ဖြတ်မေးလိုက်တော့ သံစဉ်ချိုစကားဆက်ရ ခက်ဟန်နဲ့ခေါင်းငုံ့ငြိမ်သက်သွားတယ်။ အဲ့ဒီအချိန်မှာပဲ...

"ရှာလိုက်ရတာ အစ်မရာ။ အမေခေါ်ခိုင်းလို့ဗျ"

မောသံနဲ့အော်ပြောရင်း သံစဉ်ချို့မောင်လေး ကျွန်တော်တို့နားရောက်လာတယ်။ သံစဉ်သက်ပြင်းတစ်ချက်ကို လေးလေးပင်ပင်ချပြီး ထိုင်ရာကထရပ်တယ်။

"ငါ အိမ်ပြန်လိုက်အုံးမယ် မုတ်သုန်"

ကျွန်တော်ခေါင်းညိတ်ပြလိုက်တယ်။

စောစောကနင်သိချင်တာ ဘာလဲလို့ကျွန်တော် မမေးလိုက်တော့ပါဘူး။ အနည်းဆုံးအခုအချိန်မှာတော့ မေးဖို့မလိုသေးဘူးလို့ ကျွန်တော်ထင်ပါတယ်။

၄

ကျန်းမာကြံ့ခိုင်တဲ့ မော်တော်ကားတစ်စီးရဲ့ အင်ဂျင်စက်သံဟာ ကျွန်တော့်အတွက်တော့ ဂီတသံလိုမျိုး ဆွဲဆောင်မှုရှိလှတယ်။ ကားလီဗာကို ခပ်ပြင်းပြင်းဖိနှပ်လိုက်တော့ကရိန္နာအင်ဂျင်သံဟာ ဝေါခနဲကျယ်လောင်ဆူညံသွားတယ်။

"ဘယ်လိုလဲ မုတ်သုန်"

"အိုကေတယ်။ မီးနည်းနည်းလေးထပ်တင်ပေးလိုက်"

ဘော့ဘော့ကိုလှမ်းပြောရင်း ကရိန္နာဖင်ပေါ်က ကျွန်တော်ဆင်းလာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



မော်တော်ကားတွေကို ကျွန်တော်စိတ်ဝင်စားခဲ့တာဟာ၊ အသက်လေး ငါးနှစ်လောက်တတည်းကဖြစ်ပေမယ့်၊ နီးစပ်မှုရခဲ့တာကတော့ ဆယ်တန်းအောင်ပြီး ကျောင်းပိတ်ထားတဲ့ကာလတွေမှာပါ။

ဘဘဥ့အစ်ကို ကိုမျိုးကလိုင်းကားတွေထောင်ထားတာမို့ ကျွန်တော်နဲ့ ဘဘဥ့တဉ့်နောက်လိုက်လုပ်ရင်း ကားနဲ့နီးစပ်လာခဲ့ကြတယ်။

ကားနားတဲ့အခါ ရှေ့တိုးနောက်ဆုတ်နေရာရွှေ့ပေးရင်း ကားမောင်းတတ်လာခဲ့ကြတယ်။ နောက်တော့ ကိုမျိုးကလိုင်းကားတွေဖျက်ပြီး ကားဝပ်ရှော့ပြောင်းထောင်တာမို့ကျောင်းအားရက်တိုင်း လုပ်အားဝင်ပေးရပြန်တယ်။

ဘဘဥ့ကစက်ဆီပေမှာ ကားအောက်ဝင်ရမှာစိုးတာကြောင့် ကိုမျိုးနဲ့အတူ ကျွန်တော်ပဲ အများဆုံးကူလုပ်ပေးရင်း၊ ကိုမျိုးရဲ့လက်ထောက်ဖြစ်လာတဲ့အချိန်မှာ၊ ဘဘဥ့ကဆီပျောက်၊ မီးပျောက်အဆင့် ထက်ပိုပြီးတိုးတက်မလာခဲ့ဘူး။

အခုလည်းကရိနာဗင်ကို မီးတင်ခိုင်းလိုက်တာ အပတ်မလည်ဖြစ်နေလို့ ကျွန်တော် ဝင်ပါရပြန်တယ်။

"ငါက မော်တော်ကားတွေကို ကောင်မလေးတွေလောက်စိတ်မဝင်စားဘူး မှတ်သုန်ရ"

"ယုံပါတယ်ကွာ။ ဒါကြောင့်ဗောက်စ်ဝက်ဂွန်အင်ဂျင်တောင်ရှေ့မှာရှိလား။ နောက်မှာရှိလား မသိခဲ့တာမဟုတ်လား"

"ဗောက်စ်ဝက်ဂွန်လောက်တော့သိပါတယ်ကွာ။ ငါခံရတာက ဒီဇယ်အင်ဂျင်ကွ။ ဆယ်တန်းလောက်က ပထမဆုံးမြင်ဖူးတဲ့ဒီဇယ်ကားကို ခင်ဗျားကားစက်သံမမှန်ဘူး။ ပလပ်ဖြုတ်ဆေးရမယ်သွားပြောမိလို့ ကိုမျိုးငါ့ကိုဆဲလိုက်တာမှ အတုံးလိုက်အတစ်လိုက်ပဲ"

ဘဘဥ့စကားကြောင့် ကျွန်တော်ရယ်မောနေတုံးဝပ်ရှော့ထဲကို ကားတစ်စီးဝင်လာတယ်။ စပို့တ်၊ ပြိုင်ကားပုံစံကားလှလှလေးပါ။ ကားပေါ်ကဆင်းလာတာက နားကွင်း တစ်ဘက်နဲ့ ကျွန်တော်တို့အရွယ်လူငယ်တစ်ယောက်ပါ။

ဆံပင်ဆေးဆိုးပြီး နားကွင်းတပ်တဲ့ခြေတွေကို ကျွန်တော်သိပ်ကြည့်လို့မရပေမယ့်အခုတစ်ယောက်ကတော့ ရည်ရည်မွန်မွန်ပုံစံနဲ့ပါ။

"ဘာကူညီရမလဲ သူငယ်ချင်း"

ကိုမျိုးကားပစ္စည်းသွားဝယ်နေတာမို့ ဝပ်ရှော့မှာတာဝန်အရှိဆုံးလိုဖြစ်နေတဲ့ ကျွန်တော်ကပဲလှမ်းမေးလိုက်တယ်။

"ကားက နှင်းလိုက်ရင်တုန့်တုန့်နေလို့ဗျာ"

ဘောနက်ဖွင့်ကြည့်လိုက်တော့ (အီးအက်ဖ်အိုင်တာဘို)အင်ဂျင်ဖြစ်နေလို့ ကျွန်တော်ပုခုန်းတွန့်လိုက်တယ်။

"(အီးအက်ဖ်အိုင်)ပဲ။ (အင်ဂျက်တာ)တွေ လေဟာပြီးဆီမလိုက်တာလည်း ဖြစ်နိုင်တယ်။ သိပ်တော့မသေချာဘူးနော်။ အမှန်အတိုင်းပြောရရင် (အီးအက်ဖ်အိုင်) သိပ်မနိုင်ဘူး။ ဒါပေမယ့်ကြိုးစားပေးပါဆိုရင်တော့ ကြိုးစားကြည့်ပေးမယ်"

"လုပ်ပါဗျာ။ အခုအတိုင်းလည်းမြင်လှည်းသာသာ မောင်းနေရတဲ့ အတူတူတော့ ကြိုးစားပေးစမ်းပါ"

ကျွန်တော်က (ပရက်ရှာပန့်) ဆီပို့အောင်သော့ဖွင့်ထားခိုင်းပြီး၊ လေချကြည့် လိုက်တယ်။ စမ်းတဝါးဝါးလုပ်ကြည့်တာဖြစ်ပေမယ့် ကျွန်တော့်စမ်းသပ်မှု အောင်မြင်ပြီး တားကစက်သံမှန်လာတယ်။

"ကျေးဇူးပဲဗျာ။ ဒီနဲ့ ဒီအင်ဂျင်တွေက ဓါတ်ဆီထဲ(အက်စ်တီပီ) ထည့်မောင်း ရတယ် ဆိုတာဟုတ်လား"

"အောက်တိန်းထည့်မောင်းရင်မလိုပါဘူး။ ဓါတ်ဆီအမျိုးအစားညံ့ရင်တော့ ဆီငါးဂါလံ (အက်စ်တီပီ)တစ်ဘူးစပ်မောင်းရင် ကားပိုပေါ့တာပေါ့"

ဘောနက်ပြန်ပိတ်ရင်းကျွန်တော်ပြောလိုက်တော့ ခြေလေးကကျွန်တော့်ကို အထင်ကြီးသလိုကြည့်ရင်း...

"ကိုမှတ်သုန်ကို ကျွန်တော်သိတယ်ဗျ။ အဲ့တက္ကသိုလ်မှာ သုံးလေးခါလောက် တွေ့ဘူးတယ်"

"ဟုတ်လားအဲ့ကပဲလား"

ဘဘဥ့ကဝင်မေးတော့ခြေက ခေါင်းရမ်းတယ်။





www.burmeseclassic.com

www.burmeseclassic.com



"စက်မှုတာပါ၊ အုံတာက္ကာသိုလ်မှာ သူငယ်ချင်းတွေရှိလို့လာလည်ရင်း သူငယ်ချင်းတွေလှုန်းပြလို့ပြီးဘူးတာပါ။ ကိုမှတ်သုန်မိုးက ဘောလုံးကန် ကောင်းသလို ကောင်မလေးတွေလည်းကြည့်တယ်တဲ့"

"အိုကေ… ကားပြင်ခမပေးနဲ့တော့"

"ကျွန်တော် မြှောက်တာမဟုတ်ပါဘူး။ တကယ်ပြောတာပါ။ ကျွန်တော်သဘောကျတာက ခင်ဗျားဟာဆပ်ဆပ်ထိမခံဘူး။ လက်တအားယဉ်တယ်ဆိုတာကြောင့်ပါ။ ကျွန်တော်ကမဟုတ်မခံ စိတ်ဓါတ်ရှိတဲ့လူတွေကို အားကျတယ်လေ ကျွန်တော့် နာမည်ရဲရင့်သွေးပါ"

လက်တစ်ဘက်ကမ်းပေးလာလို့ လက်ဆွဲ နှုတ်ဆက်မိမလိုဖြစ်ပြီးမှကျွန်တော် ခေါင်းရမ်းလိုက်တယ်။

"ဆောရီးကွာ"

"ဘာဖြစ်လို့လဲ"

ရဲရင့်သွေးမျက်နှာပျက်သွားတယ်။

ကျွန်တော် လက်ဖဝါးနှစ်ဖက်ကိုဖြန့်ပြီးထောင်ပြလိုက်တယ်။

"လက်တွေဆီပေနေတယ်လေ။မောင်ရင့်လက်ဖဝါးနုနုလေးဆီချေးတွေပေသွားမှာပေါ့။"

ဒီတော့မှ ရဲရင့်သွေးမျက်နှာပြန်ကြည်လာပြီး ..

ကျွန်တော်နဲ့ဘာဘူကို လှက်ရည် သောက်ဖို့ အတင်းခေါ်ပါတယ်။

ဝပ်ရှော့မှာ ကားရှင်းနေတဲ့အပြင် လှက်ရည်သောက် ချိန်လည်း ရောက်နေတာမို့ ကျွန်တော်တို့ နှစ်ယောက် မငြင်းလိုက်ပါဘူး။

လှက်ရည်ဆိုင်ရောက်တော့ အချိန်တိုအတွင်းမှာပဲ ကျွန်တော်တို့အဖွဲ့ကျသွားပြီး၊ ဘာဘူနဲ့ ရဲရင့်သွေးကတော့ငယ်ပေါင်းကြီးဖော်တွေလိုဖြစ်သွားကြတယ်။

"မင်း… သုဝဏ္ဏထဲမှာပဲ နေတာလား"

ကိုမျိုးရဲ့ကားဝပ်ရှော့က သုဝဏ္ဏမှာရှိတာမို့ ဒီနားကလားလို့မေးလိုက်တာပါ။

"တစ်ခါတစ်လေ သုဝဏ္ဏမှာလာနေတာယ်။ တစ်ခါတစ်လေတော့အင်းလျားလမ်းမှာ





နေတယ်အမှန်မရှိဘူး"

ကျွန်တော်ရှိခနဲလေချွန်လိုက်တယ်။

"မောင်ရင်က… ဘောစိပဲ"

"ဟာ… အဲ့ဒီနာမည်ကြီးတော့မခေါ်ပါနဲ့ဗျာ။ မိဘက နည်းနည်းပါးပါးတော့ ပိုက်ဆံရှိတယ်။ ဒီလောက်ပါပဲ"

"ဒါနဲ့ ဝါ့ကိုကောင်မလေးတွေကြည့်တယ်လို့ ဘယ်သူတွေပြောတာလဲ။ အတုတ်တရုတ် ထွင်လုံးတွေပဲ ရဲရင့်သွေး"

"ကျွန်တော့် သူငယ်ချင်းတွေပါ။ သချာၤဒုတိယနှစ်ကကောင်တွေ၊ သူတို့အပြောတော့ ဓါတုဗေဒက အလှဘုရင်မတောင် ကိုမိုးသေးနားဝဲနေတာ… တဲ့"

"ဓါတုဗေဒကွင်း မဟုတ်ပါဘူး။ ဒုတိယကွင်း သံစဉ်ချိုပါ။ နောက်ပြီး ဝဲနေတာမဟုတ်ဘူး။ ငါတို့က ကိုးတန်းကတည်းကသူငယ်ချင်းတွေ"

"အမှန်ပဲရဲရင့်သွေး ဝဲနေတာမဟုတ်ဘူး။ ကပ်နေတာ"

ဘာဘူဝင်နောက်ပေမယ့် ကျွန်တော်မရယ်လိုက်ပါဘူး။ စိတ်ထဲမှာ ဝပ်ရှော့ကိုနောက်ဆံတင်းနေတာမို့

"ငါအရင်ပြန်နှင့်မယ်"… လို့ပြောပြီးထပြန်လာခဲ့တယ်။ ဘယ်သူနဲ့ဖြစ်ဖြစ် တီးတုအောင်လိုက်တီးနိုင်တဲ့ ဘာဘူကတော့ရဲရင့်သွေးနဲ့ အဖွဲ့ကျပြီးကျန်ရစ်ခဲ့တယ်။

နာရီဝက်လောက်ကြာမှ သူတို့နှစ်ယောက် ဝပ်ရှော့ကိုပြန်ရောက်လာကြပြီး နောက်နေ့လည်းလာခဲ့အုံးမယ်လို့ ချိန်းဆိုသွားပါသေးတယ်။

ရဲရင့်သွေးပြန်သွားတော့မှ ငနဲလေးရဲ့မိဘတွေဟာဂုဏ်ထူးဆွဲထူး ရှည်ရှည်ထိုးလ်တွေမှန်းဘာဘူပြောပြလို့ ကျွန်တော်သိလိုက်ရတယ်။

ငနဲလေးရဲ့ပုံက ဒါကြောင့်မိုးပျံဘူဘောင်း လိုဖြစ်နေတာကိုးလို့ ကျွန်တော်တွေးလိုက်မိတယ်။

"ရဲရင့်သွေးက မင်းကိုတော့တော်တော်လေးစားနေပုံပဲ မှတ်သုန်းသူ့သူငယ်ချင်းတွေကလည်း မင်းအကြောင်းကို ဂိုဏ်းစတားလောက်နီးနီး ခဲ့တားထားလားမသိဘူး။ အရမ်းကိုကြည်ညို နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အတိတ်တဝက ကုသိုလ်တွေပေါ့ကွာ"

"တောက်. . . ငါတောင်မနာလိုချင်တော့ဘူး မုတ်သုန်မိုး၊ ဒီကောင်က အစ်ဝရိုရုပ်တောင် သူ့အစ်မနဲ့မင်းကို ပေးစားချင်နေလားမသိဘူး"

တကယ်တော့ရဲရင့်သွေးရဲ့စိတ်ကူးက ဘာဘူပြောတာနဲ့ဆန့်ကျင်ဘက် ဖြစ်မှန်း အချိန်အတော်ကြာမှ ကျွန်တော်သိခွင့်ရလာခဲ့တယ်။

နောက်တစ်နေ့လှက်ရည်သောက်ချိန်လောက်မှာ မြင်းကားလေးနဲ့ရဲရင့်သွေး ရောက်လာပြန်တယ်။ တကာတော်ရောက်လာတာမို့ ကျွန်တော်တို့ လှက်ရည်ဆိုင်ကို ထွက်လာခဲ့ကြတယ်။

ဆိုင်ရောက်တော့ လှက်ရည်သောက်ရင်း ရဲရင့်သွေးက ကျွန်တော့် အိမ်လိပ်စာမေးတယ်။

"ဘာလုပ်မလို့လဲ ရဲရင့်သွေး လာလည်မလို့လား"

"လမ်းကြုံရင် ဝင်လာမလို့ကိုမိုး"

"မုတ်သုန်မိုးတို့ ဇါတို့ဆီလာရင် မင်းကားရဲ့ ဘန်ဘာတွေပြုတ်ထွက်ကုန်မှာပေါ့ရဲရင့်သွေးရဲ"

ဘာဘူကဝင်ပြောလိုက်တာပါ။

"တုတ်တယ်ရဲရင့်သွေး၊ မင်းကားကနိမ့်လွန်းတယ်။ တို့ရပ်ကွက်က မြို့တွေချည်းပဲ"

"အဲဒီလည်းကားကို လမ်းမမှာရပ်ထားခဲ့ရုံပေါ့ကိုမိုးရာ။ ဒါမှမဟုတ် တခြားကားတစ်စီးစီးနဲ့ လဲလာမှာပေါ့"

"အဲဒီလည်း လိပ်စာယူထားလေ"

ကျွန်တော်နဲ့ ဘာဘူအိမ်လိပ်စာရေးပေးလိုက်တယ်။

ရဲရင့်သွေးက သူငယ်ချင်းဖြစ်တဲ့ အထိမ်းအမှတ်ဆိုပြီး သူ့အစ်ကို ကုမ္ပဏီကတင်သွင်းတဲ့ ရုပ်အင်္ကျီတစ်ယောက် တစ်ထည်စီလက်ဆောင်ပေးတယ်။

ဒီလိုဆိုတော့ လည်းပိုက်ဆံရှိသားသမီးနဲ့ သူငယ်ချင်းဖြစ်ရတာ အနိုင်သားပဲလို့ ကျွန်တော်တွေးလိုက်မိတယ် ။



၅

ကျွန်တော်တို့ ရပ်ကွက်လေးဟာ မိုးရာသီမှာ တုတ်ကွေးဖျားများနဲ့ရှုပ်ထွေးပေါ်ပြီး နွေရာသီမှာ မီးရေးထင်းရေးနဲ့ သူခိုးသူဝှက်အန္တရာယ်ရှိတတ်ပေမယ့် ပျော်စရာပွဲလမ်းသဘင် တွေလည်းပေါလှတယ်။

ကထိန်လိုတွင်းဆန်စိမ်းလောင်းလှူပွဲနဲ့မီးထွန်းပွဲကိုရပ်ကွက်တွင်းပွဲတော်တွေဟာ

ငွေကြေးချမ်းသာတဲ့ သံစဉ်ရှိတို့လိုမိသားစုအနည်းငယ်ကလွဲရင် အများစုက လက်လုပ်လက်စားတွေမို့ လှူညီတယ်၊ ရန်ဖြစ်စရာရှိရင် ဒီလူတွေပဲ လှည့်ဖြစ်ကြ တသိုလ်ရေးပွဲလမ်းသဘင်ကျင်းပတော့လည်းဒီလူတွေပဲတက်ညီလက်ညီ လက်တွဲကြပြန်တယ်။

အခုနှစ် မီးထွန်းပွဲတော်အတွက် အရပ်ထဲမီးအလှဆင်ဖို့ ကျွန်တော်တို့ လူငယ်တွေလုပ်အားပေးကြတယ်၊ ရောင်စုံစက္ကူလိပ်တွေဝယ်ဖို့ ရေဒီယိုနဲ့ ကျွန်တော့်ကိုတာဝန်ပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



တာမွေမှာတကယ်ထွက်ဝယ်တဲ့အခါ ရေဒီယိုမလိုက်နိုင်တော့တာမို့ ကျွန်တော်တစ်ယောက်တည်းထွက်လာခဲ့ရတယ်။

တာမွေအပိုင်းကြီးရောက်တော့

ရေခင်စုံစက္ကူလိပ်နဲ့တခြားလိုအပ်တာတွေဝယ်ပြီး ကားဂိတ်ကိုပြန်လျှောက်လာချိန်မှာ လမ်းဘေးတစ်နေရာမှာရပ်ထားတဲ့ ရဲရင့်သွေးရဲ့မြင်ကားလှလှလေးကို တွေ့မြင်လိုက်ရတယ်။

"ဟင် ရဲရင့်သွေးရဲ့ကားပဲ"

အထုတ်အပိုးတွေနဲ့မို့ လမ်းကြုံလိုက်ပို့နိုင်းရရင်ကောင်းမယ်ဆိုတဲ့ အတွေးနဲ့ ကားနားမှာ ရပ်စောင့်နေလိုက်တယ်။ အတော်ကြာတဲ့အထိရောက်မလာလို့ ကားတံခါးကိုသွားဆွဲဖွင့်ကြည့်တော့ တံခါးက ရှောရှောရှူရှူပွင့်သွားတယ်။

အင်း ... နဲ့လေးတော့ ဒီလိုနမော်နမဲ့နိုင်ပုံနဲ့မကြာခင် ကားခိုးခံရတော့မှာပဲ။

ခြေထောက်တွေညောင်းလာလို့ ကားထဲမှာဝင်ထိုင်စောင့်ရင်း မှေးခနဲတောင် ငိုက်မြည်းသွားတယ်။

ခဏနေတော့ကားတံခါးဆွဲဖွင့်ပြီး မွှေးပျံ့တဲ့ရနံ့နဲ့ နဲ့လေးကားထဲဝင်လာတယ်။

"မင်းကကားကိုပစ်စလက်ခတ် ထားခဲ့တာပါလား"

"ဘာပြောတယ်"

'ဟင်'

ကျွန်တော်ကြက်သေသေသွားတယ်။

ဝင်လာတာဟာ နဲ့လေးမဟုတ်သလို နဲ့မလေးလည်းမဟုတ်ဘူး။

နဲ့မကြီးခင်ဗျ။

မျက်လုံးအစုံပြူးကျယ်ပြီးအံ့ဩသလိုပုံစံနဲ့ စိတ်တိုတောင်းသွားတဲ့ အဲ့ဒီလေဒီကြီးဟာ ကျွန်တော်နဲ့တစ်ခါဆုံခဲ့ဖူးတဲ့ အမျိုးသမီးမှန်းချက်ချင်း ရိပ်မိလိုက်တယ်။

သူမကလည်းမှတ်ဉာဏ်တွေ ထူပိန်းပုံမရဘူး။ မျက်နှာကိုထိုးစိုက်





သူ့တောက် လက်ညှိုး လှမ်းထိုးရင်း—

"မင်းခါးပိုက်နှိုက်ပဲ"

"ဗျာ"

"ဟုတ်တယ်။ ဟိုတစ်ခါတွေ့တဲ့ ခါးပိုက်နှိုက်ပဲ ။ အခုငါ့ကားကို ခိုးမလို့ လုပ်လား။ လာကြပါအုံး ... ဒီမှာ ခါးပိုက်နှိုက် ... ရှင့်"

ကားတံခါးပွင့်ထွက်ရင်းအော်လိုက်တာမို့ ကျွန်တော့်မျက်လုံးတွေပြာဝေသွားတယ်။

"ဟာ ... မဟုတ်ဘူး။ တောက် ... ဒီအမျိုးသမီးတော့"

ကျွန်တော်လည်းသူမနည်းတူ ကားပေါ်ကအမြန်ဆင်းလိုက်ရတယ်။

ခပ်လှမ်းလှမ်း ဆိုက်ကားဂိတ်က ဆိုက်ကားသမားတချို့ သူမအသံကြောင့် ကျွန်တော့်တို့ဆီအပြေးရောက်လာတယ်။

တော်ပါသေးရဲ့။

ပြေးလာတဲ့ဆိုက်ကားဆရာလေးယောက်ထဲက တစ်ယောက်ဟာ ကျွန်တော့်ကို သိသူတစ်ရပ်ကွက်ထဲသားဖြစ်နေတယ်။

"မှတ်သုန်မိုး ဘာဖြစ်လို့လဲ"

"ဒီမှာဗျာ ... ကျွန်တော့်ကိုခါးပိုက်နှိုက်ဆိုပြီး ..."

"ခါးပိုက်နှိုက် ... သူခါးပိုက်နှိုက်ပဲ။ အခုကျွန်မကားထဲမှာ ဘာခိုးမလို့လဲ မသိဘူး။ သူဝင်ထိုင်နေတယ်။"

"ဒါ ... ကျုပ်သူငယ်ချင်းကားမို့ဝင်ထိုင်တာဗျ။ ကျုပ် ... ခါးပိုက်နှိုက်မဟုတ်ဘူး"

ဆိုက်ကားဆရာကလည်း အခြေအနေမရှုတ်ထွေးခင်အလောတကြီး ပြောတယ်။

"ဟုတ်ပါတယ်။ သူ ... ကျွန်တော်တို့ လမ်းထဲကစာက္ကသိုလ်ကျောင်းသား မှတ်သုန်မိုးပါ။ ခါးပိုက်နှိုက်မဟုတ်ပါဘူး။ ခင်ဗျားရမ်းမစွပ်စွဲနဲ့"

ကျေးဇူးကြီးလှပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ကားဆရာရဲ့စကားကြောင့် ဘေးလူတွေကဘာမှ မလုပ်ဘဲအ[illegible] အနေတိုသာရပ်ပြီး အကဲခတ်နေကြတယ်။

"ခါးပိုက်နှိုက်မဟုတ်ရင် မင်းငါ့ကားပေါ် ဘာတက်လုပ်တာလဲ"

"ကျုပ်ပြောပြီးပြီ။ ဒါကျုပ်သူငယ်ချင်းကား။ သူ့ကိုစောင့်ရင်းညောင်း[illegible] ကားထဲဝင်ထိုင်တာ"

"ဘာသူငယ်ချင်းလဲ။ ဒီကားကို ငါမောင်းလာတာ"

"တင်"

သူမလက်ထဲကြည့်တော့လည်း ကားသော့နဲ့မို့ ကျွန်တော် ကြောင်တော[illegible] တောင်ဖြစ်သွားတယ်။

ဒါပေမယ့်...ခပ်ကြာကြာတွေဝေနေလို့ မဖြစ်တာမို့ အလ[illegible] အမြန်ပြန်ပြောလိုက်ရတယ်။

"ကျုပ်သူငယ်ချင်းကားပါသေချာပါတယ်။ ပြီးခဲ့တဲ့အပတ်ကပဲ ဆီလို[illegible] လေခိုလို့ပြင်ပေးလိုက်သေးရတယ်။"

"မင်းသူငယ်ချင်းက နာမည်ဘယ်သူလဲ"

"ရဲရင့်သွေး"

ကျွန်တော့်စကားကြောင့် အမျိုးသမီးမျက်နှာကွက်ခနဲပျက်သွားတယ်။

"မဖြစ်နိုင်ဘူးရဲရင့်သွေးမှာ ဒီလိုခါးပိုက်နှိုက်သူငယ်ချင်းမျိုးမရှိနိုင်ဘူး"

တော်ပါသေးရဲ့။

ဘာပဲဖြစ်ဖြစ်ရဲရင့်သွေးနာမည်ကိုသိပုံရလို့ ကျွန်တော် နည်းနည်[illegible] အေးသွားတယ်။

"ခင်ဗျားမယုံရင် သူ့ဖုန်းကိုဆက်ကြည့်လေ။ ဖုန်းနံပါတ်ကိုသိ[illegible] မဟုတ်လား"

"သူ့ဖုန်းနံပါတ်ကို မသိပဲနေမလား။ ငါ့သူ့အစ်မပဲ"

"ဗျာ"

နောက်တစ်ကြိမ် ကျွန်တော်မျက်လုံးတွေပြာဝေသွားရပြန်တယ်





ဒီအမျိုး သမီးက ရဲရင့်သွေးအစ်မဆိုပါလား။

အင်း...ရဲရင့်သွေးနဲ့တော့မျက်နှာပျက်ရ အုံးမယ့်ကိန်းပဲ။ အမျိုးသမီးက [illegible]တ်ကိုင်ဖုန်းထုတ်ပြီးရဲရင့်သွေးဆီဖုန်းဆက်တယ်။

ဖုန်းရတော့...

'ဟဲ့...ရဲသွေး။ ဒီမှာပြဿနာတက်နေလို့။ "နင်သူ့နဲ့ ပြောကြည့်" ဆိုပြီး [illegible]လှမ်းပေးတယ်။

ကျွန်တော်ရင်တထိတ်ထိတ်နဲ့ဖုန်းကို ယူလိုက်တယ်။

"ရဲရင့်သွေးလား။ ငါပါ။ မှတ်သုန်မိုး"

"ဟာ...ကိုမိုး...ဘာတွေလဲဗျ။ ဘာဖြစ်ကြတာလဲ"

"ငါမင်းကားရပ်ထားတာတွေ့လို့လမ်းကြုံလိုက်မလို့ရပ်စောင့်နေတာ။ [illegible]ညောင်းလာလို့ကားထဲဝင်ထိုင်တယ်။ အဲ့ဒီမှာ...မင်းအစ်မလို့ပြောတဲ့ အမျိုးသမီး [illegible]ယောက်ရောက်လာပြီး ငါ့ကို ခါးပိုက်နှိုက်၊ အလစ်သမားလို့ စွပ်စွဲတော့တာပဲ။ [illegible]...သူ့နဲ့ဆက်ပြောအုံး'

ကျွန်တော်သူမဆီ ဖုန်းပြန်ပေးလိုက်တယ်။

ဘေးနားကပရိသတ်တွေလည်း ဒီလောက်ဆိုဖြစ်မြည်းမည်း လူလုံးကွဲ [illegible]သက်ပါပြီ။ ရောင်စုံစက္ကူလိပ်ထုတ်ကိုဆွဲယူပြီး ဖုန်းဆက်ပြောနေဆဲ သူမနားက [illegible]ထွက်လာခဲ့တယ်။

ဘေးနားပါလာတဲ့ အသိဆိုက်ကားဆရာက "ကံကောင်းလို့မှတ်သုန်ရာ".. [illegible]လှမ်းပြောတယ်။ ဒေါသတွေဆူဝေပြီး လမ်းဆက်မလျှောက်နိုင်တော့လို့ [illegible]ိုက်ကားနဲ့ပဲ ကားဂိတ်လိုက်ပို့ခိုင်းရတယ်။

ဆိုက်ကားဘီးသုံးလေးပတ်လောက်လှိမ့်ပြီးချိန်မှာ ကျွန်တော်နာနာ [illegible]ကျည်းနဲ့တောက်တစ်ချက်ခေါက်လိုက်တယ်။

"တောက်...အမျိုးသား၊ အမျိုးသမီးဆိုတဲ့ စည်းကြီးရှိနေလို့ပေါ့။ [illegible] [illegible]သမီးကို ကျွန်တော်တကယ်ဆွဲထိုးတယ်"

"ဟ...ထိုးစရာလား မှတ်သုန်ရ။ ဒီလောက်လှတဲ့မိန်းမကို..."



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဟာသူလှကာမှ လှရောဗျာ။ သူနဲ့တွေ့တိုင်းခါပိုက်နိုက်လို့ အစွပ်စွဲခံခဲ့ရတယ်။ ခုတစ်ကြိမ်နဲ့ဆိုနှစ်ခါရှိပြီ"

"မင်းကြည့်ရတာ သူ့ကိုတော်တော်မုန်းသွားပုံပဲ"

"မုန်းတာတော့ မပြောနဲ့။ ဖြစ်နိုင်ရင်အစိမ်းလိုက်ကောင်ဝါးစားပစ်လို ချင်တယ်"

မုန်းတီးနာကျင်သံနဲ့ ကျွန်တော်ရေရွတ်လိုက်တော့ ဆိုက်ကားဆရာ သဘောကျသလို တဟားဟားရယ်တယ်။

"မိန်းမတစ်ယောက်ကို နာကျည်းလို့လက်စားချေချင်ရင်ဘယ်တေ လက်သီးမသုံးနဲ့။ ယောကျ်ားသိက္ခာကျတယ်။ မှတ်ထားမုတ်သုန် လက်သီး ထိရောက်တဲ့ လက်နက်ရှိတယ်"

"ဘာလဲဗျ"

"အချစ်ပေါ့။ အချစ်နဲ့သာပစ်ပေါက်လိုက်စမ်းပါ။ အဲ့ဒီမိန်းမ မင်း တစ်ချက်တည်းမှေ့မြောသွားစေရမယ်"

ဆိုက်ကားဆရာကြည့်ရတာ ကိုရီးယားကားတွေမလွတ်တမ်း အား တယ်ထင်ပါရဲ့။

"ကြုံကြိုးစည်ရာဗျာ။ မုန်းပါတယ်ဆိုမှ ဘယ့်နှယ့်လုပ်အချစ်က ဖြစ် မှာလဲ"

"ဟ...ဒီလိုပဲ။ ပရိယာယ်မာယာနဲ့ လုပ်ယူရတာပေါ့ကွ"

"တော်ပါဗျာ။ လုပ်ယူလို့ရရင် အချစ်တော့လုပ်မယူချင်ဘူး။ အဲ့ သမီးရဲ့မာနကို ရိုက်ချိုးရဲတဲ့သတ္တိမျိုးပဲရယူချင်တယ်။"

ကျွန်တော်စိတ်တိုတိုနဲ့ပြောလိုက်မှ အချစ်ဒသနဆရာကြီး ပါးစပ်ပိ တော့တယ်။



၆

"ဘယ်သူကွ"

"လေပြေ. . . ကိုမိုး။ အပြည့်အစုံက လေပြေသွေး"

"အောင်မယ်လေး။ လေပြေမိုးလို့ပေါ့၊ ရဲရင့်သွေးရာ။ လေနီကြမ်းတို့ ဆလဆင်နှာမောင်း တို့သာဆိုဝါတစ်စီဖြစ်မှာသေချာတယ်'

ကျွန်တော့်စကားကြောင့် ဘာဘူနဲ့ရဲရင့်သွေးတဟားဟားရယ်တယ်။ ရဲရင့်သွေးက ကားကိုအရှိန်မြှင့်လိုက်ရင်း။

"ကိုမိုးက သူနဲ့ကျမှတိုက်တိုက်ဆိုင်ဆိုင်သွားတွေ့တာကိုးဗျ။ ပြီးတော့ ကိုမိုးရဲ့ လေပြေနဲ့က ပြဿနာလည်းဖြစ်ထားဖူးတာမဟုတ်လား။"

"ဒါနဲ့အဲ့ဒီတုန်းက သူနဲ့ပါလာတဲ့ တစ်ယောက်က ဘယ်သူလဲရဲရင့်သွေး။ ချင်းအစ်ကိုတော့ မဟုတ်လောက်ပါဘူးနော်"

"မဟုတ်ဘူးကိုမိုး။ အဲ့ဒါမလေပြေနဲ့စေ့စပ်ထားတဲ့လူ။ ဒါပေမယ့်ခုထိ တစ်ယောက်နဲ့လည်း မယူဖြစ်ခဲ့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"မပြောတတ်ဘူး။ မလေပြေက အစွန်းရောက်တာလား၊ ဆိုက်ကိုဖြစ်ချင်တာလား မသိဘူး။ တော်ရုံယောကျာ်းကိုအထင်မကြီးဘူးဗျ"

အထင်မကြီးရင် အထင်သေးတာပေါ့ ဆိုတဲ့အတွေးနဲ့ ကျွန်တော့် မခံချင်စိတ်တွေ စပ်ဖြင်းဖြင်းဖြစ်သွားတယ်။ ရှေ့ကြည့်ပြီးကားမောင်းနေတဲ့ ရဲရင့်သွေး ကတော့ တင်းခနဲဖြစ်သွားမယ့် ကျွန်တော့်မျက်နှာကို သတိထားမိမှာ မဟုတ်လို့တော်ပါသေးတယ်။

ကျွန်တော့်ကိုခါးပိုက်နှိုက်စွပ်စွဲခဲ့တဲ့ အမျိုးသမီးအကြောင်းပြောနေတုန်းမှာပဲ တိုက်တိုက်ဆိုင်ဆိုင် အဲဒီပြဿနာကို စတင်ခဲ့တဲ့ ပြဿနာငနဲကို လမ်းပေါ်မှာရိပ်ခနဲတွေ့မြင်လိုက်ရတယ်။

'ရဲရင့်သွေး...ကားခဏရပ်'

ကျွီခနဲဘရိတ်ဖမ်းပြီး ကားရပ်လိုက်တာနဲ့ ကျွန်တော်ကားတံခါးဖွင့်ပြီး အောက်ကိုအမြန်ဆင်းလိုက်တယ်။

"မင်းတို့ကားပေါ်မှာပဲ စောင့်နေခဲ့ကြ။ ငါ့နောက် လိုက်မလာကြနဲ့"

ကျွန်တော့်စကားကြောင့် ရဲရင့်သွေးနဲ့ဘာဘူက နားမလည်သလိုကြောင်အန်းအန်းပြန်ကြည့်တယ်။

ကျွန်တော်ကားတံခါးပြန်ပိတ်ပြီး ပြဿနာငနဲရှိရာကို လျှောက်လာခဲ့တယ်။ ခေါင်းငိုက်စိုက်ချပြီးလျှောက်လာတဲ့ ငနဲကကျွန်တော့်ကို သတိမထားမိသေးဘူး။ ကျွန်တော်သူရှိရာ ဦးတည်လျှောက်သွားပြီး အနားရောက်တော့ ပုခုန်းချင်းဝင်တိုက်ပစ်လိုက်တယ်။

ပြီးတော့ အိတ်ထဲက ထုတ်ပြီး လက်ထဲကြိုတင်ကိုင်လာတဲ့ ငွေစက္ကူသုံးလေးရွက်ကို လမ်းပေါ်လွှတ်ချလိုက်တယ်။

သူနဲ့တိုက်မိလို့အိတ်ထဲက ထွက်ကျသွားတဲ့ပုံမျိုး တမင်လုပ်လိုက်တယ်။

"ဟင်"

ငနဲကကျွန်တော့်ကိုမှတ်မိသွားပြီး မျက်လုံးအစ်ပိုင်းစက်သွားတယ်





ကျွန်တော်က သူ့မျက်နှာကို တစ်လှည့်လမ်းပေါ်က ပိုက်ဆံတွေကို တစ်လှည့်ကြည့်လိုက်ပြီးအကျီအိတ်ကပ်ကို လက်နဲ့ဖိလိုက်တယ်။

"ဟင်...ခါးပိုက်နှိုက်"

"ဘာကွ"

"မင်းငါ့ပိုက်ဆံတွေကို နှိုက်တယ် ခါးပိုက်နှိုက်ပဲ"

ကျွန်တော် သူ့မျက်နှာကို စိုက်ကြည့်ပြီးပုံမှန်အသံထက် နည်းနည်းလေးမြှင့်အော်လိုက်တယ်။

"တာ...ငါ...မဟုတ်..."

"ခါးပိုက်နှိုက်"

ငနဲက ခြာခနဲလှည့်ပြေးတယ်။

အနီးပတ်ဝန်းကျင်မှာ ဘယ်သူမှ မရှိတာမို့ ကျွန်တော်အကျယ်ကြီး အော်လည်းသူ့နောက်ကိုဆွမ်းကြီးလိုက်လောင်းမယ့်လူဘယ်သူမှမရှိပါဘူး။

ဒါပေမဲ့ ငနဲလှည့်ကြည့်တော့ ကျွန်တော်သူ့ကိုလက်ညှိုးထိုးပြီး ခါးပိုက်နှိုက်လို့အော်ရင်းအတင်းပြေးလိုက်မယ့်ပုံလုပ်လိုက်တယ်။

ငနဲခမျာ ဖနောင့်နဲ့ တင်ပါးတစ်သားတည်းကျအောင်ပြေးပါတော့တယ်။

ကျွန်တော်ပိုက်ဆံတွေ ကောက်ပြီးကားထဲ ပြန်ရောက်လာတော့ ရဲရင့်သွေးက အံ့ဩသလိုငေးစိုက်ကြည့်ပြီး။

"ကိုမိုးလက်စားခြေပုံက သင်းတယ်ဗျာ။ ဒါ...ဟိုပြဿနာကောင်လား"

"အစစ်ပေါ့။ ဒါပေမယ့် အတိအကျလက်စားခြေတာတော့ မဟုတ်ပါဘူး။ အဲဒါလက်စားခြေချင်ရင် လူများတဲ့နေရာ အထိလိုက်သွားပြီးမှ အော်မှာပေါ့။ ခုဟာက သင်ခန်းစာပေးရုံ သက်သက်ပါ။ ဒါမှ မဟုတ်မဟတ်စွပ်စွဲတဲ့ အကျင့်ကိုဆင်ခြင် သွားမှာ"

"လက်စားခြေတာ မဟုတ်လဲ လက်တုန့်ပြန်တာပေါ့ မှတ်သုန်ရဲ့။ သိပ်တော့ မကွာပါဘူး"

နောက်ခန်းက ဘာဘူလှမ်းပြောတာပါ။

"အင်းလေ...ဟုတ်ချင်လည်းဟုတ်မှာပေါ့။ ကဲ...မောင်းတော့ ရဲရင့်သွေး။



www.burmeseclassic.com

www.burmeseclassic.com



မင်းတား... တလစ်ဝါရှာလဲမယ့်ဟာ၊ ခုချိန်ထိ ဝါရှာမဝယ်ရသေးဘူး။ နောက်ကျလို့ တိုင်မိုး ပွင်နေအုံးမယ်"

အဲ့ဒီနေ့က အေသုံးလုံးမှာ ကလပ်ဆိုဝါရှာ ဝယ်ပြီးရဲရင့်သွေးကားကို ဝါရှာလဲပေးလိုက်တယ်။

တကယ်က သူ့ကလပ်ဆိုကဘာမှ ဖြစ်လှတာမဟုတ်ပါဘူး။ ကျွန်တော်တို့ဆီ အဝင်အထွက် ကောင်းအောင်၊ ကားပြင်ရင်းတို့ အကြောင်းဒီအကြောင်း လေကန်လို့ကောင်းအောင် အကြောင်းမရှိအကြောင်းရှာပြီးလာမြင်တဲ့ သဘောပါ။

အံ့ဩဖို့ကောင်းတာက လေပြေသွေးဆိုတဲ့သူ့အစ်မကို မုန်းသလောက် သူ့ကိုတော့ ကျွန်တော်ခင်မင်မိတယ်။

ရဲရင့်သွေးကလည်း ကျွန်တော့်အပေါ် ခင်ရှာတယ်။

ဒါပေမယ့်... ကျွန်တော့်ထက်ပိုပြီးသူ့ခင်မင်ချင်သူရှိနေမှန်း အဲ့ဒီအချိန်က ကျွန်တော် မစဉ်းစားမိခဲ့ဘူး။

■



၇

ပွဲတော်တော်နေလို့ထင်ပါရဲ့။

လူတွေအားလုံးဟာ တောက်တောက်ပြောင်ပြောင်ဝတ်ပြီး ရောင်စုံမီးချောင်း ဆောင်အောက်မှာ တိုတိုဒီဒီလမ်းသလားနေကြတယ်။

ကျွန်တော်တို့ထိုင်နေကျ ဘူးသီးကြော်ဆိုင်လေးဟာ ပွဲတော်ရက်မို့ လမ်းမကြီးပေါ်ကို ပြောင်းဖွင့်တဲ့အတွက် ကျွန်တော်တို့အုပ်စုလည်း နေရာပြောင်းပြီး ထိုင်ကြတယ်။

ကျွန်တော်ကတော့ အိမ်ရှင်လိုဖြစ်နေတာမို့ လမ်းမပေါ်ရပ်ထားတဲ့သူ့ကားကို စိတ်မချလို့ မကြာခဏလှမ်းကြည့်ပေးနေရတယ်။

အဲ့ဒီအချိန်မှာပဲ သံစဉ်ချိုနဲ့သူ့မောင်လေး အကြော်လာဝယ်တယ်။ သံစဉ်က ချစ်းတစ်ယောက်ရှိနေမှန်း မရိပ်မိသေးတာမို့ ကျွန်တော်တို့ဝိုင်းမှာ ဝင်ထိုင်တယ်။

ကျွန်တော်လူမှုရေးအရ သူမကို ရဲရင့်သွေးနဲ့မိတ်ဆက်ပေးလိုက်တယ်။

"ရဲရင့်သွေး..ဒါ့သူငယ်ချင်း သံစဉ်ချိုဆိုတာပေါ့။ သံစဉ်..သူကရဲရင့်သွေးတဲ့ တော်မှကျောင်းသား"



www.burmeseclassic.com

www.burmeseclassic.com



သံစဉ် မျက်လုံးတွေ ဝိုင်းခနဲဖြစ်သွားတယ်။

ကြည့်ရတာ အခုမှ လူစိမ်းတစ်ယောက် ရှိနေမှန်း သိသွားပြီး အံ့ဩသွားပုံ ရိုးရဲ့။

"တွေ့ရတာဝမ်းသာပါတယ် မသံစဉ်ချို"

"အော်... ဟုတ်ကဲ့"

သံစဉ်က ဒါပဲပြောပြီး ခဏနေတော့ မှာထားတဲ့အကြော်ရလို့ထပြန်သွားတယ်။ ရဲရင့်သွေးက ရေဒီယိုနဲ့ ဓာတ်စာကပြောလက်စဘောလုံးပွဲအကြောင်း ဆက်ပြောတယ်။

မိတ်ဆက်ပွဲက မြန်ဆန်သလိုတွေ့ဆုံချိန်ကလည်းတိုတောင်းလှပါတယ်။

ဒါပေမယ့်... အဲ့ဒီတွေ့ရဲ့နောက်ဆက်တွဲကို နောက်တစ်နေ့မှပဲ ကျွန်တော် ကြားသိလာရတယ်။

ပထမဦးဆုံး စတင်လာသူက ရဲရင့်သွေးပါ။

"ကိုမိုး... ကျွန်တော်သိချင်တာတစ်ခုရှိလို့... မေးလို့ရမလား"

အလယ်တန်းကျောင်းသားလေးလို ရိုးရိုးကျိုးကျိုးစကားစလာလို့ ကျွန်တော် ရယ်ချင်သွားတယ်။

"ဆယ့်သုံးနှစ်သား လူပျိုပေါက်ကလေးလို စွတ်ရွတ်ရိုသေပြမနေစမ်းပါနဲ့ ရဲရင့်သွေးရာ။ မင်းဘာသိချင်တာလဲ တို့ဝပ်ရှော့ပိုင်ရှင်ရဲ့သမီးအကြောင်းလား။ ဒီနားက ကောင်မလေးတွေ တစ်ယောက်မှ မစုံပါဘူး ရဲရင့်သွေးရာ..."

"ကျွန်တော် သိချင်တာက ကောင်မလေးအကြောင်းတော့ ဟုတ်တယ် ကိုမိုး။ ဒါပေမယ့်... ဒီနားက ချာတိတ်မတွေမဟုတ်ဘူး"

"အို့ဒြင့်...ဘယ်သူလဲ"

"သံ့စဉ်ချို... ပါ"

"ဟင်"

မထင်မှတ်တဲ့နေရာက ဖြတ်ဝင်လာတဲ့ဘောလုံးတစ်လုံးနဲ့ မျက်နှာချင်းဆိုင် လိုက်ရတဲ့ ဂိုးသမားတစ်ယောက်လို... ကျွန်တော်အငိုက်မိသွားတယ်။





"ဟိုလေ... ကိုမိုးနဲ့သူနဲ့က တကယ်ရိုးရိုးပဲလား"

ကျွန်တော်လျှာတွေ အာစေးမိထားသလိုလေးလံနေပေမယ့် တတ်နိုင်သမျှတော့ အတည်ငြိမ်ဆုံးဖြစ်အောင်ကြိုးစားလိုက်တယ်။

"ရိုးရိုးပါပဲ ရဲရင့်သွေးရဲ့။ မင်းကဘယ်လိုထင်လို့လဲ"

"မထင်တတ်ပါဘူး ။ ကိုဘာဘူတို့ကပြောတော့ ..."

"သူတို့လျှောက်နောက်နေတာပါ။"

"ဒါဆို..."

"ဘာလဲ ရဲရင့်သွေး"

"ကျွန်တော်စိတ်ဝင်စားခွင့်ရှိသလား ကိုမိုး"

ကျွန်တော်ဘယ်လိုဖြေရမှာလဲ။

အရပ်ထဲက ချာတိတ်တွေကတော့ ဖိုကိုကြောက်လို့စိတ်မဝင်စားရဲကြဘူးလို့ အမှန်အတိုင်းပြောလိုက်ရမှာလား။

"မင်းသဘောပဲရဲရင့်သွေး"

"ဗျာ"

"မင်းစိတ်ဝင်စားချင်ရင် ဝင်စားခွင့်ရှိတာပေါ့။ ဒါပေမယ့်တစ်ခုတော့ကြိုပြောထားမယ်။ အပျော်သဘော လက်တည့်စမ်းတာမျိုး၊ သူငယ်ချင်းချင်း မျက်နှာပျက်ရမယ့် ကိစ္စမျိုးတော့ဒီလိုးဝသည်းခံမှာ မဟုတ်ဘူး"

'ဟာ... အဲ့ဒါမျိုးမဟုတ်ပါဘူးဗျာ။ ကျွန်တော်အဲ့ဒီလောက် အောက်တန်းမကျပါဘူး"

"ပြီးရောလေ"

ဘေးနားက ဝှက်ကိုယူပြီး ဒူးဆစ်ဖြတ်ထားတဲ့ ကားအောက် ကျွန်တော် ဝင်လိုက်တယ်။

■



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအသိပေးလာသူက သံစဉ်ချိုပါ။

"အဲ့ဒီတစ်ယောက်ကို... ငါကျောင်းမှာ သုံးလေးခါမက မြင်ခဲ့ဘူးတယ် မှတ်သုန်ရဲ့"

"ဟုတ်မှာပေါ့။ သူငါတို့ကျောင်းလာဖူးတယ် ပြောတာပဲ"

"ဟဲ့... ဒါပေမယ့် သူလာတာငါ့အတန်းရှေ့ချည်းပဲ"

"ဟင်"

ကျွန်တော်မျက်မှောင်ကြုံပြီးသံစဉ်ကို အကဲခတ်လိုက်တော့ သူမမျက်နှာက စိတ်ရှုပ်နေသလိုမျိုးဖြစ်နေတယ်။

"ငါ့အထင်ပြောရရင် အဲ့ဒီတစ်ယောက် ငါ့ကိုများလာရစ်နေသလားပဲ။"

သံစဉ်လေသံက ဂုဏ်ယူဝင့်ကြွားပုံမျိုး မဟုတ်ဘဲစိတ်ပျက်လက်ပျက်ဖြစ် နေသလိုမျိုးပါ။

"အဲ့ဒီတော့... နင်ဆိုလိုချင်တာက ဘာလဲသံစဉ်"

"ဟင့်အင်း... ငါဘာမှ မဆိုလိုချင်ဘူး။ သူ... ငါတို့ အုပ်စုထဲဝင်လာပုံက ထူးဆန်းလို့ စဉ်းစားနေတာ။"





"နင်ဆိုလိုတာက မရိုးမသား ဝင်လာတယ်ဆိုတဲ့သဘောလား"

"မသိဘူးလေ။ သူနဲ့တို့ဆီကားလာပြင်တယ် ဆိုတာရော တမင်အတတ်လမ်း ဆင်တာ မဖြစ်နိုင်ဘူးလား"

ရုတ်တရက် ကျွန်တော့်အတွေးတွေရှင်းခနဲဖြစ်သွားပြီ လေတစ်ချက်ချွန် လိုက်တယ်။

"ဘာဖြစ်တာလဲမှတ်သုန်ရဲ့"

"သဘောကျလို့ပါ။ နင်တွေးတာအမှန်ပဲ သံစဉ်။ သူငါတို့ဝပ်ရှော့ကို ရောက်လာတာ ရည်ရွယ်ချက်ရှိရှိနဲ့ တမင်ရောက်လာတာပဲ။ ငါ့ကိုရင်းနှီးအောင် ကြိုးစားတာဟာလည်း နင့်ဆီဦးတည်ချင်လို့ပဲ"

"အဲဖြင့်.. ငါဘာလုပ်ရမလဲ မှတ်သုန်"

သံစဉ်က စိုးရိမ်တကြီးလေသံနဲ့မေးလာလို့ ကျွန်တော်ပြုံးလိုက်မိတယ်။

"နင့်သဘောပေါ့ သံစဉ်။ လူဆိုတာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးရမှာပဲ။ တခြားလူက ဖန်တီးပေးလို့မှမရတာ။ နင့်ဘာသာဆုံးဖြတ်ပေါ့"

"နင့်မစိုးရိမ်ဘူးလားမှတ်သုန်"

"ဘာကိုလဲ"

"သူ...ငါတို့ကြားထဲ ဝင်လာတာကို"

ကျွန်တော်ဟက်ခပ်နဲ့ရယ်ပြီး ခေါင်းရမ်းလိုက်တယ်။

"ငါ... စိတ်ထဲမှာတောင်မထားဘူး။ ဒါပေမယ့် တစ်ခုတော့ရှိတယ်။ သူ... မရိုးမသားတဲ့ အကွက်တွေသုံးလာရင်တော့ ငါ့လက်သီးနဲ့တွေ့မှာပဲ"

ကျွန်တော်ခပ်မာမာ ပြောလိုက်တော့ သံစဉ်ချိုကခေါင်းညိတ်ပြီး ကျေနပ်သံနဲ့ ရွတ်တယ်။

"ငါ... ယုံတယ်မှတ်သုန်။ နင်ငါ့ကို ပစ်မထားဘူးဆိုတာငါသိတယ်'

"ပစ်ထားစရာလား သံစဉ်ရာ။ နင်နဲ့ငါနဲ့က..."

"ဘာဖြစ်လဲ မှတ်သုန်"

"အခင်ဆုံးသူငယ်ချင်းတွေပဲဟာ။ နင့်ရှေ့က ငါရပ်တည်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရစ်တည်ပေးရုံပဲလား"

"လိုအပ်ရင်လည်းကာကွယ်စောင့်ရှောက်ရမှာပေါ့ သံစဉ်ရယ်"

သံစဉ်သက်ပြင်းချတယ်။

ခပ်လှမ်းလှမ်းလဘက်ရည်ဆိုင်ကသီချင်းသံကျွန်တော်

ဆီလွင့်မျောလာတယ်။

သူငယ်ချင်းကို မချစ်ရဘူးလို့×××ဘယ်သူတွေစပြောခဲ့လဲ××

နင်လမ်းမှာချနင်းဖို့ ငါ့ဘဝကိုပုံအောခဲ့တယ်×××လိုအပ်ရင်အခင်ဆုံးလို့နင်ငါ့ကိုပုံပြော

တယ်×××။

ECOND

HALF

၁

ကျွန်တော်ဟာသူ့ရဲကောင်းဝါဒကို

ကိုးကွယ်သူမဟုတ်သလို ပြဿနာတိုင်းရဲ့ရှေ့မှာသူ့ရဲကောင်း

ဆန်ဆန် ထွက်ရပ်ရတာမျိုးကိုလည်း ငါသနာမပါတာ အမှန်ပါ။

ဒါပေမယ့်...ရှေ့မှာတွေမြင်နေရတဲ့ ပြဿနာမှာတော့

ကျွန်တော်ဝင်ပါရတော့မယ် ဆိုတာကို အလိုလိုသိလိုက်တယ်။

တစ်ချိန်တည်း ဘုရင့်နောင်လမ်းမပေါ် လမ်းလျှောက်

ချင်စိတ်သာဝင်မလာမိရင် ကောင်းမှာပဲလို့ လည်းတွေး

လိုက်မိတယ်။

ကျွန်တော်တို့ကျောင်းတွေပြန်ဖွင့်နေပြီမို့ကိုမျိုးဝပ်ရှေ့မှာ

အလုပ်မဆင်းတော့ပေမယ့်မကြာမကြာ တော့ရောက်

လေ့ရှိတယ်။

ခုတစ်ခေါက်ကိုမျိုးကကားပစ္စည်းဝယ်ပေးဖို့အကူအညီ

တောင်းတာနဲ့ဘုရင့်နောင်ဈေးမှာလာဝယ်ပေးပြီးအပြန်မှာ





www.burmeseclassic.com

www.burmeseclassic.com



ရသပိုတညာယာနေလို့ဘတ်စ်ကားမစီးသေးဘဲလမ်း လျှောက်လာမိတယ်။

တစ်နေရာရောက်တော့ ရပ်ထားတဲ့ကားလှလှတစ်စီး အမျိုးသမီးလှလှ တစ်ယောက်နဲ့ လူသုံးယောက်ရဲ့ပြဿနာဟာ ကျွန်တော့်မြင်ကွင်းထဲကို ဘွားခနဲ ဝင်ရောက်လာတယ်။

ကားကိုမထွက်နိုင်အောင်လူသုံးယောက်က တမင်တားထားတာပါ။ ကားမြှုတင်းက ကိုယ်တစ်ခြမ်းထွက်နေသူအမျိုးသမီးကိုတော့ ကျွန်တော်ဝိုးတိုးဝါးတားပဲတွေ့မြင်နေရတယ်။

"ခင်ဗျားကားတာယာကို ကျုပ်တို့လဲပေးတယ်လေ။ အဲ့ဒီအတွက် သဒ္ဓါကြေးပေးဖို့ အသာတကြည်တောင်းနေတာဗျ"

"ကျွန်မငွေငါးထောင်တောင်ပေးပြီးပြီမဟုတ်လား။ သဒ္ဓါကြေးထက် အများကြီးပိုနေပြီ"

"အခုငါးထောင်ကကျုပ်တို့သုံးယောက်အာဆွတ်ရုံလောက်ပဲရှိမှာအမျိုးသမီးရဲ့ အိမ်အပြန်ပါဆယ်ပိုးလိုသေးတယ်"

အခြေအနေကြည့်ရတာ ကားတာယာလဲပေးပြီးအေးဓါးပြတိုက်နေပုံပါ။ ကျွန်တော့်အတွေ့အကြုံအရ ဒီလိုလူမျိုးတွေဟာ သတ္တိနည်းလေ့ရှိတာမို့ တကယ်မာမာ ထန်ထန်လူမျိုးနဲ့တွေ့ရင်ရှောင်ထွက်သွားလေ့ရှိတယ်။

ကျွန်တော်မနေသာတော့ဘဲ ဇာတ်ပို့သရုပ်ဆောင်ဝင်လုပ်လိုက်တယ်။

"အဲ့ဒီသဒ္ဓါကြေးကို ကျွန်တော်ပေးမယ်။ ကဲ...အစ်မကြီးခင်ဗျား ကားထွက်လို့ရပြီ"

ကားတံခါးကိုခပ်ကြမ်းကြမ်းပုတ်ပြီး ကျွန်တော်ဝင်ပြောလိုက်တော့ ...

လင့်ခရုဆာပေါ်က အမျိုးသမီးမပြောလည်း ဒီလိုအခွင့်အရေးမျိုးစောင့်နေတာ ထင်ပါရဲ့။

ကျွန်တော့်စကားဆုံးရင်ပဲ ဝမ်းသာအားရနဲ့ ဂွခနဲမောင်းထွက်သွားတယ်။

လူကြမ်းသုံးယောက်ရဲ့ ဒေါသဟာ ကျွန်တော့်အပေါ်စုပြုံကျရောက်လာ ပါတော့တယ်။





"ဟေ့ကောင်...မင်းဘာရှုတ်တာလဲ"

သုံးယောက်စလုံးဝိုန်းခနဲ ပြေးဝင်လာကြတယ်။

မြန်လိုက်တာလည်း လျှပ်စီးလက်သလား ထင်ရပါတယ်။

ကျွန်တော်ချက်ချင်းပဲ အတွက်မှားသွားပြီလို့သိလိုက်တယ်။ အခု သုံးယောက်ဟာ ကျွန်တော်တွေ့ကြုံခဲ့ဖူးတဲ့ အပျော်တမ်းသမားမျိုးတွေ မဟုတ်ဘဲ တကယ့် (ပရိုဖက်ရှင်နယ်)ထ သမားတွေပါ။

ဒီပုံအတိုင်းဆိုပြေးမှ ဖြစ်လိမ့်မယ်လို့သိပေမယ့် အခြေအနေကပြေးခွင့် မသာအောင် ဖြစ်နေတယ်။

အဲ့ဒီအချိန်မှာပဲ စောစောကလင်ခရူဇာကားဟာတွန်းတတိတိနဲ့ ဝေါခနဲ ပြန်ရောက်လာတယ်။

"လာ...လာ...ကားပေါ်တက်"

အမျိုးသမီးရဲ့အသံကတောင်နောက်ကျနေပါသေးတယ်။

ကျွန်တော်ကားပေါ်ခွေ့ခနဲရောက်သွားချိန်မှာပဲ ကားကဝူးခနဲ မောင်းထွက် လိုက်တယ်။ အတော်လေးမောင်းပြီးမှ...

"ကျေးဇူးဗျာ...အဲ"

"တင်...မင်း...မင်း"

ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ကြက်သေသေသွားကြတယ်။

အများမျှော်လင့်ထားကြတဲ့ အတိုင်းပါပဲ။

ကားမောင်းသူ အမျိုးသမီးဟာ ကျွန်တော်ရဲ့မိတ်ဆွေတောင်းကြီး...

"လေပြေသွေး"ဆိုတဲ့ အမျိုးသမီးပါ။

သူမကယောင်ပြီးကားကို ကျွီခနဲ ဘရိတ်အုပ်လိုက်ချိန်မှာပဲ ကျွန်တော် ကားပေါ်ကဖြတ်ခနဲပြန်ဆင်းလိုက်တယ်။

"ဆောရီးဗျာ...ခင်ဗျားမှန်းသိရင် ကျွန်တော်ဝင်မကူဘဲရှောင်ထွက် သွားတယ်။ တကယ်ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့မျက်နှာကို စေ့စေ့ကြည့်ပြီး ကျွန်တော်ပြောလိုက်တယ်။ ပြီးတာနဲ့ ထင်ခဲ့ရှာ နာကျည်းခြင်းနဲ့ ကျွန်တော်လှည့်ထွက်လာခဲ့တယ်။

■





ကိုမျိုးက အရေးမကြီးဘူးဆိုတဲ့သဘောနဲ့ လက်ကာပြပေမယ့် ကျွန်တော်ကတော့ အပြစ်ရှိသူလို မနေတတ်မထိုင်တတ်ဖြစ်နေတယ်။

"ကျွန်တော် အဲ့ဒီနေရာမှာ မတွေ့တွေ့အောင်ပြန်သွားရှာမယ်ကိုမျိုး။ မတွေ့ရင် စိုက်ပြီး ကျွန်တော်ပြန်ဝယ်ပေးပါ့မယ်။"

"မလိုပါဘူး မုတ်သုန်ရာ။
မင်းနဲ့ငါ့အကြားမှာဘောလ်ပင်တစ်လုံးဆိုးကဘာမှ မပြော ပလောက်ပါဘူး။
သွားလည်းရှာမနေနဲ့တော့။နေ့လည်အုံနာလာရင်ရွှေမောင်းတို့ အငယ်လေးတို့ခြံထဲမှာ ထိသွားဝယ်လိုက်မယ်။"

"မင်းဘာသာကျောင်းသွားမှာသွားတော့"

ကိုမျိုးစကားကြောင့် ကျောင်းကိုထွက်လာခဲ့ပေမယ့် ကျွန်တော့်စိတ်ထဲမှာတော့မကြည်မလင်ဖြစ်နေမိတယ်။

ဘုရင့်နောင်ကဝယ်လာတဲ့ ဘောလ်ပင်းဟာ ရန်ဖြစ်တဲ့နေရာမှာပဲကျ သွားတယ်ထင်ပါရဲ့။

လေပြေသွေးနဲ့ တတိယအကြိမ်ပြောက် ဆုံဆည်းမှုမှာလည်း ကျွန်တော်တာ သောင်းကျော်တန် ဘောလ်ပင်းတစ်လုံးဖိုး နစ်နာရပြန်တယ်ဆိုတဲ့ အတွေးနဲ့ တနုံ့နုံ့ဖြစ်နေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



နေပူတဲ့တဲ့ အဲ့ဂုတ္တသိုလ်ကျောင်းဝင်းထဲ ကျွန်တော်လျှောက်လာတုန်း ကားတစ်စီးက ကျွန်တော့်ဘေးနားမှာလျှောခနဲထိုးရပ်လာတယ်။

ကြည့်လိုက်တော့ နုတ်ခမ်းနီရဲရဲ၊ နေကာမျက်မှန်မည်းမည်းနဲ့ မထိတရို စိုက်ကြည့်နေတဲ့ လေပြေသွေးကို တအံ့တသြတွေ့မြင်လိုက်ရတယ်။ သူမက ကားမှန်ကို လျှောခနဲချလိုက်ပြီး....

'ကားပေါ်တက် မုတ်သုန်မိုး'

သူမရဲ့အသံနေအသံထားက အမြဲတမ်းအမိန့်ပေးနေကျမှန်းသိသာ လှပါတယ်။ ကျွန်တော် ထောင်းခနဲဖြစ်သွားတာမို့ ဘာမှပြန်မပြောဘဲ ဆက်လျှောက် လာခဲ့တယ်။

စက်သံညက်ညောလှတဲ့ သူမရဲ့ကားနက်ကြီးကလည်း ဘီးတစ်လိမ့်ချင်းလှိမ့်ပြီး ဖြည်းဖြည်းချင်းလိုက်ပါလာတယ်။

ဘေးနားကနေ ဖြတ်သွားတဲ့ကျောင်းသူတချို့ကကျွန်တော့် အဖြစ်ကိုတွေ့မြင်ပြီးအချင်းချင်းလက်တုတ်ရယ်မောသွားကြတယ်။

သူတို့အမြင်မှာတော့ ကျွန်တော်ဟာစိတ်ကောက်နေသူ ဂျစ်ကန်ကန် ချာတိတ်လေးဖြစ်ပြီး၊ ကားနက်ကြီးပေါ်က သူမကတော့ စိတ်ရှည်လက်ရှည် လိုက်ချော့နေသူ မမကြီး ပေါ့လေ။

ပါးစပ်ကို လက်နဲ့အုပ်ပြီး တခိခိရယ်မောသူဟာ ကောင်မလေး တစ်ယောက်၊ နှစ်ယောက်စကနေ လေးငါးဆယ်ယောက်မကဖြစ်လာတယ်။ ဒီကြားထဲ အတန်းထဲက ကြော်ငြာအခြပ်ပိုတို့ အုပ်စုလည်းပါလို့ ကျွန်တော်စိတ်ညစ် သွားတယ်။

သေတော့မှာပဲ....။

ဒီအမျိုးသမီး ဘာဖြစ်လို့လှည့်ပြန်မသွားပါလိမ့်။

'ခင်ဗျားလုပ်တာ လူတွေ ရယ်ကုန်ပြီဗျ'

'တုတ်လား။ ဒါဖြင့်လည်း ကားပေါ်တက်လေ။ မဟာက်ရင် ရယ်ရုံမကဘဲ ဝိုင်းဟားစရာဖြစ်ကုန်လိမ့်မယ်။ ဒါနဲ့ ... မင်းကျန်ခဲ့တဲ့ ကားပစ္စည်းပြန် မယူချင်ဘူးလား'

'ဘာ....ဘယ်မှာလဲ အဲ့ဒီပစ္စည်း'

'ကားပေါ်ရောက်ရင် ပြောပြမယ်'





ကျွန်တော် တွေခနဲဖြစ်သွားတယ်

ကျွန်တော့်ကြောင့် ကိုမျိုးတစ်ယောက်ကားအုံနာရဲ့ အပြောသိုးခံရမှာ စိုးတာကြောင့် ကျွန်တော် ခေါင်းညိတ်ပြီး ကားပေါ်တက်လိုက်တယ်။

ကျွန်တော်ကားထဲရောက်တယ်ဆိုရင်ပဲ သူမက ကားကို ဝေါခနဲမောင်း ထွက်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ရန်သူတွေတောင် တစ်စားပွဲထဲထိုင်ပြီး ဆွေးနွေးလို့ရသေးတာပဲ။ မင်းနဲ့တို့ ပြေပြေလည်လည်စကားပြောလို့ရမှာပါ'

သူမက အအေးခွက်မှာ ကပ်နေတဲ့ ရေစက်လေးတွေကို လက်နဲ့သပ်ရင်း စကားစတယ်။ ကျွန်တော်က စိတ်ရှုတ်ထွေးတိုတောင်းနေသူမို့ ပြေလည်ဖို့အရေး တကြီးစဉ်းစားမနေပါဘူး.....

'ခင်ဗျားနဲ့ကျွန်တော့်ကြားမှာပြောစရာစကားထက် ပေးစရာကားပစ္စည်းပဲ ရှိတယ်။ ဘယ်မှာလဲ ကျွန်တော်ကျန်ခဲ့တဲ့ပစ္စည်း'

'ဖြည်းဖြည်းပေါ့ မှတ်သုန်မိုးရဲ့။ မင်းပစ္စည်းပြန်ရမှာပါ။ တို့ပထမဆုံးပြောချင်တာက မင်းကို ခါးပိုက်နှိုက်လို့စွပ်စွဲမိတဲ့အတွက် တောင်းပန်တယ်။ အဲ့ဒီစွပ်စွဲမှုကို အခုပြန်ရုတ်သိမ်းတယ်'

'ဒါပဲလား။ ခင်ဗျားပြောချင်တာ...'

ကျွန်တော်ခပ်ဆတ်ဆတ်မေးလိုက်တော့၊ နှုတ်ခမ်းနီကြောင့် စိုလက်နီရွှေ နေတဲ့အပြုံးတစ်ခုသူမနှုတ်ခမ်းပေါ်မှာ ဖြတ်ခနဲပုံးပွင့်လာတယ်။

ကျွန်တော်နဲ့သူမသာ ကတောက်ကဆမဖြစ်ခဲ့ဖူးရင် အတော်ရင်ဖိုဖို့ကောင်း မယ့်အပြုံးပါ။

ဒါပေမယ့်...ကျွန်တော့်ရင်ထဲက ပစ္စည်းမဲ့မာနက ရင်ဖိုလိုက်မောမှုကို ခွင့်မပြုခဲ့ဘူး။





'တို့မင်းကို စိတ်ဝင်စားတာ အဲ့ဒီဆေးဖိုကြွားကြွားချစ်ကန်ကန်ရှိုက် ကြေးမြဲ မှတ်သုန်မိုး'

'တင်'

'မနေ့ကမှ မင်းဟာ ကူညီလိုစိတ်အပြည့်ရှိတဲ့ မဟုတ်မခံချာတိတ် တစ်ယောက်မှန်းတို့ရိပ်မိလာခဲ့တယ်၊ဒါကြောင့်ရဲရင့်သွေးကို မေးကြည့်ရင်း မင်းအကြောင်းတွေသိလာရတာ။ မင်းရဲ့ရိုးသားမှုကို စော်ကားသလို ဖြစ်ခဲ့တဲ့အတွက် တောင်းပန်တယ် မှတ်သုန်မိုး။ ဒီနေ့ကစပြီး တို့ကို အစ်မအရင်း တစ်ယောက်လို သဘောထားပါ''

'အခုကောက်လိုက် အခုဖြောင့်လိုက်လူတွေနဲ့ ကျွန်တော်သိပ်ပြီးအပေါင်း အသင်းမတည့်ဘူးဗျ။ ဒါပေမယ့် ခင်ဗျားကိုတော့ ရဲရင့်သွေး မျက်နှာကြောင့် တတ်နိုင် သမျှပြေလည်အောင်ကြိုးစားပါ့မယ်။ ခင်ဗျားပြောချင်တာတွေပြောပြီးပြီဆိုရင် ကျွန်တော်ကားပစ္စည်းပြန်လိုချင်တယ်။ နေ့လည်ကျရင် ကျွန်တော့်ဝပ်ရှော့ဆရာက နောက်တစ်ခုသွားဝယ်နေမှာစိုးလို့'

ကျွန်တော့်အာရုံထဲမှာရှိနေတာက နှစ်သောင်းနီးပါးတန်တဲ့ ဘောဂျိုင်း ပြန်ရဖို့ပဲ။

'ဟုတ်ပြီလေ။ နေ့လည်ရောက်ဖို့က အဝေးကြီးလိုသေးတာပဲ။ လောလော ဆယ်...မိတ်ဖြစ်ဆွေဖြစ် အအေးသောက်လိုက်ပါအုံး'

ကျွန်တော်ရှေ့က အအေးခွက်ကို မယူပြီးတရှိန်ထိုးမော့ချလိုက်တယ်။

ဘာ ဖျော်ရည်မှန်းမသိတဲ့အအေးက အေးစိမ့်လွန်းတာမို့သွားတွေတောင် ကျိန်းပြီးလည်ချောင်းထဲ စူးခနဲဖြစ်သွားတယ်။

ဒါပေမယ့် .... အအေးကုန်မှ ဒီဆိုင်က ထနိုင်မှာမို့ ဇွတ်မှိတ်ပြီး မြိုချလိုက်တယ်။

သူမက အံ့ဩသလိုမျက်လုံးပြူးကြည့်ပြီး၊ ဘေးနားက စားပွဲထိုး ကလေး တာတော့ နားမလည်သလိုလှမ်းငေးတယ်။

ကျွန်တော်ကုန်သွားတဲ့အအေးခွက်ကို စားပွဲပေါ်ပြန်တင်လိုက်တော့ သူမတပြုံးရင်းခုလိုပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဘာဝဲဖြစ်ဖြစ် တို့နဲ့ပြေလည်မှုရသွားတဲ့အတွက် မင်းရင်ထဲအေးသွားပြီ မဟုတ်လား မုတ်သုန်မိုး'

စောစောက ဒီလိုမှန်းသိရင် အအေးအစား လွှတ်ရည်ပုပ္ပမှာသောက်ပါ

■



၂

'ငါတို့က အမှန်ကိုသိလိုခြင်းဖြစ်တယ် မုတ်သုန်မိုး'

ရေဒီယိုသံ ထွန်းလှသိန်းက လျှပ်တစ်ပြတ်မေးခွန်းတွေတစ်ခုပြီးတစ်ခုမေးနေတယ်။ ကျွန်တော်က အလွတ်ကျက်ထားတဲ့စာသားတွေ ပြန်ရွတ်ပြသလိုမျိုး စိတ်ရှည်လက်ရှည်ဖြေမနေတော့ဘူး။

'ငါပြောပြီးပြီပဲ၊ အဲဒါ ရဲရင့်သွေးအစ်မ လေပြေသွေး'

'ငါတို့ကြားသိရတာက သူက မင်းကို ရည်းစားစကားလိုက်ပြောနေခြင်းဖြစ်တယ်၊ မင်းက နားမထောင်ဘဲ ရှောင်ပြေးနေတာဖြစ်တယ်၊ သတင်းပေးတွေအပြောအရ အဲ့ဒီလိုကြားသိထားရတာဖြစ်တယ်ကွ'

သေလိုက်ပါတော့ ရေဒီယိုရယ်လို့ ကျွန်တော်အော်ချင်လာတယ်။ သာတူတို့ကပါ ကျွန်တော့်အဖြေကို စိတ်ဝင်စားနေကြတာမို့ ဘာမှဝင်မမေးဘဲ နားထောင်နေကြတယ်။

'အေးလေ....မင်းတို့က မျက်စေ့ကြီး နားကြီး သတင်းရပ်ကွက်မှာနေတာဆိုတော့လည်း မင်းတို့ကြားတာ ဟုတ်မှာပေါ့၊ ထင်ချင်သလိုသာထင်ကြတော့ကွာ'



www.burmeseclassic.com

www.burmeseclassic.com



'ဒီမြို့ မဟုတ်ဘူးလား'

'တင်းအင်း...ဟုတ်တယ်'

'ဟေ'

'ရဲရင့်သွေးအစ်မဆိုတာ ဟုတ်တယ်လို့ပြောတာ။ ဘောက္ကိုင်းပြန်လိုချင်လို့ ငါလိုက်သွားရတာဟုတ်တယ်ပြောတာ။'

'အေးလေ...ဒါဆိုလည်းပြီးရောပေါ့။ နောက်ထပ်ငါတို့သိလိုတာတစ်ခုက မင်း သံစဉ်ကို ဒီအတိုင်းလွှတ်ထားမှာလား'

'မလွှတ်လို့ ငါက ဖမ်းချုပ်ထားရမှာလား'

ရေဒီယိုသံ ထွန်းလှသိန်းနဲ့တော့ခက်နေပါပြီ။

ရုတ်တရက် စာအုပ်စင် အောင်ကျော်မြင့်က ဝင်ပြောလာတယ်။

'မဟုတ်ဘူးမှတ်သုန်ရဲ့။ ငါတို့ဆိုလိုတာက သံစဉ်ချို့ဆီ ရဲရင့်သွေး မကြာခဏဝင်ထွက်နေတာကိုပြောတာ။ ကျောင်းဖွင့်တာ ဘာမှမကြာသေးဘူး။ သူလာတဲ့အခေါက်ပေါင်းမနည်းဘူးကွ။ ကျမ်းကိုးကျမ်းကားတွေအရ ဆိုရင် ယောက်ျား ကြိုက်တော့ ဆိုက်ဆိုက်လာတဲ့ကွ'

'သူလာတိုင်း မင်းတို့ငါတို့ပါ လ္ဘက်ရည်ဆိုင်လိုက်ထိုင်တာပဲမဟုတ်လား'

'ဒါပေမယ့် ... သံစဉ်ဆီဦးတည်ပြီး လာတာကတော့ သိသာလွန်းတယ် မှတ်သုန်'

ကျောင်းပြန်ဖွင့်ချိန်ကစလို့ တစ်ပတ်ကို အနည်းဆုံးသုံးကြိမ်လောက်တော့ ရဲရင့်သွေးကျောင်းကို ရောက်လာလေ့ရှိတယ်။ သူရောက်လာတိုင်း ကျွန်တော်တို့ အားလုံးကို လိုက်ခေါ်တာဖြစ်ပေမယ့်.......

သူ့ပထမဆုံးသွားရပ်လေ့ရှိတဲ့အတန်းကတော့ သံစဉ်တို့အတန်းပါ။

သံစဉ်က အရင်ဆုံးအခေါ်ခံရတာဖြစ်ပြီး များသောအားဖြင့်တော့ ကင်တင်းကို နောက်ဆုံးမှ ရောက်လာလေ့ရှိတယ်။

သူမတာ ရဲရင့်သွေးကို အပေါ်ယံလောက်သာ ပုံမှန်ဆက်ဆံနေတာပါ။

'မင်း... သံစဉ်နဲ့ပတ်သက်ပြီး တစ်ခုခုပြတ်သားဖို့ လိုပြီ မှတ်သုန်။ တို့ကတော့





ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲပဲဖိတ်စေချင်တယ်။ မင်းမဖိတ်တော့ဘူး သေချာ ရဲရင့်သွေးရှေ့တိုးချင်တိုးပေါ့။

အောင်ကျော်မြင့်ရဲ့စကားက စေတနာစကားမှန်းသိသာလှပါတယ်။

ဒါပေမယ့်... လောလောဆယ်ကျွန်တော်ခေါင်းထဲရှိနေတာက သံစဉ်ချို့ မဟုတ်ဘဲ မိသားစုအရေးကိစ္စပါ။ အမေက အခုတလောကောင်းကောင်း မကျန်းမာ ဘဲ တရှောင်ရှောင်ဖြစ်ပြီး၊ ညီလေးကို တွေ့ချင်တယ်ဆိုတာကြောင့် စနေ–တနင်္ဂနွေ ကျောင်းပိတ်ရက်မှာ သွားခေါ်ပေးရမယ့်အကြောင်း ကျွန်တော် ပြောပြလိုက်တယ်။

'ဟိုတက်ကထည့်ပါမလား'

'အဖေ့မိန်းမကတော့ ဘယ်ထည့်ချင်မလဲကွာ။ သူက သားအရင်းလိုချစ် နေတာမဟုတ်လား။ ပြီးတော့ ... တို့ရစ်ကွက်ကို စရိုက်ကြမ်းတယ်လို့ ထင်မြင်နေတာ ဆိုတော့ စိုးရိမ်နေမှာပေါ့။ ဒါပေမယ့်...ရအောင်တော့ ပြောပြရမှာပဲ'

ရေဒီယိုတို့အုပ်စုငြိမ်သွားပြီး ခဏနေမှ အောင်ကျော်မြင့်ကပြောတယ်။

'အေးလေ။ မင်းလည်း မင်းအပူနဲ့မင်းဆိုပေမယ့် သံစဉ်ကိုတော့ လုံးလုံးမေ့ ထားနဲ့အုံး မှတ်သုန်'

'ငါသဘောပေါက်တယ် အောင်ကျော်မြင့်။ သူနဲ့လည်းအေးအေးဆေးဆေး နှစ်ယောက်ထဲ တွေ့အုံးမှာပါ'

ဒါပေမယ့်...သံစဉ်ချို့နဲ့ မတွေ့ခင်ကျွန်တော့်ကို အရင်ဆုံးလာတွေ့တာက ရဲရင့်သွေးပါ။

ဘာဘူတို့အုပ်စုကိုတောင်မခေါ်ဘဲ နှစ်ယောက်ထဲ စကားပြောချင်လို့ပါဆိုပြီး ဝေးဝေးဆိုင်တစ်ဆိုင်ကို ကားမောင်းခေါ်သွားခဲ့တယ်။

ဆိုင်ရောက်တော့ ရဲရင့်သွေးစတင်လာတဲ့စကားက သံစဉ်နဲ့မပတ်သက်ဘူး။

'ကိုမိုးနဲ့ မလေပြေ အဆင်ပြေသွားပြီဆို။ မလေပြေ ကျွန်တော့်ကို ပြောပြတယ် ဗျို့'

'ဒီလိုပါပဲ ရဲရင့်သွေး။ မင်းအစ်မဆိုတော့လည်း အဆင်ပြေပြေဆက်ဆံလိုက် ရသောပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာပဲဖြစ်ဖြစ် ဝမ်းသာတယ်ကိုမိုး။ ပြီးတော့ ကိုမိုးကိုလည်း ချီးကျူးပါတယ်'

'ဘာအတွက်လဲ'

'မလေပြေလို မိန်းမတစ်ယောက်ရဲ့ဘဝမှာ အထင်ကြီးစရာ ယောက်ျား တစ်ယောက်ရှိသွားတဲ့အတွက်လေ။ သူက ကိုမိုးကို အရမ်းအထင်ကြီး နေတာ'

ကျွန်တော် မအောင့်နိုင်ဘဲ အသံအကျယ်ကြီးရယ်ချလိုက်မိတယ်။

'ငါက ဘာများအထင်ကြီးစရာရှိလို့လဲ ရဲရင့်သွေးရဲ့။ အမေကဆို ငါ့ကို ထော်လော်ကန့်လန့်နဲ့ ခေါင်းမကျိုးတဲ့ကောင်လို့ အမြဲပြောတာ'

'အဲ့ဒီခေါင်းမကျိုးတာကိုပဲ အထင်ကြီးသွားတာဖြစ်မှာပေါ့ကိုမိုးရ။ တစ်ခု သတင်းပေးလိုက်မယ်။ ကျွန်တော့်အစ်မ မလေပြေက သူ့ကိုဖားပြီးဆက်ဆံတဲ့ လူဆိုရင် လုံးဝကြည့်မရဘူး၊ ကိုမိုးက သူ့ကိုအထက်စီးက ဆက်ဆံတာကြောင့် အလျှော့ပေးသွားတာဖြစ်မယ်'

စိတ်ပညာသဘောအရဆိုရင်တော့ ရဲရင့်သွေးပြောသလိုဖြစ်နိုင်ပါတယ်။ ကျွန်တော့်အတွက်တော့ လေပြေသွေးရဲ့ အထင်ကြီးခြင်း မကြီးခြင်းဟာ ဘာမှအရေး မပါဘူးလို့ပြောရမယ်။

'ကိုမိုးကို တစ်ခု အသိပေးရအုံးမယ်'

'ဘာလဲ ရဲရင့်သွေး'

'ကျွန်တော် သံစဉ်ချိုကို ဖွင့်ပြောလိုက်ပြီ'

'ဘာ'

ကျွန်တော့်အသံက ကျယ်လောင်သွားသလို နည်းနည်းလည်း တင်းမာသွားတာမို့ ရဲရင့်သွေးမျက်နှာ ကွက်ခနဲပျက်သွားတယ်။

'ဘာဖြစ်လို့လဲကိုမိုး။ ကျွန်တော်က ကိုမိုးလည်း မကန့်ကွက် လောက်ဘူးထင်လို့..........'

'ဟင်....သြော်မဟုတ်ပါဘူး။ ရုတ်တရက်မို့ အံ့သြသွားတာပါ။ အဲ... သူဘာပြောလဲ'

ကျွန်တော် သိချင်စိတ်ပြင်းပျစွာမေးလိုက်တော့ ရဲရင့်သွေး ခေါင်းရမ်းတယ်။





'ဘာမှ မပြောဘူး။ ကြည့်ရတာ တိုင်ပင်ချင်သေးတယ်ထင်တယ်'

'ဘယ်သူနဲ့လဲ'

'ကိုမိုးနဲ့ဖြစ်မှာပေါ့'

ကျွန်တော်ဖြတ်ခနဲ ခပ်စူးစူးကြည့်လိုက်တော့ ရဲရင့်သွေးမျက်နှာက အတိတည်ငြိမ်နေတယ်။ ရိုးသလို ထွေသလိုမျိုးမဟုတ်ဘဲ ထင်မြင်ချက်ကို သဘောရိုးနဲ့ ပြောသလိုပုံစံမျိုးပါ။

'တကယ်လို့များ.......တိုင်ပင်လာခဲ့ရင်...'

'ပြော...ရဲရင့်သွေး'

'ကျွန်တော့်ဘက်က အကောင်းပြောပေးပါ ကိုမိုး'

ကျွန်တော်ရင်ထဲမှာ စူးခနဲခံစားလိုက်ရတယ်။

'ဘာလဲ....အောင်သွယ်လုပ်ပေးရမယ့်...တွန်းပေးရမယ့်....... သဘောလား'

ကျွန်တော့်အသံက မဆိုသလောက်လေးမာနေမှန်း ကိုယ့်ကိုယ်ကို သတိထားလိုက်မိတယ်။

ရဲရင့်သွေးက ကျွန်တော့်မေးခွန်းကို ပြာပြာသလဲ ခေါင်းရမ်းတယ်။

'အဲ့ဒီသဘောမဟုတ်ပါဘူးကိုမိုး......။ ကျွန်တော်ဆိုလိုတာက ကျွန်တော် သူ့ကို အပျော်ကြံတာမဟုတ်မှန်း။ အလေးအနက်ထားမှန်း..... ကိုမိုးလည်းရိပ်မိ တယ်လို့ သူ့ကိုသိစေချင်တာပါ'

ကျွန်တော်ရဲရင့်သွေးရဲ့မျက်လုံးတွေကို တည့်တည့်စိုက်ကြည့်ရင်း မေးလိုက်တယ်။

'တကယ်ရော....အဲ့ဒီအတိုင်းဟုတ်ရဲ့လား ရဲရင့်သွေး'

'တကယ်ပါဗျာ။ ကျွန်တော်သစ္စာဆိုရဲပါတယ်'

'အေးလေ.....ဒါဆိုလည်း ပြီးရောပေါ့။ မင်းတို့ကြားမှာ အောင်သွယ်တော့ လုပ်မပေးနိုင်ဘူး။ ဒါပေမယ့်..... မင်းသဘောထားကိုတော့ ပြောပြပေးမယ်။ ဟုတ်ပြီလား'

'ကျေးဇူးပဲ ကိုမိုး'

■



www.burmeseclassic.com

www.burmeseclassic.com

၃

တရှောင်ရှောင်ဖြစ်နေတဲ့ အမေ့ရဲ့ကျန်းမာရေးဟာ ညီလေးရောက်လာ[illegible]ယ်ဆိုရင်ပဲ မျက်လှည့်ပြလိုက်သလို တိုးတက်ကောင်းမွန်လာတယ်။

အဖေ့ဒုတိယဇနီးအန်တီကြည်က ညီလေးကို ထည့်လိုက်ဖို့ အင်တင်တင်[illegible]နေသေးပေမယ့် အမေနေမကောင်းလို့ ခဏလာခေါ်တာပါဆိုတော့ မငြင်းသာ[illegible]တူ။

ကျောင်းနေခါနီးအရွယ်ကတည်းက အဖေနဲ့ ပါသွားရတဲ့ညီလေးဟာ [illegible]ကျောင်းသားဖြစ်မှ ကျွန်တော်တို့အိမ်ကို ပထမဆုံးအကြိမ်လိုက်ပါ ခွင့်ရခဲ့တာပါ။

အမေဟာ မတွေ့တာကြာတဲ့သားငယ်ကို တွေ့လိုက်တယ်ဆိုရင်ပဲ သိကြား[illegible]ဆေးက်ပြန်းလိုက်သလို ပြန်လည်လန်းဆန်းလာတယ်။ ထုထုထောင်ထောင် ဖြစ်လာပြီး[illegible]ထလာတယ်။

အမေ့ကြောင့် ကျွန်တော်တာညီလေးကို တစ်သက်လုံးခေါ်ထားချင်စိတ်တွေ[illegible]ပေါ်ပေါက်လာရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ညီလေးကတော့ အရာရာကို အသစ်အဆန်းဖြစ်ပြီး တက်ကြွပျော်ရွှင်နေတယ်။ ကျွန်တော်တို့ရဲ့ ဆင်းရဲသားရပ်ကွက်ကလေးဟာလည်း ညီလေးအမြင်မှာ တော့ထက်တောရွာတစ်ခုလိုဖြစ်နေပုံပါ။

'ကိုကြီး လမ်းတွေက ဖုန်ထူပြီးဆိုးတယ်နော် ဘာဖြစ်လို့လဲ'

'ရေမလောင်းလို့ပေါ့ကွ'

'ဘာဖြစ်လို့ ရေမလောင်းတာလဲဟင်'

'ရေရှားလို့ပေါ့။ ကဲ လမ်းကိစ္စခဏထားပြီး မင်းအခုဘာစားချင်သလဲ အကြော်စားမလား'

'ဟုတ်'

အမေကလည်း အကြော်စားချင်တယ်ဆိုတာကြောင့်၊ အမေ့အတွက် အကြော်ဝယ်ရင်းညီလေးကိုပါ ကျွေးဖို့ခေါ်လာခဲ့တယ်။

အကြော်စား၊ အမေမှာတဲ့ဘူးသီးကြော်ဝယ်ပြီး၊ ပြန်လာတော့လမ်း သံစဉ်ချို့အမေနဲ့ အမှတ်မထင်ဆုံတယ်။ ကျွန်တော်နဲ့တွေ့ရင် အမြဲမျက်နှာတင်း တတ်တဲ့ သံစဉ့်အမေကရုတ်တရက် လှမ်းနှုတ်ဆက်တယ်။

'မှတ်သုန်မိုး၊ မင်းအမေ နေမကောင်းလို့ဆို......'

'ဗြော်....ကောင်းသွားပါပြီအန်တီ'

'ဒါ...မင်းညီလား၊ မင်းညီလေးတောင် အတော်ကြီးနေပြီပဲ၊ အန်တီတစ်ခုမေးချင်လို့ မှတ်သုန်မိုး'

အကြောင်းမရှိ အကြောင်းရှာပြီး နှုတ်ဆက်လာကတည်းက တစ်ခုခုပဲ ကျွန်တော်တွေးထားတာပါ။

ထင်တဲ့အတိုင်း အဘွားကြီးက စကားစလာတယ်။

'ကျောင်းမှာ သံစဉ့်ဆီကို ကောင်လေးတစ်ယောက်ကားနဲ့လာ နေတယ်ဆို၊ အဲ့ဒါ မင်းသိလားမှတ်သုန်မိုး'

မသိဘူးလို့ငြင်းရင်လည်း ယုံကြည်မှာမဟုတ်တာကြောင့် ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။





'စက်မှုတက္ကသိုလ်က ကျောင်းသားတစ်ယောက်ပါ။ ကျွန်တော်နဲ့လည်း သိပါတယ်'

'ဗြော်...စက်မှုကျောင်းသားလား။ သူဌေးသားပေါ့'

'ဟုတ်ကဲ့ ပိုက်ဆံရှိဆွေကြီးမျိုးကြီးထဲကပါ'

သံစဉ့်အမေမျက်နှာက ကျေနပ်မှုနဲ့ ဝင်းပသွားတယ်။

ကြည့်ရတာသူ့နည်းသူ့ဟန်နဲ့ သိပြီးသားကိစ္စကို ကျွန်တော့်ဆီက အတည်ပြုချက်ယူတဲ့သဘောထင်ပါရဲ့။

'ဒါဖြင့်လည်း သင့်တော်မယ်ထင်ရင် မင်းညီမကို တိုက်တွန်းပေးစမ်းပါ သားရယ်။ အန်တီက သံစဉ့်ကို ဒီရပ်ကွက်ထဲက မတော်တရော်တွေနဲ့ ငြိစွန်းသွားမှာကို စိုးရိမ်နေတာတွယ်'

မထင်မှတ်တဲ့စကားကြောင့် အောင့်သက်သက်ခံစားလိုက်ရသလို အာရည်ရှယ်ချက်နဲ့ခုလိုစကားဦးတည်လာရသလဲ ဆိုတာကိုပါခပ်ရေးရေး သဘောပေါက်လာရတယ်။

'ဒီရပ်ကွက်ထဲနေရုံနဲ့တော့ မတော်တရော်မဟုတ်နိုင်ပါဘူးအန်တီ။ အလွန်ဆုံးပိုက်ဆံမရှိတာလောက်ပဲဖြစ်မှာပါ'

'အေးလေ...ပိုက်ဆံမရှိတာဟာလည်း နည်းနည်းနောနောပြစ်ချက်မှ မဟုတ်တာဘဲ မှတ်သုန်မိုးရဲ့။ မင်းရောမင်းသူငယ်ချင်းသံစဉ့်ချိုကို ငွေမရှိတဲ့လူနဲ့ သဘောတူနိုင်မှာလား'

'ဒါကတော့ သူတကယ်ချစ်မချစ်ဆိုတာနဲ့ပဲဆိုင်မှာပါအန်တီ'

ကျွန်တော့်စကားကြောင့် အဘွားကြီးမျက်နှာမည်းခနဲဖြစ်သွားတယ်။

'အို....အချစ်ဆိုတာဆန်အိုးထဲ ဆန်မရှိတဲ့အခါ အပေါင်ဆိုင်ပို့လို့ ရတာမျိုးမှ မဟုတ်တာ....။ ကဲ....ကဲ အန်တီလည်းသွားအုံးမယ်။ မင်းအတွက် အပန်းမကြီးရင် သံစဉ့်ကို ဟိုသူဌေးသားနဲ့ တိုက်တွန်းပေးစမ်းပါ'

အပန်းမကြီးရင်.........တဲ့။

ကျွန်တော့်အတွက် သိပ်ကို အပန်းကြီးပါတယ်အန်တီလို့ ပြောချင်နေမိ



www.burmeseclassic.com

www.burmeseclassic.com



တော့တာနဲ့ ညီလေးကိုလက်ဆွဲပြီး ကျွန်တော်ထွက်လာခဲ့တယ်။

ကျွန်တော့်အတွက် အိမ်ပြန်လမ်းဟာခါတိုင်းနေ့တွေထက် ပိုပြီးရှိုင်းဖွက်တွေ ထူထပ်နေသလိုခံစားလာရတယ်။

တကယ်တော့ကျွန်တော်နဲ့သံစဉ်ချိုကိုသူငယ်ချင်းအားလုံးဟာနောင် တစ်ချိန်ချစ်သူတွေ ဖြစ်သွားကြလိမ့်မယ်လို့ မျှော်လင့်ထားခဲ့ကြတာပါ။

ဖြစ်ချင်လည်းဖြစ်နိုင်သလို ဖြစ်ချင်မှလည်းဖြစ်နိုင်မှာပါ။ ကျွန်တော့်အတွက် သံစဉ်ချိုနဲ့ချစ်သူဖြစ်ခြင်း၊ မဖြစ်ခြင်းဟာ ဘဝအတွက်အရေးအကြီးဆုံး မဟုတ်ခဲ့ ပေမယ့်

ခုလိုမျိုးသံစဉ်ရဲ့အမေကိုယ်တိုင်က နောက်ဆုတ်ပေးဖို့ တောင်းပါးရိပ်ခြည်ပြော လာတဲ့အခါ ကြေကွဲသလိုမျိုး ထိထိခိုက်ခိုက်ခံစားလာရတယ်။

တစ်ချိန်တည်းမှာ သံစဉ်နဲ့ပတ်သက်ပြီး ပြတ်သားရတော့မယ်ဆိုတာကို စဉ်းစားမိလာတယ်။

အခြေအနေတွေက ရှေ့တိုးဖို့ ဒါမှမဟုတ် နောက်ဆုတ်ဖို့ အတိအလင်း တောင်းဆိုလာတဲ့အခါမျိုးမှာ ကျွန်တော်ဟာတစ်ခုခုကို ဆုံးဖြတ်ရတော့မှာပါ။



၄

လယ်ကွင်းအပေါင်းတွေကို ဖြတ်သန်းတိုက်ခတ်လာတဲ့လေထဲမှာ ရိုးပြတ် တွေ တွဲခိုပါဝင်လာတယ်။ နံနက်ခင်းနေရောင်ဖြော့ဖြော့တာ ကျွန်တော်တို့ထိုင်နေတဲ့ ည်ဆိုင်လေးရဲ့ရှေ့က ကားလမ်းမပေါ်ဖြာကျနေတယ်။

'နင်...ပြောတာ ငါနားမလည်ဘူး မုတ်သုန်'

သံစဉ်က လွှက်ရည်ခွက်ကို တစ်စက်မှမသောက်ဘဲ ဇွန်းနဲ့မွှေနေရင်း တ်သံနဲ့ရေရွတ်တယ်။

'ရှင်းရှင်းလေးပါသံစဉ်၊ ရွှေကို ရွှေချင်းထပ်ရင်မြတ်ပေမယ့် ကြေးကို နဲ့စပ်လို့မမြတ်ဘူး။ ကြေးဘဝက တဆင့်တက်ချင်ရင် ရွှေနဲ့စပ်ရလိမ့်မယ်။ ဒါမှ ဝကိုရောက်မှာ'

'ဒါပေမယ့်...ကြေးနဲ့ရောထားတဲ့ ခပ်ညှိုးညှိုးရွှေပဲဖြစ်မှာပေါ့တာ...'

'ဘာပဲဖြစ်ဖြစ်...ရွှေတော့ဖြစ်သွားမှာပေါ့ သံစဉ်'

သံစဉ်ချိုပြုံးတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူမအပြုံးက ကျွန်တော့်စကားကိုလက်မခံချင်တဲ့ မဲ့ပြုံးမျိုးပါ။

'နေပါအုံး နင်ဘယ်တုန်းက ရွှေပန်းထိမ်သင်တန်းသွားတက်လိုက်တာလဲ မှတ်သုန်။ ငါတောင်မသိလိုက်ပါလား'

'ငါ့ကို မရိန့်နဲ့ သံစဉ် ငါပြောတာ နင့်အတွက်ပြောနေတာပါ'

'ဟယ်...ဒါကြောင့် ငါကရဲရင့်သွေးရဲ့ ကမ်းလှမ်းချက်ကို လက်ခံလိုက်ရမယ်။ ဒီလိုလား'

သံစဉ်က ခပ်ဆတ်ဆတ်လေသံနဲ့ လှမ်းမေးတယ်။

'လက်ခံတာ ငြင်းပယ်တာက နင့်အပိုင်းပါ သံစဉ်။ ငါ...နင့်ကို ဘယ်လို ဆုံးဖြတ်ပါလို့တိုက်တွန်းနေတာမဟုတ်ဘူး။ နင်ဆုံးဖြတ်တဲ့အခါ ထည့်စဉ်းစားဖို့ အချက်အလက်တွေကို သုံးသပ်ပြနေတာ'

'နင်လည်း စာအုပ်စင်တို့နဲ့ပေါင်းပြီး စကားကြီးစကားကျယ်တွေ သိပ်ပြောတတ်လာတယ်။ နင်ဖြစ်စေချင်တာ ဘာလဲမှတ်သုန်။ ငါ့ကို ရှင်းရှင်းပြောစမ်းပါ'

သံစဉ့်လေသံက အလိုမကျသံနဲ့ ခပ်ဆတ်ဆတ်ဖြစ်နေတယ်။

ဖြူနုတဲ့ မျက်နှာဟာနှင်းဆီရောင်သန်းလာတယ်။

'ငါဖြစ်စေချင်တာတွေ ငါဖြစ်ချင်တဲ့ အိပ်မက်တွေရှိရင်တောင် အဲ့ဒါတွေကို မပြောပါဘူးသံစဉ်။ ဘဝမှာ ဖြစ်ချင်တာတွေကိုချည်း ရွေးခြယ်လို့မရတဲ့အခါ ဖြစ်သင့်တာကို ဦးစားပေး ရတယ်'

'ဖြစ်သင့်တယ်ဆိုတာကလည်း ဖြစ်နိုင်ခြေရှိအုံးမှပေါ့ မှတ်သုန်ရဲ့။ လူတိုင်း ပညာတတ်ဖြစ်သင့်ပေမယ့်၊ လူတိုင်းဖြစ်နိုင်တာမဟုတ်ဘူး။ ငါ...ရဲရင့်သွေးကို လက်ခံသင့်တယ်ဆိုရင်တောင် ငါ့နှလုံးသားက လက်ခံနိုင်အုံးမှဖြစ်မှာ။ နေပါအုံး...နင် အခုပြောနေတဲ့စကားတွေက ရဲရင့်သွေးကို ငါလက်ခံဖြစ်အောင်တွန်းအားပေးနေတာ မဟုတ်လား မှတ်သုန်'

ရုတ်တရက် ကျွန်တော့်ရင်ထဲမှာ စကားလုံးတွေရှန်းကြွလာတယ်။ မြိုချထားတဲ့စကားလုံးတွေဟာ ပေါက်ကွဲပွင့်ထွက်လုလုဖြစ်လာတယ်။

ငါဖြစ်စေချင်တာကတော့ နင်ဘယ်သူ့ကိုမှ လက်မခံဖို့ပဲ သူငယ်ချင်း။





နင့်ရဲ့ အနားမှာငါပဲရှိချင်တာပါ။

ဒါပေမယ့် စကားလုံးတွေဟာ သက်ပြင်းနဲ့အတူပြောလွင့်ပျောက်ကွယ်သွားတယ်။

ကျွန်တော့်အတွေးထဲမှာ သံစဉ့်ရဲ့အမေရဲ့မျက်နှာကို မြင်ယောင်လာတဲ့ အပြင် ကျွန်တော့်အမေရဲ့ စကားသံတွေကိုပါကြားယောင်လာတယ်။

'မင်းညီလေးကို ပြန်ခေါ်နိုင်ဖို့ တို့သားအမိ ဝင်ငွေပိုရှာမှဖြစ်မယ် မှတ်သုန်ရိုး'

ဝင်ငွေပိုရှာဖို့ဟာ အမေ့အပေါ်မှာထက် ကျွန်တော့်ပုခုံးပေါ်ပိုပြီး ကျရောက်လာတာပါ။ ကျွန်တော်ဟာ ကျောင်းတစ်ဘက်နဲ့ဖြစ်စေ၊ ကျောင်းထွက်ပြီးဖြစ်စေ အလုပ်တစ်ခုခုကို ရှာဖွေလုပ်ကိုင်ရပါလိမ့်မယ်။

သံစဉ့်ကို တစ်ခုခုရှင်းပြဖို့ ပြင်လိုက်စဉ်မှာပဲ သူမက လှမ်းပြောတယ်။

'တိုကားက နင့်ကိုခေါ်နေတာထင်တယ်မှတ်သုန်။ ကိုမျိုးတို့များလား သိဘူး'

ကျွန်တော်လှမ်းကြည့်လိုက်တော့ လမ်းတစ်ဘက်မှာရပ်ပြီး ဟွန်းတီးနေတဲ့ မှောက်ရောင်လင့်ခရူဆာကားကို တွေ့လိုက်ရတယ်။

နိမ့်ဆင်းလာတဲ့မှန်ကြားကနေ လက်တစ်ဘက်ထွက်လာပြီး ကျွန်တော့်ကို ယပ်လှမ်းခေါ်တယ်။

သေတော့မှာပဲ။

ဒီအမျိုးသမီး ဘာဖြစ်လို့များရောက်လာရပါလိမ့်။

သံစဉ်က...

'ကိုမျိုးတို့တော့မဟုတ်ဘူး။ အမျိုးသမီးတစ်ယောက်ပဲ' ...

လို့ ရေရွတ်နေတုန်းမှာပဲ၊

ကျွန်တော်စိတ်သပ်ရင်း ထိုင်ရာက ထရပ်လိုက်တယ်။

'မှတ်သုန်...အဲ့ဒါ လေပြေသွေးဆိုတဲ့ မိန်းမလား'

မထင်မှတ်တဲ့မေးခွန်းကြောင့် ကျွန်တော် အံ့အားတသင့် တုန့်ဆိုင်းသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



'နင်...ဘယ်လိုလုပ် သိသလဲ သံစဉ်'

'အပေါင်း...ဒါက နင်နဲ့ပတ်သက်ရင် အားလုံးကို စိတ်ဝင်စားတဲ့သူပဲတာ။ ဒီလိုပဲ ခန့်မှန်းပြီးသိတာပေါ့'

'နင့်အထင် မှန်ပါတယ် သံစဉ်။ ဒါခဏသွားတွေ့လိုက်အုံးမယ်'

ကျွန်တော်ဆိုင်ထဲက ထွက်လာပြီး သုံးလေးလှမ်းလောက်အရောက်မှာပဲ သံစဉ်လှမ်းခေါ်တယ်။

'မုတ်သုန်'

ကျွန်တော်ဖြတ်ခနဲလှည့်ကြည့်တော့ သူမက မပွင့်တပွင့်ပြုံးရင်း နာကျင်သံနဲ့ လှမ်းပြောတယ်။

'နင်ဒါ့ကို ရွှေနဲ့ကြေးစပ်ပြီး ခပ်ညှိုးညှိုးရွှေအဖြစ်ရွေးခြယ်ဖို့ ဘာဖြစ်လို့ တိုက်တွန်းသလဲဆိုတာ ဒါသဘောပေါက်သွားပြီ မုတ်သုန်။ လက်စသတ်တော့...ဒါ့ကို စေတနာနဲ့တိုက်တွန်းသလိုလိုနဲ့ နင်ကိုယ်တိုင်က မှိုင်းကြိုင်းသာသာ ခပ်ညှိုးညှိုးရွှေအဖြစ်တို့ စိတ်ဝင်စားနေတာကိုး'

'ဟာ...မဟုတ်ဘူး သံစဉ်'

'နင် စိတ်ဖြောင့်ဖြောင့်သွားပါ မုတ်သုန်။ လှုပ်ရှားတိုးရှင်းပြီး ဒါကျောင်းထဲ ဝင်နှင့်လိုက်မယ်'

သံစဉ်စကားဖြတ်ပြီး ပိုက်ဆံရှင်းဖို့ ကောင်တာဘက်ကို ထထွက်သွားတယ်။

ကျွန်တော်သံစဉ့်နောက်လိုက်ပြီး နားလည်အောင်ရှင်းပြရမလား။

ကားနား သွားပြီး မခေါ်ဘဲရောက်လာတဲ့ လေပြေသွေးကို စိတ်ဆိုးရမလား ဝေခွဲမရအောင် စိတ်ရှုပ်ထွေးသွားတယ်။

ငွေရှင်းပြီးသွားတဲ့သံစဉ်က ကျွန်တော်ရှိရာ ဆိုင်အပေါက်ဝဆီပြန်မလာဘဲ ဆိုင်ဘေးပေါက်ကနေထွက်ပြီး ကျောင်းဘက်ကို လျှောက်သွားတယ်။

■



# ၅

ကားထဲမှာ တန်ဘိုးကြီးရေမွှေးနံ့က ပြေပြေလေးသင်းပျံ့နေပြီး လေအေးပေးစက်ကြောင့် လေထုဟာအေးမြနေတယ်။

'တို့ရောက်လာတဲ့အတွက် အနှောင့်အယှက်ဖြစ်သွားလား မုတ်သုန်ရို့'

သူမက ယဉ်ယဉ်ကျေးကျေးမေးမြန်းလာပေမယ့် ကျွန်တော်ကတော့ သိပ်မယဉ်ကျေးနိုင်တော့တာမို့ ကျတ်ဆတ်ဆတ်လေသံနဲ့ တုန့်ပြန်လိုက်တယ်။

'လူကတော့ ဘာမှမဖြစ်ပါဘူး။ ဒါပေမယ့် စိတ်တော့တော်တော် အနှောင့်အယှက်ဖြစ်သွားတယ် လေပြေသွေး။ ခင်ဗျား ဘာဖြစ်လို့ရောက်လာရတာလဲ'

ကျွန်တော့်ရဲ့ကန့်ကွက်အမေးကို လေပြေသွေးက ခပ်ဟဟရယ်ပါတယ်။

'ပြောရင်လည်း ယုံပါ့မလားမသိဘူး။ ဒီနားက ဖြတ်သွားရင်း မင်းကိုလှမ်းတွေ့လိုက်လို့ ကားပြန်ကွေ့လာတာ'

'မယုံဘူး'

'ဒါကတော့ မင်းသဘောလေ။ ဒါနဲ့ စောစောက တစ်ယောက်တ



www.burmeseclassic.com

www.burmeseclassic.com



မင်းကောင်မလေးလား မုတ်သုန်မိုး'

ဖြစ်နိုင်ရင် ကျွန်တော် ခေါင်းညိတ်ပြလိုက်ချင်ပါတယ်။ ဒါပေမယ့်...အခြေအနေတွေက ခေါင်းညိတ်နိုင်လောက်အောင် အခွင့်မသာခဲ့ဖူး မဟုတ်လား။

'သူငယ်ချင်းပါ လေပြေသွေး။ နေပါအုံး အခု ဘယ်ကိုမောင်းနေတာလဲ'

ကားမြူတင်းအပြင်ဘက်က တရိပ်ရိပ်ကျန်ခဲ့တဲ့မြင်ကွင်းတွေကို ကျွန်တော် လှမ်းကြည့်ရင်း မေးလိုက်တော့ သူမလည်းခုမှ သတိထားမိသလို မျက်လုံးပြူးသွားပြီး တက်ခနဲ ရယ်လိုက်တယ်။

'မသိဘူးလေ။ တို့က မင်းကိုတွေ့ချင်နေတာ။ အဲ့ဒီအချိန်မင်းကားပေါ်တက်ထိုင်လာတော့ တို့လည်းယောင်ပြီး ကားမောင်းထွက်လာခဲ့မိတာ'

ကျွန်တော်ကိုယ်တိုင်လည်း ဘာဖြစ်လို့ သူမကားပေါ်တက်ထိုင်လိုက်မိမှန်း စဉ်းစားမရဘူး။

ဖြစ်နိုင်တာက သံစဉ်ရဲ့ အထင်လွဲစိတ်ဆိုးမှုကြောင့် ကျွန်တော့်စိတ်တွေ ရှုတ်ထွေးသွားပြီး သူမကားပေါ်ယောင်ပြီးတက်လိုက်မိတာထင်ပါရဲ့။

'ဒါဆိုလည်း ရှေ့နားကမှတ်တိုင်တစ်ခုခုမှာ ကားရပ်ပေးပါလေပြေသွေး'

'ဘာဖြစ်လို့လဲ'

'ကျွန်တော် ကျောင်းပြန်မယ်လေ။ အတန်းတက်စရာရှိသေးတယ်'

'ကျောင်းပြန်မယ်ဆိုရင် တို့လိုက်ပို့ပေးပါ့မယ်။ ဒါပေမယ့် အချိန်ရရင်တော့ စက်မှုဇုန်ကို တို့နဲ့ခဏလောက်လိုက်ခဲ့စမ်းပါ'

'ဘာအတွက်လဲ လေပြေသွေး'

သူမကို အကဲခတ်ရင်း ကျွန်တော်နားမလည်သလို မေးလိုက်တယ်။

'အသိတစ်ယောက်ရဲ့ကားထုတ်လုပ်ရေးမှာ ဖေဖေက ရှယ်ယာဝင်ထားလို့ တို့ကို သွားကြည့်ခိုင်းတာလေ။ တို့ကလည်း ကားနဲ့ပတ်သက်ရင် ဘာမှမသိတော့ ဖေဖေ့ကို ဘာမှရှင်းပြနိုင်မှာမဟုတ်ဘူး။ မင်းကတော့ ဆရာကြီးပဲလို့ ရဲရင့်သွေးက ပြောတယ်။ အဲ့ဒီတော့...တို့ကိုကူညီတဲ့အနေနဲ့ ကားထုတ်လုပ်တဲ့စက်ရုံကို ခဏလောက် လိုက်ကြည့်ပေးပါလား။ အဲ့ဒါထက်ပိုပြီး ကူညီနိုင်ရင်တော့ အဲ့ဒီလုပ်ငန်းမှာ အချိန်ပိုင်းကြီးကြပ်ပေးတာမျိုးဖြစ်ဖြစ် ဝင်လုပ်ပေးစေချင်တယ်'





သူမပြောနေပုံက အလုပ်တစ်ခု၊ အခွင့်အရေးတစ်ခုအတွက် တင်းတောင်းမှုရှိနေတာမဟုတ်ဘဲ အအေးလိုက်သောက်ဖို့ အဖော်ညှိသလိုမျိုး ပေါ့ပေါ့ပါးပါး နိုင်လှပါတယ်။

ကျွန်တော်က သူမနဲ့ပတ်သက်ရမှာ စိတ်မပါပေမယ့်၊ ကားထုတ်လုပ်ရေးဆိုတာကိုတော့ စိတ်ဝင်စားသွားတယ်။ အင်ဂျင်စက်သံတွေ၊ ကားအိပ်ဇောငွေ့တွေဆိုတာ ကျွန်တော့်ကို ဖမ်းစားနိုင်တဲ့အရာတွေပါ။

'ဘယ်လိုလဲ မုတ်သုန်မိုး။ အချိန်ပိုင်းဝင်လုပ်ပေးနိုင်မလား'

'မပြောတတ်ဘူး။ ဒါပေမယ့်...ခဏတဖြုတ်တော့အဖော်လိုက်ပေးမယ်'

'အိုကေ'

သူမကားကို အရှိန်မြှင့်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို...မင်း အဲ့ဒီမှာ ဝင်လုပ်မလို့ပေါ့ဟုတ်လား မုတ်သုန်'

စာအုပ်စင်အောင်ကျော်မြင့်က အံ့ဩသလို လှမ်းမေးတယ်။

'ဒီတစ်ယောက်ထဲဆိုရင် ဝင်လုပ်ဖြစ်ချင်မှလုပ်ဖြစ်မှာပါ။ ဒါပေမယ့် ကိုမျိုးကပါ စိတ်ဝင်စားတယ်ဆိုတာကြောင့် ဝင်လုပ်ဖို့ဆုံးဖြတ်လိုက်တာ။ ကိုမျိုးက ဝပ်ရှော့လုပ်တာထက် ကာထုတ်လုပ်တာကို ပိုပြီးစိတ်ဝင်စားနေတာ။ သူက ဒီဇယ်အင်ဂျင်လည်းနိုင်တယ်လေ'

အမှန်တကယ်လည်း ကိုမျိုးကြောင့် ကျွန်တော်စိတ်ပါသွားရတာပါ။ ကိုမျိုးက ဆီဈေးပေါတာချင်းအတူတူ ဂျပန်ကားထုတ်တဲ့ဘက်မှာလုပ်ရင် ပညာတိုးတယ်လို့ သုံးသပ်ပြခဲ့တယ်။

'ဒါဆို မုတ်သုန်မိုးနဲ့လေပြေသွေး မကြာခဏဆုံဖြစ်ကြလိမ့်မယ်လို့ ယူဆရတော့မှာပေါ့'



နာကျောင်မိနစ် ၅၆

ရေဒီယိုသံက ဝင်ပြီးမှတ်ချက်ပေးတော့ ကျွန်တော်ခေါင်းရမ်းလိုက်တယ်။

'သူ့ရုံးခန်းက မြို့လယ်ခေါင်မှာ အဲယားကွန်းနဲ့ကွ။ စက်ရုံက နေ့လူတို့ တော်လနေလို့တစ်ခါလာရင်တောင် ကံကောင်းပဲ'

ကားထုတ်လုပ်ရေးဟာ လေပြေသွေးနဲ့မပတ်သက်ဘဲ သူ့မအဖေနဲ့သာ ပတ်သက်တာပါ။ သူ့မအဖေအတွက် လုပ်ငန်းထဲမှာ လူယုံသဘောမျိုးကျွန်တော်တို့ကို ဝင်လုပ်စေချင်တာလို့ သူ့မက ရှင်းပြခဲ့တယ်။

အလုပ်နဲ့ပတ်သက်ပြီး ဆက်ဆံဆွေးနွေးရမှာကလည်း သူ့မနဲ့ပမဟုတ်ဘဲ သူ့မအဖေရဲ့မန်နေဂျာဦးကောင်းထိုက်ဆိုသူနဲ့သာဖြစ်တယ်ဆိုတာကြောင့် ကျွန်တော်ဝင်လုပ်ဖြစ်သွားတာပါ။

'နေပါအုံး မုတ်သုန်ရဲ့ မင်းအနေအထားက ကျောင်းတစ်ဘက်နဲ့အလုပ် ဝင်လုပ်ရလောက်အောင် လိုအပ်နေလို့လား'

'လိုတယ် အောင်ကျော်မြင့် ငါကလိုအပ်ရင် ကျောင်းနားပြီး အလုပ်လုပ်ဖို့ အောင် စဉ်းစားထားတာ။ အမေက ညီလေးကို ပြန်ခေါ်ချင်နေတယ်။ သူ့ကို ခေါ်မယ် ဆိုရင် အိမ်ကွက်ကပြောင်းရင်ပြောင်း၊ မပြောင်းတောင်သပ်သပ်ရပ်ရပ် အိမ်တစ်အိမ်ကို ငှားနေဖို့လိုတယ်။ အဖေတို့အမြင်မှာ ငါတို့နေတဲ့နေရာက စရိုက်ကြမ်း တယ်။ ညီလေးပျက်စီးသွားလိမ့်မယ်လို့ မြင်ထားတာလေ'

ကျွန်တော်ရှင်းပြလိုက်တော့ အောင်ကျော်မြင့်နဲ့ ထွန်းလှသိန်းငိုင်သွားတယ်။

'မင်း...သံစဉ့်ကိုရော ပြောပြပြီးပြီလား'

'မပြောရသေးဘူး'

'သူသဘောတူပါ့မလား'

'ဘာကြောင့်မတူရမှာလဲ'

'မသိဘူးလေ။ လေပြေသွေးတို့ဆီ အလုပ်ဝင်တယ်ဆိုတော့ ဘာဘာ သဝန်တိုထင်နေမလားလို့'

ပြောသာပြောလိုက်ရတယ် ကျွန်တော့်စိတ်ထဲမှာလည်း ဇဝေဇဝါပဲ။ အခု



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တာ လေပြေသွေးနဲ့ပတ်သက်မှန်းသိရင် သူမ ယုံထင်ကြောင်း ထင်သွားနိုင်ပါတယ်။

ဒါပေမယ့် ကိုယ့်တဝနဲ့ကိုယ်မို့ သူမကို တိုင်ပင်မနေတော့ဘဲ ကိုမျိုးနဲ့ အလုပ်စဆင်းတယ်။

ကျွန်တော်တို့စက်ရုံက လိုက်ထရပ်တွေ အဓိကထုတ်လုပ် (တူးစီ)အင်ဂျင်နီယာနိုင်နင်းတဲ့ကိုမျိုးက ရက်ပိုင်းအတွင်းမှာပဲ ဆရာကြီးတစ်ဆူဖြစ် တယ်။ ကိုမျိုးကြောင့် ကျွန်တော်လည်း စိန်နားကပ်ရောင်နဲ့ရောပြီး ပါးပြောင်ရပါတယ်

အလုပ်ဝင်ပြီး ဒုတိယမြောက်နေ့မှာ ရဲရင့်သွေးရောက်လာတယ်။

ထုံးစံ အတိုင်း သူ့အစ်မနဲ့အဆင်ပြေတဲ့အတွက် ပြီးတော့ ခုလုပ် ဝင်လုပ်တဲ့အတွက် ဝမ်းသာကြောင်းလာပြောတာပါ။

'ကိုမိုး...သံစဉ်ချိုနဲ့တွေ့သေးလား'

ဟိုအကြောင်းဒီအကြောင်းလျှောက်ပြောနေရင်း ရဲရင့်သွေးက အကြောင်း စကားစလာတယ်။

'မတွေ့တာ ဆယ်ရက်လောက်ရှိရောပေါ့ ဘာဖြစ်လို့လဲ'

'မဖြစ်ပါဘူး ကိုမိုးနဲ့သံစဉ် စိတ်ဆိုးနေကြသလား သိချင်လို့ မေး ပါ။ ကျွန်တော် ကိုမိုးအကြောင်း သူ့ကိုမေးတော့ ဇွတ်လာမမေးနဲ့ သူသွား ပြောလိုက်လို့...'

ကျွန်တော်ရင်ထဲမှာ စူးခနဲဖြစ်သွားပေမယ့်၊ ဘာမှမဖြစ်သလို ဟန် ရယ်မောလိုက်တယ်။

'ဘာမှမဖြစ်ပါဘူး ရဲရင့်သွေးရာ။ သံစဉ်က တစ်ခါတစ်ခါ ဒီလိုပါပဲ'

မင်းရော သံစဉ်နဲ့အဆင်ပြေရဲ့လားလို့မေးလိုက်ချင်ပေမယ့် မမေးဖြစ် ကိုယ့်နှုတ်ကို သတိထားပြီး ကျွန်တော်ပြောလိုက်တယ်။

'ခဏနေလို့ အလုပ်နားရင် လှက်ရည်လိုက်တိုက်စမ်းကွာ။ မင်းတို့





လှက်ရည်မသောက်ရတာကြာပြီ'

'သိပ်တိုက်တာပေါ့ဗျာ။ ကိုမျိုးလည်းခေါ်လိုက်လေ သွားရအောင်'

ကျွန်တော် အင်ဂျင်အလုံးတွေစစ်နေတဲ့ကိုမျိုးကို သွားခေါ်ပြီးလှက်ရည်ဆိုင် ထွက်လာခဲ့ကြတယ်။ ကိုမျိုးပါနေတဲ့အတွက် ရဲရင့်သွေးက သံစဉ့်အကြောင်း စကားမစတော့ဘဲ တခြားအကြောင်းအရာတွေကို လျှောက်ပြောတယ်။

ကျွန်တော်ကလည်း စကားဖြတ်ချင်လို့ ကိုမျိုးကို ဆွဲခေါ်လာတာပါ။ ဆိုင်ကထွက်တော့...

'သံစဉ်ချိုနဲ့ သွားတွေ့လိုက်ပါအုံး'

လို့ ရဲရင့်သွေးက သတိပေးဖြစ်အောင်ပေးသွားပါသေးတယ်။

■



www.burmeseclassic.com

www.burmeseclassic.com

၆

အတန်းတက်ဖို့နောက်ကျတဲ့အခါတိုင်း စာသင်ဆောင်နှစ်ခုကြားက မြောက်လမ်းလေးကို ကျွန်တော်အသုံးပြုလေ့ရှိတယ်။

လမ်းဟာကျဉ်းလှတာမို့ ကိုယ်မဆုံချင်သူနဲ့ မျက်နှာချင်းဆိုင်တွေ့တဲ့အခါ ဘယ်လိုမှ ရှောင်မရဘဲ အမိခံရလေ့ရှိတယ်။

အခုလည်း ကျွန်တော်ဟာ ရဲနဲ့ရင်ဆိုင် တွေ့တဲ့ ဝရမ်းပြေးလို လှည့်ပြေးလို့ မရဘဲ ပက်ပင်းကြီးအမိခံလိုက်ရတာပါ။

'နေကောင်းလားသံစဉ်'

ရှောင်မရတော့တာမို့ ကျွန်တော်ကပဲစပြီး နှုတ်ဆက်လိုက်တယ်။

'လောကဝတ်စကားတွေခဏထားပြီး၊ ငါမေးတာကို ဖြေစမ်းပါ။ နင် ငါ့ကို ရှောင်နေတာမဟုတ်လား မုတ်သုန်'

'မဟုတ်ပါဘူး။ ငါ အတန်းတက်တာနည်းလို့ မဆုံဖြစ်တာပါ'

'တော်စမ်းပါ မုတ်သုန်ရာ။ တစ်ကျောင်းထဲတက်၊ တစ်ရပ်ကွက်ထဲနေပြီး အရိပ်ယောင်တောင်မမြင်ရတာ နင်တမင်ရှောင်တာမဟုတ်လို့ ဘာဖြစ်ရအုံးမှာလဲ



www.burmeseclassic.com

www.burmeseclassic.com



သံစဉ်က ခါးထောက်ပြီး ခပ်စူးစူးစိုက်စိုက်ကြည့်ရင်း တရားခံစစ်သလို မေးလာတယ်။

တီရှပ်ပွပွကြီးဝတ်ဆင်ထားပြီး ဘယ်လက်က ခါးထောက်ရင်း ခြေတစ်ဖက်ပေါ်အားပြုရပ်နေတာမို့ ကိုယ်ဟန်ပြမယ်အလှပြသလိုမျိုးကြည့်ကောင်းနေတယ်။

ကျွန်တော်ဟာ ဆရာမရှေ့ရောက်နေတဲ့ကျောင်းသားတစ်ယောက်လို မျက်နှာကိုအောက်ငုံ့ရင်း....

‘ငါအလုပ်ဆင်းနေလို့ မတွေ့ဖြစ်တာပါ’

‘နင့်အလုပ်က တစ်ပတ်မှာ သုံးရက်တည်းမဟုတ်လား။ ထားပါလေ ရဲရင့်သွေးကိစ္စကြောင့် နင်ငါ့ကိုရှောင်တာဆိုရင်တော့...ဆက်ပြီးရှောင်မနေနဲ့တော့ မုတ်သုန်’

‘ဘာလဲ...နင်သူ့ကို အဖြေပေးလိုက်ပြီလား’

ကျွန်တော့်အမေးကြောင့် သံစဉ်ခြောက်ကပ်ကပ်ရယ်မောတယ်။

‘အဖြေပေးတယ်ဆိုတဲ့ခေတ်က နှစ်ဆယ်ရာစုမှာ ကျန်ခဲ့ပါပြီဟာ။ ငါသူ့ကို ပြောလိုက်တယ်။ ငါ့ကိုအလေးအနက်စိတ်ဝင်စားတာဆိုရင် လူကြီးစုံရာနဲ့ အိမ်မှာလာ ပြောလို့’

ကြိုတင်မျှော်လင့်ထားတာဖြစ်ပေမယ့်တကယ်ကြားလိုက်ရတဲ့အခါနင့်ခနဲ ခံစားလိုက်ရတယ်။

‘ဒီတော့ သူဘာပြောလဲ’

‘အမြန်ဆုံးလာခဲ့မယ်ပေါ့ဟာ။ ဒီလမကုန်ခင်တောင် သူ့အဒေါ်ခေါ်ပြီး လာခဲ့မယ်လို့ ပြောတယ်။ ဘယ်လိုလဲ မုတ်သုန်...နင်ကျေနပ်တယ်မဟုတ်လား’

ကျွန်တော်အဖြေမပေးဘဲငြိမ်နေတော့သူမက နောက်တစ်ကြိမ်ခြောက်ကပ်ကပ်ရယ်ပြန်တယ်။

‘နင်ဖြစ်စေချင်တဲ့အတိုင်း ငါသူ့ကို လက်ခံလိုက်ပြီလေ။ နင်ဝမ်းမသာဘူးလား။ ဒါပေမယ့်...ငါသူ့ကို အဖြေတော့ပေးဖြစ်မယ်မထင်ဘူး။ ဘာလို့ဆိုတော့...ငါသူ့ကို





မချစ်လို့ပဲ။ ငါချစ်တာက...’

သံစဉ်သက်ပြင်းရှိုက်တယ်။

ကျွန်တော်ဆက်နားမထောင်ရဲလောက်အောင် နင့်နင့်နဲနဲကြေကွဲလာပါတယ်

‘ငါချစ်တာက...နင်ပဲမုတ်သုန်။ အထက်တန်းကျောင်းသူ ဘဝကတည်းက နင့်ကို ချစ်ခဲ့တာပါ။ အဲဒါကို နင်လည်း ရိပ်မိနေသားပဲ။ ဒါပေမယ့်...နင်သတ္တိမရှိဘူး။ မိန်းကလေးတစ်ယောက်လောက်တောင် နင်မပွင့်လင်းရဲဘူး။ ဘဝမှာ ဘယ်သူဖြစ်ဖြစ် အခက်အခဲဆိုတာတော့ ရှိတတ်ကြတာပဲ မုတ်သုန်။ အဲဒီအခက်အခဲကို နှစ်ယောက်အတူတိုင်ပင်ပြီး ရင်ဆိုင်လို့ရပါတယ်။ အတူတူလက်တွဲပြီး ဖြေရှင်းလို့ရပါတယ်။ အခက်အခဲရှိရုံနဲ့ပဲ နောက်ဆုတ်ပြီးတွေဝေနေစရာမလိုပါဘူးဟာ။

ဒါပေမယ့်...နင်သတ္တိကြောင်ခဲ့တယ်။ နင့်ဘာသာ ဘယ်လောက်ပဲရန်ဖြစ်ခဲ့တယ်ပြောပြော...ငါ့အမြင်မှာတော့...နင်ဟာ စကြောက်ပဲ’

ကျွန်တော် နင့်ခနဲခံစားလိုက်ရတယ်။

လောကမှာ သတ္တိနည်းတယ်လို့အစွပ်စွဲခံရတာကို ကျွန်တော်အနာခံဆုံးပဲ။

ဒါပေမယ့် အခြေအနေတွေက အခုလိုစွပ်စွဲခံရဖို့တွန်းပို့ခဲ့တာ မဟုတ်လား။ ကျွန်တော်ရင်ဆိုင်ရတဲ့အကြပ်အတည်းဟာ မိသားစုပြဿနာအပြင် သံစဉ်အမေရဲ့ တောင်းဆိုခဲ့မှုလည်း ပါဝင်ခဲ့တဲ့အကြောင်း သူမကို ရှင်းမပြတော့ပါဘူး။

‘ငါ နင့်ကို...ဘယ်လောက်ပဲချစ်ခဲ့ချစ်ခဲ့ ဒီနေ့ကစပြီး မုန်းဖို့ဆုံးဖြတ်လိုက်ပြီ မုတ်သုန်။ နင်က သတ္တိကြောင်တဲ့အပြင် မိုးကြိုးသာသာခပ်ညံ့ညံ့ရွှေအဖြစ်ကိုလည်း စိတ်ကူးယဉ်နေသေးတာမဟုတ်လား။ အခု...ငါရဲရင့်သွေးကို လက်ခံလိုက်ပြီပဲ။ နင်လည်း နင့်မမနဲ့လက်တွဲလို့ရပြီပေါ့’

‘အဲဒီလို မပြောပါနဲ့ သံစဉ်။ ငါက **ကိုယ်ပိုင်အလင်းမရှိရင်လမင်း တို့တောင် အထင်ကြီးချင်တဲ့ အကောင်မဟုတ်ဘူး။ ငါ့အမေကလွဲပြီး ဘယ်မိန်းမရဲ့ ထမီနားမှခိုစားဖို့ စိတ်ကူးလည်းမရှိဘူး။ မုတ်သုန်မိုးတာ— ကိုယ့်ဖိနပ်ပေါ် မှာ ကိုယ်ရပ်ချင်တဲ့ကောင်ပါ၊ သံစဉ်**’

‘ဒါပေမယ့်...ငါသိသလောက်တော့...နင်လင်ခရုဇောပေါ် မကြာခဏ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာပဲ မဟုတ်လား'

'အဲဒါမှာ တခြားကိစ္စပါဟာ။ ငါ...လေပြေသွေးကို လေ့ခါးထစ်လို အသုံးချ
စိတ်တူးမရှိဘူး'

အဲဒီနောက် ကျွန်တော်တို့နှစ်ယောက်အကြားမှာ ပြောစရာစကားကုန်ခမ်း
သွားသလိုမျိုး တိတ်ဆိတ်သွားတယ်။

အတန်းတက်နေကြတဲ့အချိန်မို့ လမ်းကြားလေးထဲကို ဘယ်ကျောင်းသား
ဖြတ်လျှောက်မလာကြဘူး။

လေပူတစ်ချက်သာ သုတ်ခနဲဖြတ်သန်းသွားတယ်။

သီစဉ်က အောက်နှုတ်ခမ်းကိုသွားနဲ့ ဖိကိုက်ရင်း မျက်ရည်တွေဝေ
လာတယ်။ ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိတာနဲ့ အိတ်ကပ်ထဲက ပီကေတစ်
ကို ထုတ်ဝါးနေလိုက်တယ်။

သီစဉ်က ကျောပိုးအိတ်ထဲကကော်ပေတံတစ်ချောင်းကိုထုတ်ပြီး
ကျွန်တော့ဆီကမ်းပေးလာတယ်။

'ရော့'

'ဘာအတွက်လဲ သီစဉ်'

'ချိုးလိုက်'

ကျွန်တော်လိုက်ခနဲဖြစ်သွားတယ်။

(တခြားကျောင်းတွေမှာ အဲ့ဒီအစဉ်အလာရှိမရှိ မသေချာပေမယ့်...ကျွန်တော်
တို့မြို့သစ်က အထက်တန်းကျောင်းမှာတော့ ပေတံချိုးတဲ့အစဉ်အလာရှိခဲ့တယ်။)

တစ်ယောက်နဲ့တစ်ယောက် မခေါ်တော့ဘူးဆိုရင် ကော်ပေတံထုတ်ပေးပြီး
ချိုးခိုင်းရတယ်။

တစ်ဖက်က ချိုးပေးလိုက်ရင် ပြတ်ပြီဆိုတဲ့သဘောပေါ့။

နောင်...ခေါ်ချင် စိတ်ပေါ်လာတဲ့အခါ ပေတံအကျိုးကို ထုတ်ကြည့်ပြီး
...'သူကငါ့ပေတံကိုတောင်ချိုးခဲ့တာ' လို့ စိတ်တင်း လို့ရအောင်ထင်ပါတယ်။

ကိုးတန်းနှစ်မှာ သီစဉ်က ကျွန်တော့်ပေတံကို တစ်ခါချိုးခဲ့ဖူးပေမယ့်





နောက်တစ်နေ့မှာပဲ ပေတံအသစ်တစ်ချောင်းပြန်လာပေးပြီး ပြန်ခေါ်ဖို့ပြောခဲ့ဖူးတယ်။

'ချိုးလေ...မုတ်သုန်'

'အဲ့ဒီလောက်အထိ လိုလို့လားဟာ'

'ငါ့အတွက်တော့ လိုတယ်'

'ကောင်းပြီလေ'

ကျွန်တော်စိတ်မကောင်းစွာနဲ့ပဲ သူမပေတံကို ချိုးပြီးပြန်ပေးလိုက်တယ်။

သီစဉ်က ပေတံကို ဆပ်ခနဲဆွဲယူပြီး ကျွန်တော့်နားက လှည့်ထွက်သွား
တယ်။ သီစဉ်လို့ လှမ်းခေါ်လိုက်ချင်ပေမယ့် မခေါ်ဖြစ်အောင် အံကိုတင်းတင်းကြိတ်
ထားလိုက်တယ်။

လမ်းကြားလေးထဲမှာ ကျွန်တော်တစ်ယောက်တည်း ကျောက်ရုပ်တစ်ရုပ်
လို ငြိမ်သက်ကျန်ရစ်ခဲ့တယ်။

ပူလောင်ခြောက်သွေ့တဲ့လေတွေဟာ အပူငွေ့တွေကို တင်ဆောင်ပြီး
ကျွန်တော့်နားက တသုန်သုန်ဖြတ်သန်းနေကြပေါ့။

■



www.burmeseclassic.com

www.burmeseclassic.com



စစ်ရှုံးတဲ့ကောင်
ဘယ်မင်းကောရာဇ်မှ
မခံနိုင်ဘူး။

စစ်ရှုံးပြီဆိုကဲ့အခါ
စစ်ပွဲတောင် ဆုံးရှုံးရတာမဟုတ်တဲ့
မာနနဲ့ယုံကြည်မှုပါ
ပျက်သုန်းရတာဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါဟာ . . .
မင်းအမုန်းကြောင့်
လောင်မီးကျ သလိုမျိုး
မီးဟုန်းဟုန်းတောက်အောင်
ဘဝတစ်ခုလုံး
ပူလောင်ရှုံးနိမ့်ခဲ့သူပေါ့ ။





ငါ့ကောင်းကင်လည်း
ပြိုအက်ကျ. . .၊
ငါ့အိပ်မက်တွေ
ဒဏ်ရာရ. . .၊
အနာဂတ်ရှုခင်းဆိုတာ
မပွင့်မီက ကြွေလိုသလိုမျိုး
ငါ့မျှော်လင့်ခြင်းတွေ
တိမ်မြုပ်ခဲ့. . .၊
ငါ့ရောင်နီဦးမှာ
မြူဆိုင်းခဲ့. . .။



www.burmeseclassic.com

www.burmeseclassic.com



စိမ်းနုသူတော
စစ်နိုင်ဘုရင်ထံ
သေခြင်းတရားကို
တောင်းခံသလိုမျိုး
ငါ့မင်းဆီက
ဥပေက္ခာတရားကိုပဲ
အသနားခံပါတယ်။
သတိရမိတဲ့အခါ. . .
အကြောင်းတိုက်ဆိုင်လို့
တမ်းတမိတဲ့အခါ
လွတ်လပ်စွာလွမ်းဆွတ်ခွင့်တော့
မင်းခွင့်ပြုပါ။





နောက်ကောက်ကျ
အလဲထိုးခံရသူမှာလည်း
ဆုဖလားကို မြင်ယောင်ခွင့်တော့
ရှိလေရဲ့ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com

# ၇

"မင်းဘာဖြစ်နေလဲ"

"စိတ်ညစ်နေတာ"

"တို့ . . ဘာလုပ်ပေးရမလဲ"

"တိတ်တိတ်ကလေး နေပေးပါလား"

"ကောင်းပြီလေ"

ကားထဲမှာစီဒီသီချင်းသံက တိုးတိုးလေးပျံ့လွင့်နေတယ်။

ကျွန်တော်သံစဉ်နဲ့လမ်းခွဲပြီး အတန်းမတက်ချင်တော့တာနဲ့ ကိုမျိုးရှိရာ စတ်မှုဖုန်ကို ထွက်လာခဲ့တယ်။

စက်ရုံနားရောက်တော့လည်း အထဲမဝင်ချင်တော့ ပြန်ဘူး။

ဒါနဲ့ပဲ အဲ့ဒီနားကထန်းရည်ဆိုင်ကလေးကိုဝင်ပြီး ထန်းရည်တစ်လုံး မှာသောက်ပါတယ်။

တစ်ခါမှမသောက်ဖူးလို့ ထန်းရည်တစ်လုံးမကုန်ခင်မှာပဲ ကျွန်တော်တရိပ်ရိပ်ဖြစ်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com


အဲ့ဒီအချိန်မှာစက်ရုံကမျက်မှန်းတန်းမိနေတဲ့ ချာတိတ်တစ်ယောက် ရောက်လာပြီ။

"သူဌေးခေါ်နေတယ်။ ဆိုင်ရှေ့မှာကားနဲ့စောင့်နေတယ်"

လို့ လာပြောတယ်။

ကျွန်တော်ထန်းရည်ဆိုင်လေးထဲက ထွက်လာတော့သူဌေးဆိုတာ လေပြေ့အဖေရဲ့မန်နေဂျာဦးကောင်းထိုက် မဟုတ်ဘဲလေပြေသွေးကိုပြောတာ ဖြစ်နေတယ်။

သူမက ကျွန်တော်ထန်းရည်ဆိုင်ထဲရှိနေမှန်း ဘယ်လိုသိသွားတယ် မပြောတက်ဘူး။ ကားပေါ်တက်ဆိုတာနဲ့ပဲ ကျွန်တော်ကားပေါ်ကိုရောက်လာရတယ်။

"မင်းအခု... အိပ်ပြန်မလား"

"မပြန်ချင်ဘူး"

"ဒါဆို... စက်ရုံထဲဝင် အိပ်နေပါလား"

"တင့်အင်း"

"ဒါဖြင့်... ဘာလုပ်မလဲ"

"ဖြစ်နိုင်ရင် ပဲခူးသွားချင်တယ်"

"ဘာလုပ်ဖို့လဲ။ ရွှေမော်ဓော ဘုရားဖူးချင်လို့လား"

"မဟုတ်ဘူး။ အဲ့ဒီမှာ ထန်းရည်စစ်စစ် ရတယ်ကြားဖူးလို့"

ထန်းရည်ပုလင်းဝက်သာသာသောက်ပြီး ကျွန်တော်က ကပေါက်တိ ပေါက်ချာလျှောက်ပြောနေမိတယ်။

နောက်မှ ကိုမျိုးပြောပြလို့သိရတာက ကျွန်တော်သောက်မိတဲ့ ထန်းရည် ထဲမှာ အရက်တွေရောထားတယ်လို့ဆိုတယ်။

ဒါကြောင့်ထင်ပါရဲ့။

ခဏနေတော့သူမကားပေါ်မှာ ကျွန်တော်အိပ်ပျော်သွားတယ်။ ဘယ်လောက်ကြာကြာ အိပ်မိတယ်မသိဘူး။

နိုးလာတော့ သူမကားဟာ စက်ရုံနားမှာ မဟုတ်တော့ဘဲ အဝေး





ပြေးကားလမ်းရဲ့ တစ်နေရာမှာရောက်နေတယ်။

ကားကရပ်ထားပေမယ့် လေအေးစက်ဖွင့်ထားသလို စီဒီလည်းတိုးတိုး လေးဖွင့်ထားတယ်။

"အခုဘယ်ရောက်နေတာလဲ လေပြေသွေး"

ကျွန်တော်ဇဝေဇဝါ မေးလိုက်တော့ သူမခပ်အေးအေးတုန့်ပြန်တယ်။

"ပဲခူးလေ။ ပဲခူးမြို့အဝင်က ထန်းရည်ဆိုင်ရှေ့မှာ"

"ဟင်"

ကျွန်တော်ကြည့်လိုက်တော့ ကားလမ်းဘေးကခပ်စုတ်စုတ်တဲလေးရဲ့ ရှေ့မှာမြေဖြူနဲ့ရေးထားတဲ့ အထပ်သားဆိုင်းဘုတ်လေးထောင်ထားတယ်။

| "ထန်းရည်ရပြီ" |
|---|

. . တဲ့။

ဆိုင်းဘုတ်ဘေးနားမှာ နတ်ဆက်ထားတဲ့ထန်းရည်ပုလင်း ကိုလည်းတွေ့ ရတယ်။

"မင်း. . . ထန်းရည်သောက်ချင်လို့ဆို . . . ဆင်းလေ"

ကျွန်တော် လေပြေသွေးကို အားနာသွားတယ်။

ဒါပေမဲ့အပေါ့အပါးသွားချင်စိတ်လည်းရှိနေတာမို့ ကားပေါ်ကဆင်းပြီး ထန်းရည်ဆိုင်လေးထဲဝင်လာခဲ့တယ် ။ မကောင်းတက်လို့ ထန်းရည်တစ်ပုလင်းတော့ မှာသောက်ရတာပေါ့။

ခဏနေတော့ သူမကားပေါ်ကဆင်းပြီး ကျွန်တော့်နားရောက်လာတယ်။ ထန်းရည်မမှာဘဲ ဆိတ်သားခြောက်တစ်ပွဲ မှာပြီးတိတ်တိတ်ဆိတ်ဆိတ်ထိုင် နေတယ်။

"ကျွန်တော်ခင်ဗျားအပေါ် တမင်ရစ်နေမှန်း သိရက်နဲ့ ဘာဖြစ်လို့ စိတ်မဆိုးတာလဲ လေပြေသွေး"

"သိချင်သလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"တို့ပြောလိုက်ရင် မင်းထန်းရည်မသောက်ဘဲ မူးသွားလိမ့်မယ်"

"ဘာဖြစ်လို့လဲ"

"တို့ ...မင်းအပေါ် စိတ်မဆိုးတာတာ မင်းကို စိတ်ဝင်စား နေလို့ပေါ့"

"ဗျာ"

သူမဟာဆက်သားခြောက်စားလို့ ဆီစိုနေတဲ့ နှုတ်ခမ်းကို တစ်ချက်စလေး‌ရဲ့ သုတ်ရင်းကျွန်တော့်ကို ရွှန်းရွှန်းစားစားပြုံးပြတယ်။

ကျွန်တော်တကယ်ပဲ မူးချင်သလိုလိုဖြစ်သွားတယ်။ ဒါကြောင့် ငှဲ့ထားတဲ့ ထန်းရည်ခွက်ကိုယူပြီးတစ်ကျိုက်တည်းမော့ချ လိုက်တယ်။

■





အခြေအနေတွေက ရှုတ်ထွေးသလိုအပြောင်းအလဲတွေကလည်း မြန်ဆန်လှတယ်။

ကျွန်တော့် တစ်ကိုယ်လုံးဟာ ပေါ့ပါးပြီးလေထဲမှာ မြောလွင့်နေတယ်။ တစ်ခါမှ မစီးဖူးပေမယ့် တိမ်တိုက်ပေါ်မှာ လေဟုန်စီးရတဲ့ အရသာနဲ့ခပ်ဆင်ဆင် ရှိတယ်လို့ ကျွန်တော်ခံစားနေရတယ်။

ရုတ်တရက်သိမ်စဉ်ရှိပေါ်လာပြီး လက်ညှိုးနဲ့လက်ခလယ်ကို လိမ်ယှက်ရင်း ကျွန်တော့်မျက်နှာရှေ့ထိုးပေးတယ်။

**"ခေါ်မယ်ဆိုနှိပ်လိုက်၊ မခေါ်ရင်ဆွဲဖြတ်လိုက်"**

ကျွန်တော် လက်ညှိုးနဲ့လက်ခလယ်ကို ဖိညှစ်လိုက်တယ်။

အဲ့ဒီနောက် ဆယ်တန်းအောင်စာရင်းထွက်တဲ့နေ့ ဆီပြန်ရောက်သွားတယ်။

ကျွန်တော်အောင်စာရင်းကြည့်ဖို့ အသွားကျောင်းရှေ့မှာ မျက်ရည်စိုရွှဲပြီး ရပ်နေတဲ့ သိမ်စဉ်ကိုတွေ့ရတယ်။

ကျွန်တော်ရင်ထဲထိတ်သွားပြီး ကမန်းကတန်းမေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ သံစဉ်။ နင်. . .နင်. . .မအောင်ဘူးလား"

"အောင်ပါတယ်"

"တင်. . .ဒါဆို. . .ငါကော"

"နင်လည်းအောင်တယ်"

"ဒါနဲ့များ ဘာဖြစ်လို့ပုလဲတွေခ နေတာလဲ"

"ဂုဏ်ထူး မပါလို့တဲ့"

"အရှူးမ နင်က ဂုဏ်ထူး ထွက်ချင်သေးလို့လား"

"ငါ. . .'ဒီ'မပါနိုင်မှန်းသိပါတယ်။ ငါဝမ်းနည်းတာက နင့်အတွက်ပါ။ နင့် 'ဒီ' တစ်လုံးမှမပါဘူး။ နင်ဒီလောက်ကြိုးစားထားမှန်း ငါသိနေတာပဲ မုတ်သုန်ရဲ့"

ကျွန်တော်ဟာ အတွေးထဲမှာ လေဟုန်စီးရင်း၊ အဖြစ်အပျက်တွေ အိပ်မက်လိုလိုတွေမြင်နေရတာပါ။

ခဏနေတော့ ကျွန်တော့် ခန္ဓာကိုယ်ဟာလူးလွန့်လာပြီး မွေ့ရာလို နူးညံ့နွေးထွေးတဲ့ အရာတစ်ခုအပေါ် ရောက်ရှိနေသလိုခံစားလာရတယ်။

မျက်လုံးဖွင့်ကြည့်ပေမယ့် အမှောင်ထုထဲက ချက်ချင်းမထွက် ဘဲဖြစ်နေတယ်။

အတော်ကြာမှ အလင်းဓါတ်ဟာ ကျွန်တော့် မျက်ခွံထဲတိုးဝင်လာတယ်

"နိုးလာပြီလား"

"ဗျာ"

"အိပ်ရာက နိုးလာပြီလား မေးတာ"

"ကျွန်တော်အိပ်ပျော်သွားလို့လား"

"ထန်းရည်မူးပြီးအိပ်ပျော်သွားတာမှ တမေ့တမောပဲ"

ဒီတော့မှ ကျွန်တော့်ကိုမေးနေတာ လေပြေသွေးမှန်း ကျွန်တော် သိလာသလို၊ ကျွန်တော့်ခန္ဓာကိုယ်ဟာ သူမကားထဲမှာ မဟုတ်ဘဲ အိပ်ရာတစ်ခု ရောက်နေမှန်း သဘောပေါက်လာရတယ်။

"ကျွန်တော်ဘယ်ရောက်နေတာလဲ လေပြေသွေး"





"ဟိုတယ်ခန်းထဲရောက်နေတာ"

"ဟိုတယ်"

ကျွန်တော်တအံ့တဩရေရွတ်လိုက်တော့ ကုတင်ဘေးက ဆက်တီမှာထိုင်နေတဲ့ သူမကရှင်းပြတယ်။

"မင်းထန်းရည်ဆိုင်မှာ အရမ်းမူးနေခဲ့တယ်လေ။ တခြားဝိုင်းက နာတိတ်တွေနဲ့ ရန်ဖြစ်မလိုဖြစ်နေလို့ တောင်းပန်ပြီး အတင်းဆွဲခေါ်လာရတယ်။ ကားပေါ်ရောက်တော့ တရှိုးထဲအိပ်ပျော်သွားတာပဲ။"

ကျွန်တော့်မှတ်ဉာဏ်ကို ပြန်ခေါ်ကြည့်ပေမယ့် အဖြစ်အပျက်တွေက ဝေဝါးဝါးနိုင်လှတယ်။

"ကားပေါ်မှာ တစ်ချက်တစ်ချက်ထိုးအန်တယ်လေ။ တို့လည်းဘာမှ အလုပ်တတ်တာနဲ့ ဟိုတယ်တစ်ခုကိုမောင်းလာတာ။ ဒီရောက်တော့ ဝန်ထမ်းတွေက မင်းကိုမွေ့ပြီးအိပ်ရာပေါ်တင်ပေးကြတယ်။ အဲ့ဒီကတည်းက နစ်နစ်မြိုက်မြိုက် အိပ်လိုက်တာခုချိန်အထိပဲ"

တစ်နေ့လုံးဗိုက်ထဲမှာ အစာမရှိတဲ့အပြင် ထန်းရည်လည်းတစ်ခါမှ မသောက်ဖူးတာမို့ ကျွန်တော်ဒီလောက်ထိ လွတ်သွားရတာဖြစ်မှာပါ။

သူမသာမပါဘဲ ကျွန်တော်တစ်ယောက်တည်းသာဆို ဘယ်သောင် ဘယ်ကမ်းအထိရောက်နေမယ် မသိဘူး။

ရင်ပူလာလို့ အိပ်ရာဘေးစားပွဲပေါ်က ရေသန့်ဗူးကို လှမ်းယူပြီး ကျွန်တော်မော့ချလိုက်တယ်။

"ဒါနဲ့ . . . အခုဘယ်အချိန်လောက်ရှိပြီလဲ လေပြေသွေး"

"ဘယ်အချိန်လို့မင်းထင်လဲ မုတ်သုန်မိုး"

"ထန်းရည်ဆိုင်ရောက်တော့ နေ့လည်ပိုင်းပဲ။ အခုဆို ညနေစောင်း ရောပေါ့"

လေပြေသွေးပြုံးလိုက်တယ်။

ပြီးမှ ခပ်အေးအေးလေသံနဲ့လှမ်းပြောပါတယ်။

"ည. - နှစ်နာရီထိုးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

ကျွန်တော်တအံ့ဩ တုန်လှုပ်သွားတယ်။

လေပြေသွေးက တမင်နောက်နေတာများလားဆိုတဲ့ သံသယနဲ့ နံရံပေါ်က နာရီကိုလှမ်းကြည့်လိုက်တော့ အမှန်တကယ်ညနှစ်နာရီသာသာ အချိန်ကိုပြနေတယ်။

ကျွန်တော်ဟာခေါင်းထဲက ကိုက်ခဲလာပြီးအခြေအနေတွေကို မဆက်စပ်နိုင်လောက်အောင်ဖြစ်လာတယ်။

သူမဟာ ကျွန်တော့်ကို စိတ်မချတာ တစ်ခုတည်းနဲ့ဟိုတယ်ခန်းတစ်ခုထဲမှာ ညနှစ်နာရီတိုင်အောင် စောင့်ဆိုင်းပေးနေခဲ့သလား။

ဒါဟာ အမှန်ပဲလား။

"ဒီဆို လေပြေသွေး နေ့လည်ကတည်းက ခုချိန်ထိအိမ်မပြန်ရသေးဘူးပေါ့"

"နေ့လည်တစ်တည်းတူး မနက်ကတည်းက၊ တို့အိမ်က ထွက်လာတာ မနက်တတည်းကမှတ်သုန်ရဲ့"

"ဒီဆို . . လေပြေသွေးတို့အိမ်က စိတ်ပူနေလောက်ရောပေါ့"

"ရဲစခန်းနဲ့ ဆေးရုံတွေလိုက်ရှာလို့ မတွေ့ရင် . . ချစ်သူနဲ့လိုက်ပြေးသွားပြီလို့ ထင်ကြမှာသေချာတယ်"

"တင်"

စိုးရိမ်စိတ်ဟာ ကျွန်တော့်ရင်ထဲမှာ တငွေ့ငွေ့တောက်လောင်လာတယ်။ ကျွန်တော်ဟာ ဘာလုပ်ရမှန်း မသိတာနဲ့ ကုတင်ပေါ်ကို ခြေပစ်လက်ပစ်ထိုင်ချလိုက်တယ်။

■



၈

တအုပ်စင် ဘာဘူနဲ့ ရေဒီယိုသံထွန်းလှသိန်း တို့သုံးယောက်စလုံးကျွန်တော့် စကားကို နားထောင်ရင်း နှုတ်ဆိတ်ငြိမ်သက်နေကြတယ်။

ကျွန်တော်ဟာရင်ထဲက မွန်းကြပ်လာလို့သက်သာလိုသက်သာငြား လေပူ တစ်ချက်ကိုမှုတ်ထုတ်လိုက်တယ်။

တိတ်ဆိတ်သွားတဲ့စကားဝိုင်းမှာ ပထမဆုံးပြန်လည် အသက်ဝင်လာတာကတော့ တအုပ်စင်အောင်ကျော်မြင့်ပါ။

"ကံကြမ္မာကြောင့်ပဲပြောပြော၊ တိုက်ဆိုင်တာလို့ပဲဆိုဆို . . မင်းအဖြစ်က ဟာကယ်ကို မလွယ်ကြောပဲမှတ်သုန်။"

"ဟုတ်တယ်၊ လေပြေသွေးက ရင့်ကျက်တည်ငြိမ်တဲ့အရွယ် ရောက်ပြီဆိုပေမယ့် တစ်ညလုံးအိမ်ပြန်မလာတာကို သူ့မိဘကယုန်ထင်ကြောင်ထင် ထင်မှာသေချာတယ်။ စက်ရုံကို လှမ်းစုံစမ်းလို့ သူ့ကားပေါ် မင်းပါသွားမှန်းသိရင် ဖိုပြီး သံသယဝင်မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆိတ်နေတဲ့ဘဘုက တွေးတွေးဆဆနဲ့

"အခုကိစ္စကို ငါတော့ တိုက်ဆိုင်မှုသက်သက်လို့ မထင်ဘူး"...

ဆိုပြီး ရုတ်တရက်ဝင်ပြောတယ်။

"မင်းတို့ စဉ်းစားကြည့်လေ။ ကားပေါ်မှာ မုတ်သုန် အိပ်ပျော်သွားတဲ့ အချိန် ပဲခူးကို မောင်းသွားသလိုမျိုး။ ပြန်မောင်းလာလို့လဲရတာပဲ။ မုတ်သုန်အိမ် မသိလို့ ဝင်မပို့နိုင်တောင် စက်မှုဇုံကစက်ရုံမှာ မုတ်သုန်ကိုဝင်ထားခဲ့လို့ ရတယ်။ ဘာလို့ ဟိုတယ်ကို ဝင်ရတာလဲ"

ဘဘု စကားကြောင့်ငုတ်လျှိုးနေတဲ့ ကျွန်တော့်ရဲ့ သံသယတွေလှစ်ခနဲ ခေါင်းပြူလာတယ်။

ဒါပေမယ့်။ စာအုပ်စင်တို့ နှစ်ယောက်ကတော့ ဘဘု့စကားကို ခေါင်းရမ်းငြင်းဆန်တယ်။

"ဒီလိုတစ်ထစ်ချပြောလို့မရဘူး။ သွေးပူနေတဲ့ အချိန်မှာအကျိုးသင့် အကြောင်းသင့်မစဉ်းစားနိုင်တာလဲဖြစ်နိုင်တယ်။ ခဏတဖြုတ်နားလိုက်ရင် မုတ်သုန် ပြန်သက်သာလိမ့်မယ်လို့ ယူဆလို့လည်းဖြစ်နိုင်တယ်။"

"ရေဒီယိုပြောတာ ဟုတ်တယ်ဘဘု။ မုတ်သုန်ကညနှစ်နာရီထိ အိပ်ပျော်သွားလိမ့်မယ်လို့ အတိအကျသိမှသာ အကွက်ဆင်လို့ရမှာပေါ့။ မသိဘဲ ဘယ်လိုလုပ်ပြီးအကွက်ဆင်မလဲ။ ခဏတဖြုတ်နားရင်ပြန်ကောင်းလာမယ်လို့ ရိုးရိုးသားသားထင်ပြီး ဟိုတယ်ဝင်နားတာဖြစ်မယ်"

အောင်ကျော်မြင့်စကားဆုံးတော့ ဘဘုကပြန်မေးတယ်။

"ဒါဆိုလည်း မုတ်သုန်နိုးမလာတဲ့ အဆုံး သူ့ဘာသာအိမ်ပြန်သွားပါလား ဘာလို့မပြန်လဲ"

"ဒါကတော့မုတ်သုန်ကို စိတ်မချလို့ဖြစ်မှာပေါ့"

အောင်ကျော်မြင့်ယူဆသလိုမျိုးလေပြေသွေးကလည်း ကျွန်တော့်ကို စိတ်မချတာကြောင့် မပြန်ဖြစ်တာလို့ အကြောင်းပြခဲ့တာပါ။

"မင်း. . . ပြန်နိုးလာလိမ့်မယ် ထင်ပြီးစောင့်ရင်းစောင့်ရင်းနဲ့





မထင်မှတ်ဘဲမိုးချုပ်ရတာပဲ မုတ်သုန်။ ကိုယ့်အတွက် အခန်းတစ်ခန်းသပ်သပ်ယူထား ရက်နဲ့တောင် အဲ့ဒီအခန်းမှာ သွားမနားနိုင်ဘူး။ အိပ်ပျော်နေရင်းမင်းများ တစ်ခုခုဖြစ်သွားမလားထင်လို့"

လေပြေသွေးရဲ့စကားသံကို ကျွန်တော်ဖြတ်ခနဲကြားယောင်လိုက်မိတယ်

တကယ်တော့ကွမ်းယာမူးရုံနဲ့တောင် တစ်နေလုံးအိပ်ပျော်သွားတတ်တဲ့ ကျွန်တော့် အကျင့်ကြောင့်သာ အခြေအနေကခုလောက် ရှုတ်ထွေးသွားရတာပါ။

"ဒါနဲ့သူ့မှာလက်ကိုင်ဖုန်းပါတယ် မဟုတ်လားမုတ်သုန်မိုး။ သူ့အိမ်ကို ဖုန်းမဆက်ဘူးလား"

ဘဘုကရုတ်တရက်ဝင်မေးတယ်။

"ပါတယ်ဘဘု။ သူ့အိမ်ကိုလည်း ဖုန်းဆက်တယ်လို့ပြောတယ်"

ကျွန်တော်ပြောလိုက်တော့ အောင်ကျော်မြင့်နဲ့ ထွန်းလှသိန်းကပါ စိတ်ဝင်စားသလို လှမ်းကြည့်တယ်။

■



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီတော့အိမ်ကဘာပြောသလဲလေပြေ။ဘယ်အချိန်လောက် ဆက်လိုက်တာလဲ။"

လေပြေသွေးက ရွှေညိုရောင်ပြေပြေလေး ဆိုးထားတဲ့ဆံပင်တွေ သပ်တင်ရင်း ကျွန်တော့်အမေးကို ပြန်ဖြေတယ်။

"ညနေ ဟိုတယ်ကိုရောက်ရောက်ချင်း အချိန်လောက်ကဆက်လို တာမှတ်သုန်။ကိစ္စတစ်ခုနဲ့ မြို့ပြင်ရောက်နေတယ်။ကျောင်းတုန်းက သူငယ်ချင်း ယောက်နဲ့တွေ့လို့ ညစာစားမယ်။အပြန်နောက်ကျမယ်လို့။"

"ဒါပဲလား"

"အင်း .. အဲ့ဒီတုန်းကတော့ အလွန်ဆုံးခုနစ်နာရီလောက် အိမ်ပြန် ရောက်မယ်လို့ထက်ခဲ့မိတာကို။ဒါပေမယ့် မင်းကတော်တော်နဲ့နီးမလာတော့ တို့ စိတ်ပူလာတယ်။ရှစ်နာရီလောက်ကျတော့ အိမ်ကလှမ်းဆက်ရင် ဘာပြန်ပြော မသိတာနဲ့ ဖုန်းပိတ်လိုက်တယ်။စိတ်ပူမယ်ဆို အဲ့ဒီအချိန်လောက်မှ အိမ်ကစပြီး ပူမှာပဲ"





ကျွန်တော်ထွက်ပေါက်ပိတ်သူတစ်ယောက်လို မွန်းကြပ်သွားတယ်။

အခြေအနေအရမိုးလင်းမှအိမ်ပြန်ရောက်ရင် ဘာဖြစ်နိုင်မလဲ ကျွန်တော်မေး လိုက်တော့သူမကပုခုန်းတွန့်တယ်။

"ဖြစ်နိုင်ခြေကတော့ (အင်ဖင်နတီ)ပဲမှတ်သုန်မိုး။ ဘာမဆို ဖြစ်နိုင်တယ်။ ဖြစ်မလဲဆိုတာထက် ဘာပြောမလဲဆိုတာက ပိုအရေးကြီးတယ်။ အိမ်ကိုဘာပြော မလဲဆိုတာ တို့ခုချိန်အထိ မစဉ်းစားရသေးဘူး။တို့ကားပေါ်မင်းပါလာတာစက်ရုံက ထွက်လေးငါးယောက်လောက်တွေ့သွားတယ်။အဲ့ဒီ ချာတိတ်တွေကတဆင့် ကော ကာလ ကဘယ်လောက်ကျယ်ပြန့်သွားမလဲ စဉ်းစားမကြည့်ရသေးဘူး။ခေါင်းနောက်လို့ ခန်းမှာပြန်နားတော့မှပဲ တွေးကြည့်ရအုံးမယ်။"

စကားဆုံးတော့သူမ ပင့်သက်တစ်ချက်ရှိုက်လိုက်တယ်။

ကျွန်တော့်ကြောင့်သူမရဲ့ဂုဏ်သိက္ခာပွန်းပဲ့ရတော့မယ်ဆိုတာသေချာနေတာ ကျွန်တော်မေးလိုက်တယ်။

"ကျွန်တော်ဘာလုပ်ပေးရမလဲ လေပြေသွေး"

သူမမျက်တောင်ကော့ရှည်တွေကို ပင့်ပြီးကျွန်တော့်ကိုတစ်ချက်မော့ကြည့် တယ်။

ပြီးတော့အသံတိုးတိုးနဲ့ဖြေတယ်။

"လိုအပ်ရင် တို့ရဲ့ ဂုဏ်သိက္ခာကိုကာကွယ်ပေးပါ မှတ်သုန်မိုး"

ကျွန်တော်လှပ်ခနဲခံစားလိုက်ရတယ်။

သူမစကားရဲ့ နောက်ကွယ်က နောင်ကြိုးတွေကို တွေမြင်လိုက်ရလို့ပါ။

■



www.burmeseclassic.com

www.burmeseclassic.com



"ယောကျ်ားပဲ မုတ်သုန်ရာ။ ကိုယ့်ကြောင့်တစ်ဖက်သားမှာ အရှက်တ
ဖြစ်ရမယ်ဆိုရင်တော့ တာဝန်ယူရမှာပေါ့။

လေပြေသွေးကိုလက်ထပ်ရလို့လည်း မင်းအတွက်မနာပါဘူ
ကံကောင်းတယ်လို့တောင်ပြောလို့ရသေးတယ်။ ဒါပေမယ့်. . . ငါကတော
ခုကိစ္စတစ်ခုလုံးကို အစမကြေတာအမှန်ပဲ။"

ဘာဘူက ပြောလာတာပါ။

အောင်ကျော်မြင့်ကဘာဘူ့ စကားကိုဝင်ငြင်းတယ်။

"တော်စမ်းပါဘာဘူရယ် မင်းကလည်းအချွန်နဲ့မနေပြန်ပြီ။ ဒါ . . မို
တိုက်ဆိုင်မှုပါ"

"လေပြေသွေးကသူ့အိမ်ကို ဘယ်လိုရှင်းပြမယ်လို့မင်းကို အသိပေ
သလဲမုတ်သုန်"

ရေဒီယိုတွန်းလှသိန်းကလှမ်းမေးတယ်။





"အခြေအနေကြည့်ပြီး စီးစင်ကြည့်ကမယ်ပြောတာပဲ။ တစ်ခုခုထူးခြား
တာနဲ့ငါ့ဆီကိုချက်ချင်းအကြောင်းကြားမယ်လို့ ပြောသွားတယ်"

"အေးလေ. . .ရှင်းပြလို့ပြေလည်သွားရင်လည်းပြီးသွားမှာပဲ"

"ငါတော့မထင်ဘူး။ လေပြေသွေးတစ်ညလုံးပျောက်နေတဲ့အကြောင်းသူ့
အသိုင်းအဝိုင်းက အတော်များများသိနေလောက်ပြီလို့ထင်တယ်။ အဲ့ဒီရိုက်ခတ်မှုက
မုတ်သုန်ဆီဦးတည်လာမှာသေချာတယ်"

စာအုပ်စင်က သုံးသပ်ပြတယ်။

အဓိပ္ပါယ်ကတော့ လေပြေသွေးအရှက်တကွဲဖြစ်မှာသေချာတယ်၊
အဲ့ဒီအတွက် မုတ်သုန်မိုးတာဝန်ယူရလိမ့်မယ်လို့ သတိပေးနေသလိုမျိုးပါ။

ကျွန်တော်ရင်ထဲမှာ ရှုတ်ထွေးမွန်းကြပ်လာလို့ ဘာမှပြန်မပြောတော့ဘဲ
နှုတ်ဆိတ်နေလိုက်တယ်။

"ပြဿနာတွေကို ကြိုးစားဖြေရှင်းကြည့်မယ်လေ။ တို့တစ်ယောက်တည်း
ဖြေရှင်းလို့မရရင်တော့ တို့ဘက်ကကူပေးပါမုတ်သုန်"

လမ်းခွဲတုန်းက သူမပြောသွားတဲ့စကားပါ။

ရိုးရိုးသားသားအကူအညီတောင်းတာလို့ ယူဆနိုင်သလိုနှောင်ကြိုးတွေနဲ့
စတင်ချည်နှောင်လာတာလို့လည်းထင်မြင်နိုင်ပါတယ်။

တစ်ချိန်တည်းမှာ. . ."တို့မင်းကိုစိတ်ဝင်စားလို့" ဆိုတဲ့သူမရဲ့စကားကို
ဖြတ်ခနဲကြားယောင်လိုက်မိတယ်။

■



www.burmeseclassic.com

www.burmeseclassic.com

# ၉

"အဲ့ဒီတော့အန်ကယ် ဆိုလိုချင်တာကဘာလဲ"

မေးသာမေးလိုက်ရပေမယ့် တစ်ဘက်ကဦးတည်းချင်တဲ့ အခြေအနေကို ကျွန်တော်ရိပ်မိနေပါပြီ။

လေပြေသွေးအဖေဦးမင်းသွေးရဲ့ လူယုံမန်နေဂျာဦးကောင်းထိုက်က ကျွန်တော့် ကိုအကဲခတ်သလိုကြည့်နေတယ်။

ရောက်ရောက်ချင်း. . .အန်ကယ်မင်းနဲ့စကားပြောချင်တယ်လို့ တောင်းလာတာမို့ အနီးအနားက လက်ဘက်ရည်ဆိုင်တစ်ဆိုင်ခေါ်သွားဖို့ စဉ်းစားလိုက်ပါသေးတယ်။

ဒါပေမယ့် ဦးကောင်းထိုက်လိုလူတစ်ယောက်ကို ဧည့်ခံနိုင်လောက်တဲ့ လက်ဘက်ရည်ဆိုင်မျိုးကျွန်တော်တို့နားမှာမရှိဘူး။

ဒါကြောင့်. . .အိမ်မှာပဲစကားပြောဖို့ ကျွန်တော်ဆုံးဖြတ်လိုက်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



အမေကအလိုက်တသိရှောင်ပေးပေမယ့်သူမစိတ်ထဲထူးဆန်းတယ်လို့တော့ ထင်နေပါလိမ့်မယ်။

"လေပြေတစ်ညလုံးပါသွားတယ်လို့ အန်ကယ်သိရတယ်။ အဲ့ဒီအကြောင်း သူ့အဖေက အန်ကယ့်ကိုမေးလာတယ်။ အန်ကယ်ဘယ်လိုဖြေရမလဲ သိချင်တယ် မုတ်သုန်မိုး"

"အဖြစ်မှန်ကို ကျွန်တော်ရှင်းပြပြီးပြီပဲ အန်ကယ်။"

"ဒါပေမယ့် . . ဦးမင်းသွေးကတော့ယုံလိမ့်မယ်လို့ အန်ကယ်မထင်ဘူး"။

ဒါဆိုလည်းဆွေးနွေးပွဲက ပြီးပြီပေါ့လို့ကျွန်တော်ပြောလိုက်ချင်ပါတယ်။ ဒါပေမယ့် လူကြီးဖြစ်နေတာကြောင့် ကျွန်တော်ငြိမ်နေလိုက်ရတယ်။

ဦးကောင်းထိုက်က ကြမ်းခင်းကျူးတို့ကျဲတဲနဲ့ ခပ်စုတ်စုတ်အိမ်လေးကို မျက်လုံး ဝေ့ဝဲပြီးလေ့လာသလို ကြည့်ရင်းပြောတယ်။

"အန်ကယ် . . . အကောင်းဆုံးအကြံပေးရရင်တော့ . မင်းလေပြေသွေးကို လက်ထပ်လိုက်ဖို့ပဲ မုတ်သုန်မိုး"

"ဗျာ"

"လေပြေသွေးကို ပတ်ဝန်းကျင်က သွားပုတ်လေလွင့်ဝိုင်းပြောတာ မခံရအောင် ကူညီဖို့ကတစ်နည်းပဲရှိတယ်။"

"မဖြစ်နိုင်ဘူးထင်တယ်။ သူ့အိမ်ကလည်းလက်ခံမှာ မဟုတ်ဘူး"

ကျွန်တော်လွှတ်ခနဲ ပြောလိုက်တော့ဦးကောင်းထိုက်ပြုံးတယ်။

"လက်ခံတာမခံတာဦးမင်းသွေးတို့အပိုင်းပါ။ လောလောဆယ် အခြေအနေတွေ မရှုပ်ထွေးအောင်တားဆီးဖို့က ဒီတစ်နည်းပဲရှိတယ်။ အန်ကယ် သိသလောက် လေပြေတာအနေအထိုင် တည်ကြည် တယ် ဘယ် ယောကျ်ားလေးကိုမှ စိတ်မဝင်စား ခဲ့ဘူး။ မင်းကြောင့်သာခုလို အရှုပ် အထွေးထဲရောက်သွားရတာ မုတ်သုန်မိုး။ သူမင်းအပေါ်သံယောဇဉ်ရှိလို့လည်း ဖြစ်မှာပေါ့။ အဲဒီတော့ . . .အန်ကယ်အကြံပေးသလို သာလုပ်ပါ။ မင်းတို့ဘက်မှာအန်ကယ်ရှိတယ်။"





အာပေးတာလား။ ခြိမ်းခြောက်တာလား။ ဝေခွဲမရတဲ့ စကားမျိုးနဲ့နိဂုံးချုပ်ပြီး ဦးကောင်းထိုက် ထိုင်ရာကထရပ်တယ်။

"အန်ကယ် . . .လေပြေနဲ့လည်းတွေ့လိုက်အုံးမယ်။ ပြီးရင်တို့သုံးယောက်ဆုံပြီး ဖြေရှင်းကြတာပေါ့"

ဦးကောင်းထိုက်ပြန်သွားပြီး အတော်ကြာတဲ့အထိ ကျွန်တော်ငူကြီး ဆက်ထိုင် နေမိတယ်။

ခဏနေတော့ဘေးအိမ်မှာ သွားရှောင်ပေးတဲ့ အမေပြန်ရောက်လာပြီး ကျွန်တော့်ကိုမေးတယ်။

"ဘာတွေဖြစ်နေတာလဲ မုတ်သုန်။ အမေ့ကိုရှင်းပြစမ်းပါအုံး"

သံစဉ်အကြောင်းမပါအောင် ချန်လှပ်ပြီးအမေ့ကို အကျဉ်းချုပ် ကျွန်တော်ရှင်းပြ လိုက်တယ်။

ဘေးလူတွေအမြင်မှာကျွန်တော်ကြုံတွေ့ရတာဟာပြဿနာမဟုတ်ဘဲ ဆုလာဘ်တစ်ခုလိုထင်မြင်နေတယ် ထင်ပါရဲ့။

"သူဌေးသမီးနဲ့လက်ထပ်ရမယ် ဆိုတာနည်းတဲ့ကုသိုလ်မှ မဟုတ်တဲ့။ ဒါပေမယ့် မင်းဘာသာ ဆုံးဖြတ်ပါလေ။ မင်းတို့ကိစ္စအမေ မပါချင်ဘူး"

ရှုတ်ရှုတ်ထွေးထွေးအမှုခင်းမျိုးမဟုတ်လို့ စိတ်အေးသွားပုံနဲ့ အမေ ကျွန်တော့်နားကထထွက်သွားတယ်။

■



www.burmeseclassic.com

www.burmeseclassic.com



လေတွေက နုနုညံ့ညံ့တိုက်ခတ်နေတယ်။

ဆည်းဆာဟာ ရွှေအိုရောင်လင်းလတ်နေပေမယ့် ကျွန်တော့်မသာယာ နိုင်အောင်ဖြစ်နေတယ်။

"မင်း. . .တို့ကို လက်ထပ်နိုင်မလား မုတ်သုန်"

သူမအသံက အားနာသံနဲ့ လေးတွဲ့နေတယ်။

"အဲ့လောက်အထိလိုအပ်လို့လား လေပြေသွေး"

"အခြေအနေတွေအရ လိုအပ်တယ်လို့ပြောရမလို ဖြစ်နေတယ်။ အန်တယ် ဦးကောင်းထိုက်ပြောသလိုတို့ရဲ့ အရှက်နဲ့ဂုဏ်သိက္ခာကိုကာကွယ်ဖို့က ဒီတစ်နည်းပဲ ရှိတယ်။ မင်းကိုတော့အားနာပါတယ် မုတ်သုန်"

"ကိစ္စမရှိပါဘူး။ ကျွန်တော့်အပြစ်လည်းတစ်စိတ်တစ်ပိုင်းပါဝင် ပတ်သတ်နေတာပဲ။ ကျွန်တော့်သဘောပြောရရင် ဒါဟာအကောင်းဆုံးဖြေရှင်း နည်းတော့မဖြစ်နိုင်ဘူး။ ဒါပေမယ့် . . .လိုအပ်ရင်တော့ အဲ့ဒီအတိုင်းလုပ်ရမှာပေါ့"

လေပြေသွေးရဲ့မျက်ဝန်းတွေဖြတ်ခနဲ အရောင်လက်သွားတယ်။





"ခင်ဗျား. . .ဘယ်လိုစီစဉ်ထားလဲ လေပြေ"

ကျွန်တော်မေးလိုက်တော့ သူမကအစီအစဉ်ကို ရှင်းပြတယ်။

"လာမယ့် တနင်္ဂနွေအန်ကယ်ဦးကောင်းထိုက်ရုံးခန်းမှာ ဆုံဖို့ချိန်းထား တယ်။ (နိုထရီပတ်တလစ်) ရှေ့နေလည်းခေါ်ထားတယ်။ ရှေ့နေနဲ့လက်ထပ်စာချုပ် ချုပ်ကြမယ်။ ပြီးရင်ဖေဖေ့ဆီသွားပြီး ကန်တော့ကြမယ်။ ဖေဖေသဘောတူတာ ဆိုတာကတော့တစ်ပိုင်းပေါ့။"

ကြည့်ရတာသူမနဲ့ ဦးကောင်းထိုက်အသေအချာ ပြင်ဆင်ထားပုံပဲ။

သူမဖေကို ကန်တော့ပြီးနောက်ပိုင်းကိစ္စတွေကို သူမကအသေးစိတ် ရှင်းပြသလို ကျွန်တော်ကလည်းမေးမနေတော့ဘူး။

လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးပြီးမှတော့ နောက်ပိုင်းကစ္စတွေ သိစရာ လိုတော့ဘူးမဟုတ်လား။

"စက်မှုဇုံက ဦးကောင်းထိုက်ရုံးခန်းကို တနင်္ဂနွေနေ့ဘယ်နှစ်နာရီ အရောက်လာခဲ့ရမလဲ။"

"ဟင့်အင်း. . .မင်းမလာနဲ့ တို့မင်းဆီကိုအဲ့ဒီနေ့ကားလွှတ်လိုက်မယ်။ အိမ်တာပဲစောင့်ပါ"

"ဒါဆိုလည်းပြီးရောလေ"

"မုတ်သုန်"

"ပြော. . .လေပြေသွေး"

"တို့ကို. . .စိတ်မဆိုးဘူးမဟုတ်လား"

သူမမျှော်လင့်တကြီးမေးလာတယ်။

တလက်လက်တောက်ပနေတဲ့ မျက်ဝန်းနက်နက်တွေကို မကြည့်ဘဲ ကျွန်တော်ပြောလိုက်တယ်။

"ခုချိန်မှာ အဲ့ဒါတွေကိုမမေးနဲ့တော့လေပြေ။ ကျွန်တော်လည်း မစဉ်းစား တော့ဘူး။ စိတ်ဆိုးဖို့လိုတယ် ဆိုရင်ကျွန်တော့်ကံကြမ္မာကိုပဲ စိတ်ဆိုးအပြစ်တင်ရ လိမ့်မယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲမုတ်သုန်။ အခုကိစ္စအတွက် မင်းနောင်တမရစေရဘူးလို့ တို့တတိပေးတယ်"

စိတ်လက်ပေါ့ပါးသွားသလိုမျိုး သူမပြောလာတယ်။

ဆည်းဆာတာအရှယ်ရင့်သွားတဲ့ပန်းတစ်ပွင့်လို တဖြည်းဖြည်းရင့်ကျက် တည်ငြိမ်လာတယ်။

■



၁၀

ခုတစ်ခေါက် ကျွန်တော်ရောက်သွားတော့ ညီလေးဟာကိုယ်တွေနွေး နေတယ်။

အဖေက. . ".ခုပတ်တော့များနေလို့ မထည့်တော့ဘူး။ နောက်တစ်ပတ်မှ ခင်ညီကိုလာခေါ် "လို့ပြောတယ်။

စနေ၊ တနင်္ဂနွေတိုင်းမဟုတ်ပေမယ့် တစ်ပတ်ခြားတစ်ခါလောက်တော့ ကျွန်တော်ညီလေးကို သွားခေါ်လေ့ရှိတယ်။

အခုတစ်ပတ်များနေလို့ မလိုက်နိုင် တော့ဘူးဆိုတာကြောင့်၊ ကျွန်တော်ပြန်ဖို့ပြင်တော့ အဖေကလွှက်ရည်လိုက် တိုက်တယ်။

သားအဖနှစ်ယောက်လွှက်ရည်အတူမသောက်ရတာကြာပါပြီ။

ဆိုင်ရောက်တော့တိုအကြောင်း ဒီအကြောင်းတွေပြောရင်း မြို့ကွဲသွားရတဲ့ အိမ်ထောင်ရေးအကြောင်း အဖေ့စကားရောက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းအမေနဲ့ အဖေ့ရဲ့အိမ်ထောင်ရေးပြဿနာက တခြားမဟုတ်ဘူး တစ်ယောက်နဲ့တစ်ယောက် နှစ်နှစ်ကာကာမချစ်ဘဲလက်ထပ်ခဲ့ကြတာကြောင့် မင်းအမေက အဖေ့ထက်ချမ်းသာတယ်၊ သူဌေးသမီးလို့ပြောရင်တောင်ရတယ် ဘေးလူတွေဝိုင်းတိုက်တွန်းကြတာနဲ့ပဲ လက်ထပ်ဖြစ်သွားတာ။ ဒါပေမယ့် . . အချ မပါတော့နားလည်ခွင့်လွှတ်မှုတွေလည်း မပါဘူး။ ဒါနဲ့ပဲကွဲခဲ့ကြတာ"

အဖေဟာရည်ရွယ်ချက်နဲ့ ပြောမှန်းမသိပေမယ့် အဖေ့စကားကတော ကျွန်တော့်ရင်ထဲကို နက်နက်ရှိုင်းရှိုင်းစူးဝင်သွားတယ်။

"မင်းလည်းရည်းစားထားမယ်။ အိမ်ထောင်ပြုမယ်စိတ်ကူးရင် နှစ် နှစ်ဖက် နှစ်နှစ်ကာကာချစ်ပြီး နားလည်ခွင့်လွှတ်နိုင်တာမျိုးကိုရွေးပါ မှတ်သုန်။ နို အဖေ့လိုမျိုးစိတ်ညစ်စရာတွေကြုံရလိမ့်မယ်"

အဖေ့တိုက်တွန်းမှုက အိပ်ပျော်နေတဲ့ ကျွန်တော့်ကို လှုပ်နှိုးလိုက်သလို ဖြစ်သွားစေတယ်။

အဖေဟာကျွန်တော်နဲ့ လေပြေသွေးအကြောင်းသိလို့ ခုလိုပြော သလားလို့တောင်ထင်ရတယ်။

"ငွေကြေးချမ်းသာတဲ့သူနဲ့ ယူရင်လည်းစိတ်ညစ်ရမှာပဲလား အဖေ"

"တ. . .**အိမ်ထောင်တစ်ခု ထူထောင်တယ်ဆို တာ စီးပွားရေးဖက်စပ် လုပ်တာမှမဟုတ်တာ၊** ငွေတခုတည်းကို အဓိကထားပြီးစဉ်းစားလို့မရဘူးကွ၊ အချစ်တို့ နားလည်မှုတို့ ထည့်မတွက်လို့မရဘူး။ ဘဝချင်းပေါင်းရမှာ မှတ်သုန်။ ပြီးတော့နှစ်တွေအကြာကြီး တစ်သက်လုံးပေါင်းရမှာ၊ အချစ်ထက် နားလည်မှုက တောင်ပိုအဓိကကျတယ် နားလည်မှုဆိုတာကလည်း တစ်ယောက်ကိုတစ်ယောက် ရင်းနှီးခင်မင်မှု အထင်ကြီးလေးစားမှု မရှိရင်တည်ဆောက်လို့မရဘူး"

အဖေ့ဒဿနတွေကို နားထောင်ရင်း၊ ကျွန်တော်ဟာ သံစဉ်ရို့ လေပြေသွေးတို့ရဲ့ မျက်နှာကို တစ်လှည့်စီမြင်ယောင်လာတယ်။

အဖေ့ဆီက ပြန်တော့ကျွန်တော့် ခေါင်းထဲမှာစဉ်းစားစရာအတွေးတွေ သိတာသန်းကြီးလိုက်ပါလာတယ်။

တကယ်တော့ကျွန်တော်နဲ့ လေပြေသွေးကိစ္စဟာ အိမ်ထောင်ဘက်တွေ ချယ်တာမဟုတ်ဘဲ ကိုယ့်ပယောဂကြောင့်အရှက်တကွဲ မဖြစ်ရအောင် ကူညီပေး တာသက်သက်ဖြစ်တယ်၊

ဒါပေမယ့် အဲ့ဒီကူညီမှုနောက်ပိုင်း လေပြေသွေးဟာ ကျွန်တော့်ဘဝထဲကို တိုးဝင်မလာနိုင်ဘူးလား အိမ်ထောင်ဘက်နေရာကို ဝင်ယူမလာဘူးလို့ကော ရှာပုံမလား။

**"ခုကိစ္စအတွက် မင်းနောင်တမရစေရဘူးလို့ တို့ကတိပေးတယ်"**

**"တို့. . .မင်းအပေါ်စိတ်မဆိုးတာတာမင်းတို့ စိတ်ဝင်စားနေလို့ပေါ့"**

လေပြေသွေးရဲ့စကားတွေကို သတိရလာမိသလို တစ်ချိန်တည်းမှာ သံစဉ်ရို့ရဲ့စကားသံတွေကိုလည်း ကြားယောင်လာမိတယ်။

**"အဲ့ဒီပြဿနာကောင်ကိုတွေ့အောင်ရှာတာ၊တွေ့ရင်ငါ့ကို အသိပေး"**

**"နင်က ဘာလုပ်မှာလဲ"**

**"ငါက နင့်ဘက်တကူပြီးရန်ဖြစ်ပေးမှာပေါ့"**

ကျွန်တော်ဟာ အတွေးတွေထဲမှာ နစ်မြောရင်းကားပြောင်းစီးဖို့အတွက် ဘတ်စ်ရွေးဘက်ကို လျှောက်လာတယ်။

အဲ့ဒီအချိန်မှာပဲ ကားတစ်စီးက ကျွန်တော့် ရှေ့ကိုထိုးဆိုက်လာတယ်။

"ဟင်"

"အိမ်ပြန်မလို့ မဟုတ်လားကိုမိုး။ တက်လေကျွန်တော်လိုက်ပို့ပေးမယ်"

ကျွန်တော်ဟာ ရဲရင့်သွေးနဲ့တွေ့ဆုံသင့်ရဲ့လား ကိုယ့်ဘာသာမသေချာ နေမိတယ်။ လေပြေသွေးအကြောင်းများ စကားစလာခဲ့ရင် အတော့်ကိုမျက်နှာပူ မှာ။

ဒါပေမယ့် ကျွန်တော်စိုးရိမ်သလို လေပြေသွေးအိမ်ပြန်မလာတဲ့ည အကြောင်းစကားမစတဲ့ သံစဉ်ရို့အကြောင်းသာ ပြောလာတယ်။

"ကိုမိုး. . .သံစဉ်နဲ့တွေ့သေးလား"





www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ခေါင်းရမ်းရင်း သူနဲ့သံစဉ်အကြောင်း ပြန်မေးလိုက်တယ်။

"မင်းတို့အဆင်ပြေပြီလား ရဲရင့်သွေး။ သံစဉ်က လူကြီးစုံရာနဲ့အိမ်လာ ပြောဖို့မင်းကိုပြောတယ်ဆို"

"ဟုတ်တယ်ကိုမိုး။ အဲဒါအဆင်ပြေဖို့လမ်းစမဟုတ်ဘူး ပိုခက်အော လုပလိုက်တာပဲ၊ ကျွန်တော် စဉ်းစားထားတာသူနဲ့ ကျွန်တော်အရင်ဆုံးချစ်သူ ဖြစ်ကြမယ်။ ပြီးမှ လူကြီးတွေကို အသိပေးပြီးတဖြည်းဖြည်းချင်းစည်းရုံးမယ် စိတ်ကူးယဉ်ထားတာလေ"

အပြုံးတန်းကားမြန်မြန်မောင်းတက်တဲ့ ရဲရင့်သွေးက စကားကြာကြာပြော ရအောင်ကားကို အရှိန်လျှော့လိုက်တယ်။

"ခုတော့ သူ့လုပ်ပုံက နင်ငါ့ကိုတကယ်စိတ်ဝင်စားရင်လူကြီးတွေခေါ် အိမ်လာပြော၊ လူကြီးတွေခေါ်မလာနိုင်သေးခင် ငါနဲ့လာမတွေ့နဲ့တဲ့၊ ကျွန်တော် လူကြီးတွေကိုချက်ချင်းကြီး ဘယ်လိုလုပ်စည်းရုံးမလဲ။ ပြီတော့ဒီအတောအတွင်း သူနဲ့လည်းသွားတွေ့လို့မရဘူး ဆိုတော့ကျွန်တော်ဒုက္ခရောက်နေတာပေါ့"

ရဲရင့်သွေးကစိတ်ဓါတ်ကျသံနဲ့ ပြောလာတာပါ။ ကျွန်တော်မျှော် ထားသလိုမဟုတ်လို့နည်းနည်းတော့အံ့ဩသွားမိတယ်။

"မိဘတွေကို စည်းရုံးကြည့်လို့မရဘူးလား"

ရဲရင့်သွေးသက်ပြင်းချပြီး ခေါင်းရမ်းတယ်။

"ပြောရရင် သံစဉ်ရဲ့အကြောင်းလူကြီးတွေရိပ်မိတယ် ကိုမိုး။ သူ သဘောမတူဘူး။ ကျွန်တော်ဒဂုံတက္ကသိုလ်က ကောင်မလေးတစ်ယောက် စိတ်ဝင်စားနေမှန်း စပြီးရိပ်မိတာမလေပြေပဲ။ ဒါကြောင့် . .သံစဉ်အကြောင်းစုံစမ်း ဒဂုံတက္ကသိုလ်ကို လာရင်း ကိုမိုးနဲ့တွေ့တာလေ။ အမှန်တော့ တမင်ချဉ်းကပ်တာ ပြောရင်တောင်ရတယ်။ မလေပြေက ကျွန်တော်နဲ့သံစဉ် အကြားကိုမိုးဒိုင်ခံ လုပ်ပေးနေတယ်ထင်ပြီး တမင်ဝင်ရောတာ"

"ဟင်"

ကျွန်တော်အံ့ဩသွားတယ်။



ရဲရင့်သွေးက တည်တည်ငြိမ်ငြိမ်ဆက်ပြောတယ်။

"ဒါပေမယ့် . . .နောက်ပိုင်းတော့ကိုမိုးကို သူတကယ်လေးစားပြီး သွားတယ်။ ဒါကြောင့်နောက်ပိုင်း သံစဉ်အကြောင်းသူသိပ်မပြောတော့ပေမယ့် အပြောထားဖူးတဲ့ အရှိန်နဲ့အိမ်ကလုံးလုံးသဘောမတူဘူး။ ကျွန်တော်သံစဉ်ကို အကြောင်းရှင်းပြချင်လို့ တွေ့ဖို့ကြိုးစားတော့လည်း အတွေ့အခံဘူး"

"ငါကမင်းတို့ချင်း အဆင်ပြေနေလောက်ပြီတောင် ထင်ထားတာ"

"ပြေချင်တာပေါ့ဗျာ။ ဒါပေမယ့် လူကြီးတွေလိုက်လျောလို့ အဆင်ပြေခဲ့ အောင် သူ့အချစ်ကိုအပြည့်အဝမရနိုင်ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့သူချစ်တဲ့ တစ်ယောက်ရှိခဲ့ဖူးတယ် . . .တဲ့"

ကျွန်တော်လိုက်ခနဲကြေကွဲသွားတယ်။

ရဲရင့်သွေးကိုမကြည့်မိအောင် မျက်နှာလွှဲထားလိုက်တယ်။

ရဲရင့်သွေးက လူကြီးတွေကိုစည်းရုံးမယ့်အကြောင်းတွေဆက်ပြောတယ်

အံ့ဩဖို့ကောင်းတာက ကျွန်တော်တို့လမ်းထိပ်ကို ရောက်တဲ့အထိ ရဲရင့်သွေး အိမ်ပြန်မလာတဲ့ညအကြောင်း တစ်ခွန်းမှပြောမသွားတာပါ။

မသိလို့များလား ထင်ရအောင်ကလည်း တစ်အိမ်ထဲအတူနေတာမို့ မဖြစ်နိုင်ဘူး။

မျက်နှာပူလို့ တမင်မပြောတာလို့ပဲ ကျွန်တော်တွေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

၁၁

မတွေ့ဖြစ်တဲ့တစ်ပတ်ဆယ်ရက် အချိန်အတွင်းမှာ သံစဉ်တာ
သာသာပိန်သွယ်သွားတယ်။

အရင်က အမြဲစိုလက်နေတတ်တဲ့ သူမရဲ့နှုတ်ခမ်းတွေဖြူဖျော့
နေမကောင်းဖြစ်နေသလား တောင်ထင်ရပါတယ်။

အိမ်ရှေ့ထွက်ထိုင်နေမိတဲ့ ကျွန်တော်ဟာရုတ်တရက်ရောက်
သံစဉ်ကိုမျက်နှာချင်းဆိုင်လိုက်ရတယ်။

"အိမ်ထဲဝင်အုံးလေသံစဉ်"

"မဝင်တော့ပါဘူး။ အိမ်မှာနုတ်တင်လို့ မုန့်ဆန်းလာပို့တာ ပန်းကန်
မနေနဲ့ မုတ်သုန်။ ယူထားလိုက် နောက်မှပဲမောင်လေးကိုလာယူခိုင်းလိုက်
ကျွန်တော်သူမလက်ထဲက မုန့်ဆန်းပန်းကန်ကိုလှမ်းယူလိုက်တ

"အဲ့ဒါ. . .နင့်မင်္ဂလာဆောင်က ဘယ်တော့လဲမုတ်သုန်"





"ဘာ"

"နင်က သူဌေးသားမက်ဖြစ်တော့မှာမို့ထင်တယ်။ အရမ်းကြည့်ကောင်း
တယ်"

"နင်ဘာတွေပြောနေတာလဲ။ ပြီးတော့ဘယ်သူပြောလို့သိတာလဲ"

"စာအုပ်စင် ဘာဘူ...ဒါမှမဟုတ်နင့်အမေ...တစ်ယောက်ယောက်ဖြစ်မှာ
ဘာ။ဒါကအရေးအကြီးပါဘူး။ နင့်အကြောင်းမှန်သမျှ ငါ့နည်းငါ့တန်နဲ့
သိတာချည်းပါ"

လမ်းမီးရောင်အောက်မှာသူမရဲ့မျက်နှာက မှိုင်းညို့နေတယ်။

"တကယ်တော့. . .အဲ့ဒီကိစ္စက. . ."

"ဘာလဲဟင်။ ရှင်းပြမလို့လား။ နေပါစေမုတ်သုန်။ ငါ့ဘာသာပဲ
သွားပါ့မယ်။ ငါနင့်ကို ဝမ်းသာတဲ့အကြောင်း ပြောချင်လို့စကားစလိုက်တာပါ။ ကဲ.
သွားမယ်း ဦးယံချင်း"

သူမလှည့်ထွက်ဖို့ပြင်ပြီးမှ ရုတ်တရက်လှမ်းပြောတယ်။

"ဪ. . .ဒါနဲ့. . .ကော်ပေတံအကျီလေးကိုငါသိမ်းထားတယ် သိလား။
တ်တရပေါ့ဟာ"

အဲ့ဒီနောက် သံစဉ်လှည့်ထွက်သွားတယ်။

ဝါကျင့်ကျင့်လမ်းမီးရောင်အောက်မှာ ဆံပင်ရှည်ရှည်တွေယိမ်းနွဲ့ရင်း
ငြိသာသာလျှောက်လှမ်းသွားတဲ့သူမကို ကျွန်တော်မျက်စေ့တဆုံး ငေးကြည့်နေ
ယ်။

ခဏနေတော့ မုန့်ဆန်းပန်းကန်ကို အိမ်ပေါ်တက်ထားပြီး လ္ဘက်ရည်ဆိုင်
ထွက်လာခဲ့တယ်။ သံစဉ်ကြောင့်လှုပ်ခတ်သွားတဲ့ဝေဒနာကို သက်သာလို
သာပြားသဘောနဲ့ ထွက်လာခဲ့တာပါ။

လ္ဘက်ရည်ဆိုင်ရောက်တော့. . .သဃ်န်းကျွန်းကနေ ဘာဘူ့ဆီအလည်
လာတဲ့ ကိုမျိုးကိုတွေ့လိုက်ရတယ်။ ကိုမျိုးဆီက မထင်မှတ်တာတစ်ခုကြား
ယ်လို့တော့ နည်းနည်းမှမစဉ်းစားမိခဲ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



“အဲဒါ. . .ဘာအဓိပ္ပါယ်လဲကိုမျိုး”

“လေပြေသွေး မင်းအပေါ် တကယ်ချစ်တယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ့ မုတ်
ဘယ်မိန်းမမှ ကိုယ်တကယ်မချစ်တဲ့ယောကျ်ားအတွက် အရှက်နဲ့ ဂုဏ်သိ
အလောင်းအစားမလုပ်ဘူး။ သူ မင်းအပေါ်ချစ်လို့သာသူ့ဂုဏ်သိက္ခာကို
ရင်းခဲ့တာပေါ့”

ကိုမျိုးက အားတက်သရောရှင်းပြနေပေမယ့် ကျွန်တော်ကတော့ ခ
လွယ်သဘောမပေါက်နိုင်ခဲ့ဘူး။

“ကျွန်တော်မရှင်းဘူးကိုမျိုး”

“ဒီလိုကွာ။ ဘာဘူတို့ စာအုပ်စင်တို့အပြောအရ လေပြေသွေးက
စိတ်မချလို့ တစ်ညလုံးအိမ်မပြန်ဘဲ ဟိုတယ်မှာအိပ်ခဲ့ရတယ်။ ဒါကြောင့်. . .သ
ရော သူ့ပတ်ဝန်းကျင်ပါ တမျိုးမြင်ပြီး ယုန်ထင်ကြောင်ထင်ကုန်တယ်။ အဲ
မင်းက သူ့ရဲ့ဂုဏ်သိက္ခာကို တာဝန်ယူတဲ့အနေနဲ့ လက်ထပ်စာချုပ်မှာ လက်
ပေးမယ်။ ဟုတ်ပြီနော်”

“ဟုတ်ပါတယ်ကိုမျိုး။ တကယ့်အဖြစ်က အဲဒီအတိုင်းအတိအကျ





ကျွန်တော်ခေါင်းညိတ်ရင်းဝင်ပြောလိုက်တယ်။ ကိုမျိုးက ခုံနောက်
ကွမ်းယာတစ်ယာထုတ်ပြီး ပါးစောင်ထဲထည့်လိုက်တယ်။

အဲဒီနောက် ကျွန်တော့် မျက်နှာကိုအကဲခတ်သလို ကြည့်ရင်း. . .

“တကယ်လို့ကွာ။ အဲဒီနေ့က မင်းနဲ့အတူလည်းလေပြေသွေးက အဲ
ဟိုတယ်မှာပဲ အိပ်မယ်ဆိုရင် မင်းဘယ်လိုသဘောထားမလဲ”

“ဗျာ. . .မဖြစ်နိုင်တာပဲကိုမျိုး။ ဘာကြောင့်သူက အဲဒီမှာအိပ်ရမှာလဲ”

ကျွန်တော်မယုံကြည်နိုင်စွာ ရေရွတ်လိုက်တယ်။

ရေဒီယိုနဲ့ စာအုပ်စင် ကလည်းလက်မခံနိုင်တဲ့မျက်နှာနဲ့ ကိုမျိုးကိုစိုက်
ကြည့်တယ်။ ဒီကိစ္စမှာ မရိုးသားမှု တစ်ခုပါလိမ့်မယ်လို့ ယူဆထားတဲ့
ဘာဘူကတောင်အံ့ဩသွားပါတယ်။

“ဘာကြောင့် အိပ်မှာလဲဆိုတော့ အဲဒီဟိုတယ်ဟာသူတို့မိသားစုပိုင်
ဟိုတယ်ဖြစ်နေလို့ပဲ မှတ်သုန်မိုး”

“တင်”

“တစ်လတစ်ခါနှစ်လတစ်ခါလောက် အဲဒီဟိုတယ်ကိုလေပြေသွေးစာရင်း
သွားစစ်လေ့ရှိတယ်။ စာရင်းစစ်တိုင်းအနားယူတဲ့ သဘောနဲ့ အဲဒီဟိုတယ်မှာ
အိပ်တယ်”

“ကိုမျိုး. . .ဘယ်လိုသိသလဲ”

ကျွန်တော်တအံ့တဩမေးလိုက်တော့ ကိုမျိုးကကွမ်းသွေးကို လက်ခုံနဲ့
သုတ်ရင်းပြုံးတယ်။

“သူ့စာရင်းသွားစစ်တဲ့အခါ အမြဲလိုက်ရတဲ့ ကောင်မလေး
လေးယောက်ထဲကတစ်ယောက်ဟာ ငါတို့စက်ရုံက အင်ဂျင်နီယာရဲ့ညီမပဲ။ သူ့ဆီက
လို့သိရတာ။ အဲဒီနေ့က စာရင်းစစ်အဖွဲ့ကို ကုမ္ပဏီကကားနဲ့ကြိုလွှတ်ထားပြီးသာ
သူသာ ဘာကြောင့်မှန်းမသိဘဲ စက်ရုံကို ရောက်လာရင်း ထန်းရည်မူးနေတဲ့
မင်းနဲ့တွေ့တာ”

ကိုမျိုးရဲ့စကားတွေကို နားထောင်ရင်း ကျွန်တော်ငိုင်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူမ...တိုတယ်ကိုသွားမှာမို့ ကျွန်တော်ပဲခုနမှာထန်းရည်သောက်ချင်တယ် ပြောတော့ အလွယ်တကူကားမောင်းပို့ခဲ့တာဖြစ်မှာပဲ။

ပြီးတော့...အိပ်ပျော်သွားတဲ့ ကျွန်တော့်ကို သူမရဲ့တိုတယ်ဆီ ခေါ် သွားခဲ့တာပေါ့။

ဘဘဘူက သူ့ပေါင်ကိုလက်ဝါးနဲ့ပုတ်ပြီးဝင်ပြောတယ်။

'ကျွန်တော်ထင်သားပဲ။ ဒါကြောင့်...ဒီကိစ္စရဲ့နောက်ကွယ်မှာ မြှုတ်ကွက်တစ်ခုခုရှိရမယ်လို့ တွေးနေတာ။ အခု...ကိုမျိုးပြောမှပဲ ရှင်းတော့တယ်'

'ဘာပဲဖြစ်ဖြစ်လေ...အားလုံးကိုခြုံကြည့်ရင် သူ့မုတ်သုန်ကို တကယ်ချစ်တယ်ဆိုတာကတော့ သေချာတယ်။ တကယ်မချစ်ဘဲ ဘယ်သူမှ ဒီလောက်အထိ ဉာဏ်နီဉာဏ်နက်မထွက်ဘူး။ မစွန့်စားရဲဘူး။ ချစ်လွန်းလို့သာ ဂုဏ်သိက္ခာကိုချရင်းရဲတာမုတ်သုန်။ အဲ့ဒါကိုတော့ သံသယမဖြစ်နဲ့'

ကိုမျိုးရဲ့ကောက်ချက်အရဆိုရင်တော့ သူမရဲ့အချစ်ကို အသိအမှတ်ပြု ရမှာပါ။

လေပြေသွေးရဲ့အချစ်အပေါ်ကျွန်တော်သံသယမဖြစ်ဘဲ၊ သူမရဲ့လုပ်ရပ်ကိုသာ အစာမကြေဖြစ်သွားမိတယ်။

တကယ်ဆို...သူမ...အခုထက်ပိုပြီးရိုးသားခဲ့ဖို့ ကောင်းတာပေါ့။

'ဘာပဲဖြစ်ဖြစ်...ဒါတော့ အားပေးတယ် မုတ်သုန်။ မင်းမှာ တခြားအစီအစဉ်တစ်ခုခုမရှိရင် လေပြေသွေးကိုပဲ ရွေးချယ်သင့်တယ်'

'ဘာကြောင့်လဲ ကိုမျိုး'

'တ...သူမင်းကို တကယ်ချစ်လို့ပေါ့ကွ။ ဒီခေတ်ကြီးမှာ ပစ္စည်းဥစ္စာတွေ၊ မိဘအသိုင်းအဝိုင်းတွေကို မကြည့်ဘဲ၊ မျက်စေ့မှိတ်ပြီးချစ်နိုင်တဲ့အချစ်မျိုးဆိုတာ ရှားပါးသိခြင်း'

အောင်ကျော်မြင့်ကပါ ကိုမျိုးစကားကို သဘောတူသလိုမျိုး ခေါင်းညိတ်တယ်။

ကျွန်တော် ငှဲ့ထားတဲ့ရေနွေးကြမ်း ပန်းကန်ကိုယူပြီး မော့လိုက်တော့ ရေနွေး တွေက အေးစက်နေကြပြီ။

'ဒါနဲ့...မင်းတို့လက်မှတ်ထိုးဖို့ချိန်းထားတာ ဘယ်နေ့လဲမုတ်သုန်ရိုး'





'မနက်ဖြန် ကိုမျိုး။ အန်ကယ်ဦးကောင်းထိုက်ရုံးခန်းမှာ ချိန်...တော'

ကျွန်တော်ရေနွေးကြမ်းတစ်ခွက်ထပ်ငှဲ့လိုက်တယ်။

ကိုမျိုးက ကွမ်းယာမြုံ့ရင်း ခေါင်းတညိတ်ညိတ်လုပ်နေတယ်။

လှိုက်ရည် ဆိုင်အပြင်ဘက်မှာ အမှောင်ထုဟာပိုပြီး ရင့်ရော်လာတယ်။

■



www.burmeseclassic.com

www.burmeseclassic.com



(အချိန်ပို)

(နာကျင်မိနစ်)



INJURY TIME

# ၁

ကျွန်တော်ဟာ ဒဂုံတက္ကသိုလ်နားကအအေးဆိုင်လေးမှာ ထိုင်နေတယ်။

ဒီဆိုင်မှာ ကျွန်တော်နဲ့ သံစဉ်အတူထိုင်ခဲ့ဖူးသလို လေပြေသွေး ကျွန်တော်တို့ ကျောင်းရောက်လာပြီး ကျွန်တော့်ကို ကားပစ္စည်းပြန်ပေးတော့လည်း ဒီဆိုင်မှာ ပေးခဲ့တာဖြစ်တယ်။

ဒီ့အပြင် လေပြေသွေးကြောင့် သံစဉ်ကျွန်တော့်ကို ပထမဆုံးစပြီး စိတ်ဆိုး တော့လည်း ဒီဆိုင်မှာဆိုးခဲ့တာပါ။ ကျွန်တော်ဟာ အအေးတစ်ခွက်ရှေ့ချပြီး မသောက်ဘဲ ဒီတိုင်းငုပ်တုပ်ထိုင်နေမိတယ်။

လေပြေသွေးလွှတ်လိုက်တဲ့ကား ကျွန်တော် အိမ်ရှေ့ရောက်လာတော့ ကျွန်တော်ဟာ ဒီဆိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



အရင်လိုက်ဗိုနိုင်းခဲ့တာဖြစ်တယ်။

ပြီးမှ တားဆရာကို ကျွန်တော်ဒီကစောင့်နေမယ့်အကြောင်း လေပြေသွေးကို အကြောင်းကြားဖို့ မှာလိုက်တယ်။

ကျွန်တော့်တွက်ချက်မှုအရ လေပြေသွေး ရောက်လာလိမ့်မယ်လို့ ယူဆထားတဲ့အချိန်မတိုင်ခင်မှာ...

လေပြေသွေးကားဆိုင်ရှေ့ရောက်လာတယ်။

ကားပေါ်ကဆင်းလာတဲ့သူမရဲ့ မျက်နှာဟာ အလိုမကျမှုနဲ့အတူ နားမလည်နိုင်မှုတွေပါ ရောပြွမ်းနေတယ်။

'ဘာလုပ်တာလဲ မုတ်သုန်။ ဦးကောင်းထိုက်ရုံးခန်းကို လိုက်မလာဘဲ ဘာဖြစ်လို့ ဒီဆိုင်ကို ပြန်ချိန်းရတာလဲ'

'ထိုင်ပါဦး လေပြေ။ ဟောဒီမှာ အအေးကြိုမှာထားတယ်။ သောက်လိုက်ပါဦး'

ကျွန်တော်သူမရှေ့ကို အအေးတစ်ခွက်လှမ်းပေးလိုက်တယ်။

'အအေးက အကြောင်းမဟုတ်ပါဘူး မုတ်သုန်၊ တို့က မင်းဆီကစကားကိုပဲ ကြားချင်နေတာ'

'ကျွန်တော်ကလည်း ပြောချင်နေတာပါ လေပြေ။ ပထမဆုံးပြောချင်တာကတော့... ကျွန်တော့်ညီလေး နေသိပ်မကောင်းလို့ နေ့လည်ကျရင် ကျွန်တော်သွားတွေ့ရမယ်။ ကျွန်တော် ညီလေးကိုရော အမေနဲ့ပါ မခွဲနိုင်ဘူး လေပြေ'

'ဟင်'

'ပြီးတော့...ကျွန်တော့်ရပ်ကွက်လေးကိုလည်း ကျွန်တော်မခွဲနိုင်ဘူး။ ဘယ်လောက်ပဲစရိုက်ကြမ်းတယ်ပြောပြော...ရိုးသားပွင့်လင်းတဲ့ ရပ်ကွက်လေးကို ကျွန်တော်ချစ်တယ်'

သူမမျက်နှာက နားမလည်မှုနဲ့ တအံ့တသြဖြစ်နေရာကနေ တစ်ခုခုကို သဘောပေါက်သွားသလို တဖြည်းဖြည်းပြေလျော့လာတယ်။

အဲဒီနောက်...မပွင့်တပွင့် ပြုံးပြီး ကျွန်တော်မျက်နှာကို စိုက်ကြည့်တယ်။

'အဲဒီတော့...တို့က မင်းရပ်ကွက်လေးမှာ လိုက်နေရမယ်ဆိုတဲ့သဘောလား





မုတ်သုန်'

ကျွန်တော်သာ စိတ်ရှည်လက်ရှည်ဆက်စောင့်နေလိုက်ရင် 'အမြဲတမ်းလိုက်နေမယ်လေ' ဆိုတဲ့စကားမျိုး သူမနှုတ်ဖျားကနေ ထွက်ကျလာနိုင်ပါတယ်။

ဒါပေမယ့်...အဲဒီအချိန်အထိမစောင့်ဘဲ ကျွန်တော်ဖြတ်ပြောလိုက်တယ်။

'မဟုတ်ပါဘူးလေပြေ။ ခင်ဗျားက ဘယ်မှာနေနေကိစ္စမရှိပါဘူး။ ပဲခူးက လေပြေတို့ပိုင်တဲ့တိုက်တယ်မှာ သွားနေလည်း ဖြစ်တာပဲမဟုတ်လား'

'ဟင်'

သူမရဲ့မျက်နှာလှလှလေး မသိမသာဖျက်ယွင်းသွားတယ်။

နီစွေးတဲ့နှုတ်ခမ်း ထောင့်စွန်းဟာတွန့်ခနဲဖြစ်သွားတယ်။

အအေးခွက်မှာ ကပ်နေတဲ့ရေစက်လေးတွေကို ကျွန်တော်လက်နဲ့သုတ်လိုက်တယ်။

'တကယ်တော့...ကျွန်တော်စိတ်ကူးယာဉ်ခဲ့မိတာပါ လေပြေ ကျွန်တော့်ဆုံးဖြတ်ချက်ကြောင့် လူလေးယောက်ဘဝ သူနည်းသူ့ဟန်နဲ့အဆင်ပြေသွားကြလိမ့်မယ်လို့ ထင်ခဲ့မိတယ်။

နှလုံးသားတစ်ခုကိုရင်းရုံနဲ့ နှလုံးသားသုံးခုစိတ်ချမ်းသာသွားလိမ့်မယ်လို့ အောက်မေ့တကြီးထင်မြင်ခဲ့မိတယ်။ ဒါပေမယ့်...ရဲရင့်သွေးနဲ့သံစဉ်အဆင်မပြေသလို ကျွန်တော်နဲ့လေပြေလည်း အဆင်ပြေမှာမဟုတ်ဘူး'

'ဘာဖြစ်လို့...ဘာဖြစ်လို့ အဲဒီလိုထင်ရတာလဲ မုတ်သုန်'

သူမအလျင်စလိုမေးလာတယ်။

မျက်တောင်ကော့ရှည်တွေနောက်က မျက်ဝန်းနက်နက်တွေထဲမှာ အတ်မခံချင်တဲ့အရိပ်အယောင်တွေ ယှက်သန်းနေတယ်။

'ဘာဖြစ်လို့လဲဆိုတော့ ဘဝချင်းမတူလို့ပေါ့လေပြေ။ ရွှေဟာ ရွှေနဲ့ထပ်မှလိုက်သလို၊ ကြေးဟာလည်း သူ့ရဲ့ဂုဏ်သတ္တိတွေမပျောက်အောင်ကြေးနဲ့ပဲ စပ်ရလိမ့်မယ်။ အခုတော့...အဲဒီနိယာမကို ကျွန်တော်ကောင်းကောင်း သဘောပေါက်သွားပြီ လေပြေ'



www.burmeseclassic.com

www.burmeseclassic.com



သူ့ထက်ပြင်းတစ်ချက်ရှိုက်ရင်း ခေါင်းရမ်းတယ်။

ပြီးမှ မျက်လုံးဝင့်ရင်း ကျွန်တော့်မျက်နှာကို စိုက်ကြည့်လာတယ်။

'တို့...မင်းစကားတွေကို နားမလည်ဘူး မုတ်သုန်'

'နားလည်လွယ်အောင် အရှင်းဆုံးပြောရရင်တော့ လေပြေနဲ့အဆင့်မ... အတန်းတူဘဝအခြေအနေချင်းတူတဲ့ထဲကပဲ ဖူးစာဖက်ကို ရှာပါလေပြေ... ကျွန်တော်လည်းဘဝတူချင်းထဲကပဲ ရွေးချယ်ရလိမ့်မယ်'

ကျွန်တော့်စကားအဆုံးသူ့မျက်နှာဟာ မျှော်လင့်ချက်တွေပျက်သုန်းသွ... သူတစ်ယောက်လို နွမ်းရိနာကျင်သွားတယ်။

ကျွန်တော်သူ့မအတွက် စိတ်မကောင်းပေမယ့် ဒါဟာအကောင်းဆုံ... ထွက်ပေါက်ဖြစ်တယ်ဆိုတာကိုတော့ ကိုယ့်ကိုယ်ကိုသေချာနေတယ်။

ဝမ်းနည်းပါတယ် လေပြေ။

**အနာဆိုတာ ခွဲဖို့လိုရင် ခွဲကြရမှာပဲမဟုတ်လား။**

'မင်းဆုံးဖြတ်ချက်ကို မပြင်တော့ဘူးလား မုတ်သုန်'

အားတင်းထားတဲ့လေသံနဲ့ သူမမေးလာတယ်။

ကျွန်တော်သက်ပြင်း ရှိုက်ရင်း ခေါင်းညိတ်လိုက်တယ်။

'ဒါ...ကျွန်တော်ဆုံးဖြတ်တာမဟုတ်ပါဘူး လေပြေ။ ဘဝကဆုံးဖြ... ပေးတာပါ'

ရှုံးနိမ့်မှုကြောင့် မှိုင်းညို့ဝေသီလာတဲ့မျက်ဝန်းကို မျက်တောင်ပုတ်ခတ်... သူမထိန်းလိုက်တယ်။

ပြီးမှ အားယူလိုက်တဲ့ဟန်နဲ့ ပင့်သက်ရှည်တစ်ချက်ကို ရှိုက်သွင်းရင်း...

'မင်းအကြံပေးချက်ကို မှတ်ထားပါ့မယ် မုတ်သုန်။ အခြေအနေ... မလွန်ခင် ပွဲရပ်လိုက်တဲ့အတွက်လည်း မင်းကိုကျေးဇူးတင်ပါတယ်။ အစဉ်အ... တစ်ခုကို ချိုးဖောက်ဆန့်ကျင်ကြည့်ပေမယ့် မအောင်မြင်ခဲ့တဲ့အတွက်တော့ တို့... မကောင်းဘူး'

'ဘာအစဉ်အလာလဲ လေပြေ'

ကျွန်တော်နားမလည်သလိုမေးလိုက်တော့ လေပြေက နာနာကျင်ကျ...





ပြုံး တယ်။

ပြီးမှ ကျွန်တော့်ကို မကြည့်ဘဲ လမ်းမဘက်ကိုငေးရင်းတစ်လုံး ချင်းပြောတယ်။

'ပန်းပွင့်တွေရဲ့အစဉ်အလာဆိုပါတော့ မုတ်သုန်။ ပန်းပွင့်ခြင်းနိယာမ လို့လည်း ပြောလို့ရတယ်။ တို့ မိန်းကလေးတွေရဲ့ဘဝဟာ ပန်းပွင့်တွေလိုပဲလေ။ အပင်ပေါ်မှာသာ အလှဆုံးပူးပွင့်ပြီး ခူးလာမယ့်လူကိုစောင့်ဆိုင်းကြရတယ်။ ကိုယ်ခူးစေချင်တဲ့လူ ခူးစေချင်တဲ့လက်ကိုရွေးပိုင်ခွင့်မရှိဘူး။

အဲ့ဒီအစဉ်အလာကို တို့က ဆန့်ကျင်ပြီးစွန့်စားကြည့်တာပါ။ ကိုယ်ခူး စေချင်တဲ့ လက်သခင်ဆီကို ကြွေကျကြည့်လိုက်တာ။ မင်းဆီကို ကြွေကျလိုက်တာ။ မင်းဆီကိုကြွေကျလိုက်တာပါ။ဒါပေမယ့်...ကြွေတာပဲအဖတ်တင်သွားတယ်။ တို့မအောင်မြင်ခဲ့ပါဘူး။ ပန်းခူးလက်က တို့ကို မရွေးချယ်ခဲ့ဘူးလေ'

စိုလက်တဲ့မျက်ဝန်းတွေနဲ့အတူ သူမပြုံးလိုက်တော့ ကျွန်တော်ကြေကွဲသွား တယ်။

'စိတ်မကောင်းပါဘူး လေပြေ'

'ကိစ္စမရှိပါဘူး မုတ်သုန်။ တို့မင်းဆီက နှစ်သိမ့်စကားကြားချင်လို့မဟုတ် ဘူး။ တို့လုပ်ခဲ့တဲ့အပြုအမူတွေကို ရဲတင်းတယ်ထင်မှာစိုးလို့ ရှင်းပြတာပါ။ အဲ...တို့သွားမယ် မုတ်သုန်။ ဒီတစ်သက် ဖူးစာဖက်နဲ့ တွေ့နိုင်အုံးမယ်ဆိုရင်တော့ မင်းအကြံ ပေးတဲ့အတိုင်း ဘဝတူထဲကပဲ စဉ်းစားပါ့မယ်'

ရစ်ဝဲလာတဲ့မျက်ရည်တွေကြွေမကျခင် သူမဆပ်ခနဲထိုင်ရာကထပြီး ကျွန်တော်ရှေ့က ထွက်သွားတယ်။

ကျွန်တော် သူမနောက်ကျောကိုငေးကြည့်ရင်း။ စိတ်မကောင်းမှုနဲ့အတူ ဆိတ်တိတ်ဆိတ်ဆိတ်ကျန်ရစ်ခဲ့တယ်။

ရှင်းသန့်တဲ့လေပြေလေညှင်းတချို့ လမ်းမကိုဖြတ်သန်းပြီး ဆိုင်ထဲကို သုတ်ခနဲပြေးဝင်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com

၂

'ရန်သူတွေလို
တို့...တွေ့ဆုံပြီး
မိတ်ဆွေတွေလို
တို့ လမ်းခွဲကြမယ်။
တော့ဒီ...
'နားလည်မှု' ဆိုတဲ့
အရိပ်ရဲ့အောက်မှာ...။ ။'



၃

'နင်...ငါ့ကို ဘာအတွက် ရှိန်းတာလဲ မုတ်သုန်'

လမ်းလျှောက်ရင် အမြဲတန်းကိုယ်ကိုယ်မိန်းနွဲ့ပြီး လျှောက်တတ်တဲ့သံစဉ်ဟာ အခုလည်း ကိုယ်ကိုယ်မိန်းနွဲ့လို့ ဆိုင်ထဲဝင်လာပြီး ကျွန်တော့်ရှေ့စားပွဲမှာ ဝင်ထိုင်ပါတယ်။

သူမရဲ့စတိုင်အတိုင်း ပေါ့ပေါ့ပါးပါးတီရှပ်အကျႌကို ဝတ်ဆင်ထားပြီး ဆံပင်ရှည်ရှည်တွေကိုတော့ ကျောပေါ်မှာဖြန့်ချထားလေရဲ့။

'အောင်ကျော်မြင့်က...နင်ငါ့ကိုအရေးတကြီးတွေ့ချင်နေတယ်လို့ လာပြောလို့ ပါလာခဲ့တာ။ ဘာဖြစ်လို့လဲ မုတ်သုန်။ နင်ထန်းရည်မူးနေပြန်ပြီလား။'

သူမစကားကြောင့် ကျွန်တော်နှစ်နှစ်ခြိုက်ခြိုက်ပြုံးလိုက်မိတယ်။

ဒီနေ့ အဖို့တော့ ဒါဟာပထမဆုံးပြုံးရတာပါလေ။

'မဟုတ်ပါဘူး သံစဉ်ရယ်။ ငါ ထန်းရည်မမူးပါဘူး။ ပြီးတော့နောက်ကိုလည်း ဘယ်တော့မှ ထန်းရည်မသောက်တော့ပါဘူးဟာ။ ငါကတိပေးပါတယ်'

'ဒါဖြင့်...ဘာလို့ရှိန်းတာလဲ ဟင်။ ဒီနေ့ နင့်တွေ့ရမယ့်လူက ငါမဟုတ်ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



လေပြေသွေးမတုတ်လား'

'ငါ…သူနဲ့တွေ့ပြီးပါပြီ။ ဒီဆိုင်မှာပဲ စောစောတုန်းကတွေ့လိုက်တာ'

'အဲဒါဆို နင်တို့လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးလိုက်ကြပြီပေါ့နော်'

သံစဉ်က မဝံ့မရဲလေသံနဲ့ မေးလာတာပါ။

သူမမေးတဲ့အတိုင်းလည်း ဖြစ်ခဲ့ပြီးပြီလို့ထင်မြင်ယူဆနေပုံမျိုးမို့ ကျွန်တော် ရယ်ချင်သွားတယ်။

'ပေါက်ပေါက်ရှာရှာသံစဉ်ရယ်။ ငါသူ့ကို မဖြစ်နိုင်တဲ့အကြောင်းရှင်းပြ လိုက်တာပါ။ ရွှေ ရွှေချင်းထပ်မှ မြတ်မယ်။ ကြေးကတော့ ကြေးနဲ့ပဲစပ်ရလိမ့် မယ်လို့ပြော လိုက်တာ'

သံစဉ့်မျက်လုံးတွေပြတ်ခနဲ အရောင်လက်သွားပါတယ်။

ဒါပေမယ့် ကျွန်တော် ရိပ်မိမှာစိုးလို့ ထင်ပါတယ်။

ချက်ချင်းပဲ ခေါင်းငုံ့လိုက်တယ်။

'အဲဒီတော့ သူက စိတ်မဆိုးဘူးလား'

'စိတ်မကောင်းတော့ ဖြစ်သွားတာပေါ့'

'သနားပါတယ်'

'နင်သနားရမှာက သူ့ကိုမဟုတ်ဘူး သံစဉ်။ ငါ့ကိုပါ…'

'ဘာကြောင့်လဲ'

သံစဉ်မျက်လုံးလှန်ပြီး ကျွန်တော့်ကို မော့ကြည့်တယ်။

'ငါက…နင်နဲ့ ပြန်ခေါ်ချင်နေတာလေ'

'ဟုတ်လား…တကယ်ပဲလား'

'တကယ်ပေါ့ နင့်ကိုပေးဖို့ ပစ္စည်းတစ်ခုတောင်ယူလာသေးတယ် တော့ဒီ…မှာ'

ကျွန်တော် ကျောပိုးအိတ်ထဲက ကော်ပေတံအသစ်တစ်ချောင်းကိုထုတ်ပြီး သူမရှေ့ချပေးလိုက်တယ်။

'နင်…ငါ့ကိုပြန်ခေါ်ပါတော့သံစဉ်။ နင်မခေါ်ရင် ငါမနေတတ်ဘူး'





သူမ ကျွန်တော့်ကို မျက်စောင်းလှမ်းထိုးပါတယ်။

'ဘယ်သူက တကယ်မခေါ်ဘူးပြောလို့လဲ'

'အဖြင့်…ခေါ်မှာလား'

**'ငါ…နင့်ကို တိုးငယ်ငယ်လေးကတည်းက ခေါ်ချင်နေခဲ့တာပါ စိတ်သုန်ရယ်'**

လက်ညှိုးနဲ့လက်ခလယ်ကို လိမ်ယှက်ပြီး သူမရှေ့ကမ်းပေးလိုက်တော့ သူမက ဆွဲမဖြုတ်ပါဘူး။

ခေါ်မယ်ဆိုတဲ့သဘောနဲ့ ဖိညှစ်ပြီး ကျွန်တော့်လက်ကိုဆုပ်ကိုင် ထား လိုက်တယ်။

'ငါ နင့်ကို လက်ထပ်ပါရစေ သံစဉ်'

'ဟင်'

'တကယ်ပြောတာပါ။ ဒီနေ့မဟုတ်တောင်၊ ဒီလထဲမဟုတ်တောင် အိပ်မပေး တဲ့ တစ်ချိန်ချိန်မှာတော့ လက်ထပ်ခွင့်ပြုပါ သံစဉ်'

ကျွန်တော်အလေးအနက်ပြောလိုက်တော့ သူမက ပြုံးတယ်။

'ဖြစ်ပါတယ်။ ဒါပေမယ့်…ငါ့မှာ လင်ခရုဆာတော့ မရှိဘူးမှတ်သုန်'

'မလိုပါဘူးဟာ'

'ပြီးတော့…နင်ထန်းရည်မူးတဲ့အခါ ပေးဆိပ်စရာ ဟိုတယ်ခန်းလည်း မပိုင်ဘူး စုတ်သုန်ရဲ့'

'ကိစ္စမရှိပါဘူးဟာ။ နင့်မှာအချစ်ရှိရင် ပြီးတာပါပဲ'

ကျွန်တော် အဲ့ဒီလိုပြောလိုက်တော့ သူမကပြုံးပြီး ခုလိုပြန်ပြောပါတယ်။

'မချစ်လား။ သူဖျားနေတယ်လေ'…တဲ့။

■



www.burmeseclassic.com

www.burmeseclassic.com

# ၄

နောက်လပေါင်းများစွာကြာတဲ့ နေ့တစ်နေ့ရဲ့ ညနေခင်းတစ်ခုမှာ ကျွန်တော်နဲ့သံစဉ်လမ်းလျှောက်ထွက်လာခဲ့ကြတယ်။

ကားလမ်းမရဲ့တစ်နေရာရောက်တော့ ခပ်ချောချောကောင်မလေး တစ်ယောက် ကားဘီးပေါက်နေတာတွေ့လိုက်ရတယ်။

ဘေးနားမှာလည်း အမူးသမား နှစ်ယောက်က ကားဘီးလဲပေးမလို့လို့ ဝိုင်းရစ်နေကြလေရဲ့။

ကျွန်တော်တောင်းခနဲဖြစ်သွားပြီး အဲ့ဒီနေရာသွားဖို့ပြင်လိုက်တော့ သံစဉ်က ကျွန်တော့်လက်မောင်းကို ဖမ်းဆွဲထားတယ်။

ပြီးတော့လည်း ပြောသေးရဲ့။

'မမှတ်သေးဘူးလား မှတ်သုန်'...တဲ့။

'ဒါပေမယ့်...ကောင်မလေးတစ်ယောက်ထဲဟာ။ ယူ့ကောင်တွေ ဝိုင်းရစ်နေ





ကြတယ်လေ'

'ထားလိုက်ပါဟာ'

'ဟာ...ငါမသွားလို့ ဘယ်သူသွားမလဲ'

'ဟိုမှာ သွားလိမ့်မယ်'

လမ်းတစ်နေရာကို သံစဉ်မေးဆတ်ပြတယ်။

ကြည့်လိုက်တော့ မျက်နှာချင်းဆိုင်ကနေ အရောင်းဖျော့ဖျော့ ချုံးဘောင်းဘီဝတ်ထားတဲ့ကောင်လေးတစ်ယောက် လမ်းလျှောက်လာနေတယ်။

သူက ဒုက္ခရောက်နေတဲ့ကောင်မလေးအဖြစ်ကို တွေ့မြင်သွားပြီး ချက်ချင်းပဲ အဲဒီနေရာဆီကို လမ်းကူးသွားတယ်။

ပွဲကတော့ တကယ့်ကို ကြည့်ကောင်းမယ့်ပွဲပါ။

ဒါပေမယ့်...အဆုံးအထိတောင် မကြည့်လိုက်ရပါဘူး။

သံစဉ်က ဗိုက်ထဲတစ်မျိုး ဖြစ်လာတယ်ဆိုတာကြောင့် ချက်ချင်းပဲ ထိုက်ကားငှားပြီးအိမ်ပြန်ခဲ့ရတယ်။

မပြန်လို့လည်းမဖြစ်ဘူးလေ။

သံစဉ့်ဗိုက်က အခုတလောမီးပုံးပျံကြီးလိုဖောင်းကားနေတာမဟုတ်လား။

သံစဉ်ကပြောတယ်။ ယောကျ်ားလေးတော့မွေးချင်တယ်။ ဒါပေမယ့်. . . ခိုနဲ့တော့မစေချင်ဘူး. . .တာတဲ့။

ဒီတော့. . .လေပြေသွေးနဲ့တူတဲ့မိန်းကလေးမွေးပေါ့. လို့ကျွန်တော်က ပြောတော့ သူမကစိတ်ကောက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## နေနော် ● ထုတ်ဝေပြီးသော စာအုပ်များ

| | | | | | |
|---|---|---|---|---|---|
| ၁။ | အသက်သမျှ | ၉၁။၆ | ၉၆။၈ | | (ဗီဒီယို) |
| ၂။ | နေလောင်ပန်းတစ်ပွင့်၏သမိုင်း | ၉၁။၈ | ၉၅။၃ | ၀၄။၅ | (ဗီဒီယို) |
| ၃။ | အဆိပ်မိလိပ်ပြာ | ၉၂။၁ | ၉၇။၉ | | |
| ၄။ | အချစ်ရောင်ရင့်ရင့် | ၉၂။၂ | ၉၆။၁၁ | ၀၄။၃ | (ဗီဒီယို) |
| ၅။ | အက်ဆစ်ချို | ၉၂။၈ | ၉၄။၆ | ၀၈။၂ | (ဗီဒီယို) |
| ၆။ | ကြေကွဲကောင်းကင် | ၉၂။၁၀ | ၉၇။၁ | | (ဗီဒီယို) |
| ၇။ | နေနန်းနွယ်ရဲ့ည | ၉၃။၃ | | | (ဝတ္ထုတို) |
| ၈။ | အရှုတ္တဆူး | ၉၃။၄ | ၀၀။၆ | ၀၈။၉ | (ဗီဒီယို) |
| ၉။ | အလင်းဖျော့ကောင်းကင် | ၉၃။၇ | ၉၈။၆ | | (ရုပ်ရှင်) |
| ၁၀။ | အတွင်းကြေ | ၉၄။၄ | ၀၁။၁ | | (ဗီဒီယို) |
| ၁၁။ | သံမဏိဝတ်မှုန် | ၉၄။၁၀ | | | (ဝတ္ထုတို) |
| ၁၂။ | အက်ကြောင်း၏နိဒါန်း | ၉၅။၁ | ၀၁။၇ | | (ဗီဒီယို) |
| ၁၃။ | ဆုံမှတ်တစ်ခုမှဝေးရာဆီ | ၉၅။၈ | ၀၃။ | | (ဗီဒီယို) |
| ၁၄။ | နှောင်ကြိုးတစ်မျှင် | ၉၅။၁၀ | | | |
| ၁၅။ | ပျားရည်နှင်းစက် | ၉၆။၆ | ၀၇။၇ | | (ဗီဒီယို) |
| ၁၆။ | လေပြင်းခြွေတဲ့နွေ | ၉၇။၆ | ၀၄။၁၀ | | (ဗီဒီယို) |
| ၁၈။ | ကာရံပျက်ကဗျာ | ၉၈။၁ | ၀၅။ | | |
| ၁၉။ | ရင်ဘတ်ထဲကလိပ်ပြာ | ၉၈။၂ | ၀၃။၈ | | (ဗီဒီယို) |
| ၂၀။ | ကောင်းကင်ခါးခါး | ၉၈။၉ | ၀၅ | | (ဗီဒီယို) |
| ၂၁။ | လျော်ကြေး | ၉၈။၁၂ | ၀၄။၁၁ | | (ဗီဒီယို) |
| ၂၂။ | လမ်းလျှောက်သူများ | ၉၉။၆ | ၀၅။၅ | | |
| ၂၃။ | အိပ်မက်ရာသီ | ၉၉။၁၀ | ၀၅။ | | (ရုပ်ရှင်) |





## နေနော် ● ထုတ်ဝေပြီးသော စာအုပ်များ

| | | | | | |
|---|---|---|---|---|---|
| ၂၄။ | သင်၏ချစ်လှစွာသော | ၀၁။၃ | ၀၅။၈ | | (ရုပ်ရှင်) |
| ၂၅။ | မြစ်ကျိုးအင်း | ၀၀။၉ | ၀၅။၄ | | (ဗီဒီယို) |
| ၂၆။ | အကြေကောက် | ၀၀။၁၁ | | | (ဗီဒီယို) |
| ၂၇။ | တိမ်လွှာဝတ်ရုံ | ၀၁။၂ | | | (ဗီဒီယို) |
| ၂၈။ | ဆိပ်ကမ်းမဲ့တဲ့မြစ် | ၀၁။၅ | ၀၅။ | | (ဗီဒီယို) |
| ၂၉။ | နှင်းရှိုင်းခတဲ့ည | ၀၁။၈ | | | (ဗီဒီယို) |
| ၃၀။ | အာဒံပျိုးတဲ့ ပန်းခင်းလမ်း | ၀၂။၂ | | | (ဗီဒီယို) |
| ၃၁။ | နေနန်းနွယ်ရဲ့နှောင်ကြိုး | ၀၂။၉ | | | |
| ၃၂။ | မှော်နတ်သမီးရဲ့ | | | | |
| | အကြေကောက်ပုံပြင် | ၀၅။၉ | | | (ဗီဒီယို) |
| ၃၃။ | သက်ပြင်းတွေနဲ့ဖွဲ့ထားတဲ့သံစဉ် | ၀၅။၁၁ | | | |
| ၃၄။ | မှော်အတတ်နဲ့လုပ်ထားတဲ့ | | | | |
| | စကားလုံးတွေရဲ့ပဥ္စလက် | ၀၆။၈ | | | |
| ၃၅။ | နှင်းစက်ကကြိုး | ၀၇။၁၂ | | | (ဗီဒီယို) |
| ၃၆။ | သင်နှင့်တကွ | | | | |
| | အပေါင်းပါများ သိသာရန် | ပကြိမ် | ၀၉။၃ | | (ဝတ္ထုတို) |
| ၃၇။ | သင်ကိုယ်တိုင်ဖြစ်စေသင်၏ကိုယ် | | | | |
| | စားချစ်ခွင့်ရှိသူနှလုံးသားမှဖြစ်စေ | ပကြိမ် | ၀၉။၈ | | (ဗီဒီယို) |
| ၃၈။ | ဖြောင့်ချက် | ပကြိမ် | ၀၉။၁၀ | | |

| | | | |
|---|---|---|---|
| ယခု။ | နာကျင်မိနစ် | ပကြိမ် | ၂၀၀၉။၁၁ |



www.burmeseclassic.com

www.burmeseclassic.com



**NEXT**

## ပန်းသွတ်မိုး

ခင်ပွန်းသည်မှာ စိတ်ကျဝေဒနာ ခံစားနေရတဲ့အတွက်
ဇနီးလုပ်သူက လင်ယောက်ျား ပျော်ရွှင်အောင်
ရည်းစားထားဖို့ စီစဥ်ပေးတယ်
ကောင်မလေးတစ်ယောက်ကို အခကြေးငွေပေးပြီး
ခင်ပွန်းသည်ရဲ့ အတွင်းရေးမှူးအဖြစ် အလုပ်ခန့်ထားလိုက်တာပါ
ဒါပေမယ့် လောကကြီးမှာ ထင်သလိုတွေဖြစ်မလာတဲ့အခါ...





## < အိပ် မက် အ ဆန် ၃၈ >

ဖြစ်ချင်ခဲ့တဲ့အိပ်မက်တွေအတိုင်းစုန်ဆင်းရတာလွယ်တယ်၊
အိပ်မက်တစ်ခုစတင်ခဲ့ရာအရပ်ဆီ
ပြန်ပြီးဆန်တက်ရတာတော့

ခင် ဗျား ရဲ့ စီ ဒီ က
ကျွန် တော့် စက် မှာ မ ဖတ် ဘူး

ခင်ဗျားဖတ်တာကို
ကျွန်တော်နားမလည်ဘူး
ကျွန်တော်ယုံကြည်တာကိုလည်း
ခင်ဗျားက သဘောမကျပြန်ဘူး



www.burmeseclassic.com